မြစ်ဖုဒ္ဓ၏အဆုံးအမတရားများ

တစ်ခဲနက်ဖြစ်သော ကျောက်တောင်သည် အရပ်လေးမျက်နှာမှလာသောလေကြောင့် မတုန်မလှုပ်သကဲ့သို့ ပညာရှိတို့သည် ကဲ့ရဲ့ခြင်း၊ ချီးမွမ်းခြင်းတို့ကြောင့် မတုန်လှုပ်ကုန်။

ဓမ္မပဒ

# မြဝတီ နေ့စဉ်

အချိန်မီပြန့်ချိ သတင်းစုံသည် မြဝတီ

ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၄)၊ အမှတ်(၇၇)

၁၃၈၆ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၃ ရက်
၂၀၂၄ ခုနှစ်၊ ဇူလိုင် ၄ ရက်၊ ကြာသပတေးနေ့


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြှင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါသဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီး ဒေါ်ကြူကြူလှ ၂၀၂၄ ခုနှစ် မြန်မာအမျိုးသမီးများနေ့ အခမ်းအနားသို့ တက်ရောက်ချီးမြှင့်



မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီးဒေါ်ကြူကြူလှ ၂၀၂၄ ခုနှစ် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် ခင်းကျင်းပြသထားသည့် ထုတ်ကုန်ပစ္စည်းများကို ကြည့်ရှုလေ့လာအားပေးစဉ်။

**နေပြည်တော် ဇူလိုင် ၃**

၂၀၂၄ ခုနှစ် မြန်မာအမျိုးသမီးများနေ့ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန -၂ (MICC-II) ၌ ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီးဒေါ်ကြူကြူလှ တက်ရောက်ချီးမြှင့်သည်။

အခမ်းအနားသို့ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယကများဖြစ်ကြသည့် ဒေါ်ခင်သက်ဌေး၊ ဒေါ်သန်းသန်းနွယ်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး၏ဇနီး၊ တွဲဖက်အတွင်းရေးမှူး၏ ဇနီး၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ဒွဲဘူနှင့် ကောင်စီအဖွဲ့ဝင်များ၏ဇနီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ၏ဇနီး၊

**စာမျက်နှာ ၁၆ ကော်လံ ၁ ❍**

**ဆောင်းပါး**

**မြန်မာအမျိုးသမီးများကဏ္ဍမြှင့်တင်ရေး ပူးပေါင်းဆောင်ရွက်ပေး**

စာ - ၁၂ သို့

**"အငြိမ်းစားမိဘပြည်သူများသို့ အသိပေးကြေညာချက်"**

စာ - ၂၅ သို့

**နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် အခြေခံသမဝါယမ အသင်းသားများ စိုက်ပျိုးထားသော နှမ်းစပါးစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း**

စာ - ၈ သို့




## အယ်ဒီတာ့အာဘော်

(၂၀၂၄ ခုနှစ်၊ ဇူလိုင် ၄ ရက်)

# သဘာဝဘေးအန္တရာယ်ကြိုတင်ပြင်ဆင်ကာကွယ်

တပ်မတော်သည်နိုင်ငံတော်နှင့်ပြည်သူများအတွက် အမြဲအသင့်ရှိနေသည်။ ပြည်သူလူထုနှင့်ပတ်သက်လာလျှင် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ဥစ္စာကိုကာကွယ်စောင့်ရှောက်ပါ၊ ပြည်သူလူထု၏ အကျိုးစီးပွားကို အစဉ်ဦးထိပ်ထားပါဆိုသည့်ကျင့်ဝတ်များနှင့်အညီ ပြုမူဆောင်ရွက်လျက်ရှိသည်။ ပြည်သူလူထုဘဝတည်ငြိမ်အေးချမ်းစွာနေနိုင်ရေးအတွက် နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို စဉ်ဆက်မပြတ်ထမ်းဆောင်နေသကဲ့သို့ ပြည်သူ့အကျိုးပြုလုပ်ငန်းများကိုလည်း အချိန်နှင့်တစ်ပြေးညီဆောင်ရွက်လျက်ရှိသည်။ ယခုရက်ပိုင်းအတွင်း မြန်မာနိုင်ငံအထက်ပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဧရာဝတီမြစ်ရေမြင့်တက်လျက်ရှိပြီး မြစ်ကြီးနားမြို့ပေါ်ရှိရပ်ကွက်များနှင့်ကျေးရွာများအတွင်း ရေကြီးရေလျှံမှုများဖြစ်ပေါ်ခဲ့သည်။

အလားတူစစ်ကိုင်းတိုင်းဒေသကြီးအတွင်း၌လည်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ချင်းတွင်းမြစ်ရေမြင့်တက်လျက် ခန္တီးမြို့နယ်အတွင်းရှိ ရပ်ကွက်အချို့တွင် မြစ်ရေဝင်ရောက်ခဲ့သည်။ မြစ်ရေဝင်ရောက်မှုဖြစ်ပေါ်လျက်ရှိသည့် မြစ်ကြီးနားမြို့နှင့်ခန္တီးမြို့တို့ရှိ ရေဘေးသင့်ပြည်သူများအား တပ်မတော်သားများနှင့်အတူ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့်ဌာနဆိုင်ရာဝန်ထမ်းများက ရေဘေးကင်းလွတ်ရာနေရာများသို့ ကူညီရွှေ့ပြောင်းပေးခြင်း၊ သောက်ရေသန့်များ၊ စားသောက်ဖွယ်ရာများထောက်ပံ့ပေးခြင်း၊ ကျန်းမာရေးစောင့်ရှောက်ပေးခြင်းများလည်း ဆောင်ရွက်ပေးလျက်ရှိကြသည်။

သဘာဝဘေးအန္တရာယ်ကျရောက်ခြင်းကို ကြိုတင်သိရှိနိုင်ရန်မှာ မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှအချိန်နှင့်တစ်ပြေးညီထုတ်ပြန်ချက်များကို နားထောင်ခြင်းပင်ဖြစ်သည်။ လက်ရှိအခြေအနေတွင် ထုတ်လွှင့်ပေးနေသည့် မြစ်ရေဆိုင်ရာသတင်းထုတ်ပြန်ချက်များကို စဉ်ဆက်မပြတ်သိရှိနေရန်လိုသည်။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနရှိ အရေးပေါ်အခြေအနေစီမံခန့်ခွဲမှုဗဟိုဌာန(EOC)ကလည်း နိုင်ငံတကာဝက်ဘ်ဆိုက်များကို စောင့်ကြည့်လေ့လာ၍ မိုးရွာသွန်းမှုအခြေအနေများ၊ မြစ်ရေအခြေအနေများကို ပြည်သူများအားအသိပေးလျက်ရှိသည်။ ပြည်သူများအနေဖြင့် နိုင်ငံပိုင်မီဒီယာကြီးများနှင့် ဆိုရှယ်မီဒီယာများမှတစ်ဆင့် စဉ်ဆက်မပြတ်ကြိုတင်ကာကွယ်ရေးဆိုင်ရာဆောင်ရန်၊ ရှောင်ရန်အချက်များကို လိုက်နာဆောင်ရွက်ခြင်းဖြင့် သဘာဝဘေးအန္တရာယ်ကြောင့်ဖြစ်ပေါ်လာမည့်ဒုက္ခများမှ ရှောင်လွှဲနိုင်ကြမည်ဖြစ်သည်။

ပြည်သူများအနေဖြင့် မိမိတို့နေထိုင်ရာနေရာသည် မိုးအများအပြားရွာသွန်းမှုဖြစ်ပေါ်ပါက မြေပြိုခြင်း၊ တောင်ပြိုခြင်းအန္တရာယ်၊ တောင်ကျချောင်းရေကျဆင်းတိုက်စားမည့်အန္တရာယ်၊ မြစ်ရေဝင်ရောက်မည့်အန္တရာယ်တို့ဖြစ်ပေါ်နိုင်ခြင်းရှိ မရှိတို့ကို ကြိုတင်ခန့်မှန်းသိရှိထားရပေမည်။ ပထဝီအနေအထားအရ ထိုသို့ဖြစ်ပေါ်နိုင်သည့်နေရာများတွင်ရှိနေပါက ကြိုတင်မှန်းဆကာ အန္တရာယ်ကာကွယ်နိုင်ရေးအတွက် လိုအပ်သည့်ပြင်ဆင်မှုများကို ကြိုတင်ဆောင်ရွက်ထားကြရမည်ဖြစ်သည်။ တစ်စုံတစ်ရာအရေးပေါ်ကြုံလာလျှင် မိမိတို့အတွက်လုံခြုံစိတ်ချရမည့်နေရာများကိုလည်း ကြိုတင်တွက်ဆထားရမည်။ ကုန်းမြင့်ဒေသတွင်တည်ရှိသည့် ဘုရားပုထိုးစေတီများနှင့်ဘုန်းတော်ကြီးကျောင်းများမှာ သဘာဝဘေးအန္တရာယ်အတွက် ဘေးကင်းနိုင်သည့်နေရာများဖြစ်သည်။

မြန်မာနိုင်ငံမြောက်ပိုင်းဒေသများတွင် မိုးသည်းထန်စွာရွာသွန်းခြင်း၊ တောင်ကျရေများကျဆင်းခြင်းနှင့် မြစ်ရေကြီးခြင်းတို့မှာ မြန်မာနိုင်ငံအလယ်ပိုင်းဒေသ ချင်းတွင်းနှင့်ဧရာဝတီမြစ်ဝှမ်းဒေသများဖြစ်သည့် စစ်ကိုင်း၊ မကွေး၊ မန္တလေးတိုင်းဒေသကြီးတို့တွင် ဆက်လက်ဖြစ်ပွားလာနိုင်သည်။ ထိုမှတစ်ဆင့် မြန်မာနိုင်ငံအောက်ပိုင်းသို့ ဆက်လက်ဖြစ်ပွားလာနိုင်သည်။ ဧရာဝတီမြစ်သည်မြောက်ဘက်မှတောင်ဘက်သို့စီးဆင်းပြီး မြစ်ဝကျွန်းပေါ်ဒေသများမှတစ်ဆင့်ပင်လယ်သမုဒ္ဒရာအတွင်း စီးဆင်းခြင်းဖြစ်သည်။ မြစ်ကမ်းအနီးအနားတွင် နေထိုင်ကြသူများ၊ မြေနိမ့်ပိုင်းတွင်နေထိုင်ကြသူများအနေဖြင့် မီဒီယာများမှတစ်ဆင့် ထုတ်ပြန်ပေးနေသည့် မိုးလေဝသနှင့်ဇလဗေဒသတင်းထုတ်ပြန်ချက်များ၊ သက်ဆိုင်ရာတာဝန်ရှိသူများက ကြိုတင်သတိပေးနေမှုများကို အထူးဂရုပြုလိုက်နာဆောင်ရွက်ခြင်းဖြင့် ကြိုတင်ကာကွယ်မှုပြုကြရမည်ဖြစ်သည်။

မြန်မာနိုင်ငံ၌ နှစ်စဉ်ဇူလိုင်လ၊ ဩဂုတ်လတို့တွင် ရေဘေးအန္တရာယ်နှင့်ကြုံတွေ့ရလေ့ရှိပြီး မိုးရွာသွန်းမှု၊ မြစ်ရေကြီးမှုအခြေအနေများအရ ပုံမှန်ရေကြီးရေလျှံမှုများအပြင် အချိန်တိုအတွင်း မိုးရေချိန်များပြားစွာရွာသွန်းမှုကြောင့် လျှပ်တစ်ပြက်ရေကြီးခြင်းများ၊ တောင်ပြိုခြင်းနှင့်မြေပြိုခြင်းတို့ကိုလည်း ကြုံတွေ့နိုင်သည်။ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် ရေဘေးဖြစ်ပွားမှုအကြိမ်ရေ ၁၄၄ ကြိမ် ဖြစ်ပွားခဲ့ပြီး နေအိမ်အဆောက်အအုံပေါင်း ၂၇၉ လုံး ထိခိုက်ပျက်စီးခဲ့သည့်အပြင် လူနှင့်တိရစ္ဆာန်သေဆုံး၊ ထိခိုက်/ဒဏ်ရာရမှုများပြားလှသည့်ဘေးအန္တရာယ်တစ်ခုဖြစ်သည်။

ပြည်သူများအနေဖြင့် ရေကြီးခြင်းသတိပေးချက်ရလျှင် အရေးပေါ်သုံးပစ္စည်းများ၊ စားရေရိက္ခာနှင့်အရေးကြီးစာရွက်စာတမ်းများကိုမိမိနှင့်အတူထားရှိပါ။ မိသားစုဝင်များကွဲကွာသွားပါက ပြန်လည်ဆက်သွယ်ရန် ဖုန်းနံပါတ်၊ အမည်၊ ရပ်ကွက်၊ ကျေးရွာ၊ မြို့၊ ဆက်သွယ်ရမည့်သူ စသည်တို့အားရေးသားပြီး မိသားစုဝင်တိုင်းယူဆောင်ထားပါ။ အန္တရာယ်ရှိနိုင်သောမာပတ်ကြိုးများ၊ မာပတ်တိုင်၊ သစ်ပင်သစ်ကိုင်းများကို သတိပြုရှောင်ရှားပါ။ အသက်ဉာဏ်စောင့်ဟူသောစကားအတိုင်း ကိုယ့်အသက်ကိုဉာဏ်ပညာဖြင့် ဆင်ခြင်သုံးသပ်နေထိုင်ကြရန်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။ ။

အပြည်ပြည်ဆိုင်ရာသမဝါယမနေ့

၂၀၂၄ ခုနှစ်၊ ဇူလိုင်လ (၆) ရက် ( စနေနေ့ )



#CoopsDay

International Day of Cooperatives
Cooperatives Build a Better Future for All
6th july 2024

International Co-operative Alliance

" Cooperatives Build a Better Future for All "

"အနာဂတ်ဘဝ ပိုမိုကောင်းမွန်ရေး သမဝါယမက ဆောင်ရွက်ပေး"

နေပြည်တော်၊ လူမှုရေး

# အသက်မွေးဝမ်းကျောင်းအထောက်အကူပြု ဆပ်ပြာဆီနှင့်ခေါင်းလျှော်ရည်ပြုလုပ်နည်းသင်တန်း ဖွင့်လှစ်သင်ကြား

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် ပေါက်ပင်သာကျေးရွာ၌ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု ဆပ်ပြာဆီနှင့်ခေါင်းလျှော်ရည်ပြုလုပ်နည်းသင်တန်းဖွင့်ပွဲအခမ်းအနားကို ဇူလိုင်လ ၂ ရက်တွင် ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးညီညီထွေးက သင်တန်းသူများအနေဖြင့် ဆပ်ပြာဆီနှင့်ခေါင်းလျှော်ရည်ပြုလုပ်နည်း အတတ်ပညာရပ်များကို တတ်မြောက်အောင်သင်ယူပြီး အရည်အသွေးကောင်းမွန်အောင်ပြုလုပ်ရန်၊ ထုပ်ပိုးစနစ်ကောင်းမွန်အောင် ကြိုးစားကြရန်၊ တစ်ဖက်တစ်လမ်းမှ မိသားစုဝင်ငွေရရှိအောင် ဆိုင်ကြီးများသို့ တင်ပို့ရောင်းချနိုင်သည်အထိ ဆောင်ရွက်ကြရန်မှာကြားသည်။ ထို့နောက် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်မင်းထွန်းက သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းတွင် သင်တန်းသူ ၂၂ ဦး တက်ရောက်လျက်ရှိပြီး သင်တန်းကာလ ဇူလိုင်လ ၂ ရက်မှ ၁၆ ရက်အထိ သင်တန်းနည်းပြ ဆရာမများက စာတွေ့၊ လက်တွေ့ပို့ချသင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။ (၄၁၃)

## Myawady Digital Set Top Box ထုတ်နတ်ရှုမြင်အစီအစဉ်

၄-၇-၂၀၂၄(ကြာသပတေးနေ့)

မြဝတီရုပ်မြင်သံကြား

၁။ ၆း၀၂ နိုင်ငံတော်သီချင်း
၂။ ၇း၂၅ ဓမ္မပူဇာတေး
၃။ ၇း၃၀ ကိုယ်လက်လှုပ်ရှားအားကစား
၄။ ၈း၀၀ မြဝတီရုပ်မြင်သံကြားသတင်း
၅။ ၉း၁၅ ကျန်းမာသုတ
၆။ ၁၁း၃၅ ပန်းရောင်စုံသင်းပျံ့မွှေး မြန်မာတိုင်းရင်းဆေး
၇။ ၁၁း၅၅ သီချင်းလက်ဆောင်
၈။ ၁၃း၄၀ ခရီးလည်းသွားစကားလည်းဆို
၉။ ၁၆း၂၅ မျိုးချစ်တပ်မတော်
၁၀။ ၁၆း၅၀ ဟန်ချက်ညီညီနိုင်ငံတော်သစ်ဆီ
၁၁။ ၁၈း၄၅ ပြည်သူ့ကြားက ပြည်သူ့စကား
၁၂။ ၁၉း၀၀ (၃၈)ဖြာမင်္ဂလာ
၁၃။ ညစာနာရီသတင်းအပြီး ဗွီတာဝန်အရေး(၃)ပါး
၁၄။ အတွေးအမြင်
၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
၁၆။ တရားတော်
၁၇။ သင့်အတွက်မနက်ဖြန်

MWD Variety Channel

၁။ ၉း၃၄ လောကကိုအလှဆင် ပန်းတို့ဥယျာဉ်
၂။ ၁၀း၁၅ စားရေရိက္ခာဖူလုံဖို့ စိုက်ပျိုးမွေးမြူထုတ်လုပ်စို့
၃။ ၁၁း၄၅ ကြယ်ပွင့်များရဲ့ခြေလှမ်းသစ်
၄။ ၁၂း၅၀ သတိမမူ ဂူမမြင်
၅။ ၁၄း၃၄ ကမ္ဘာတစ်ခွင် မှတ်တမ်းဝင်
၆။ ၁၆း၄၄ Variety Choice

မြဝတီ နေ့စဉ်
the Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်) အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။
**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉×၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁၊
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# ရေချိုကိုတန်ဖိုးထား ကမ္ဘာကြီးကိုစောင့်ရှောက်

**မော်သာထွေး(မန္တလေး)**

**ယမန်နေ့မှအဆက်**

## ကင်းတားဘက်စုံရေလှောင်တမံစီမံကိန်း

ဤကာလအတွင်း ကင်းတားဘက်စုံရေလှောင်တမံစီမံကိန်းကိုလည်း ဆောင်ရွက်ခဲ့သည်။ ကင်းတားဘက်စုံရေလှောင်တမံစီမံကိန်းသည် ကျောက်ဆည်မြို့နယ်အတွင်းရှိသည်ဟုဆိုသော်လည်း ရန်ကုန်-မန္တလေး ကားလမ်း ကူမဲမြို့မှအရှေ့စူးစူးမိုင် ၂၀ ခန့်တွင်ရှိသည်။ ပန်းလောင်မြစ်ကို ပိတ်၍ တမံတည်ဆောက်ထားခြင်းဖြစ်သည်။ ပန်းလောင်မြစ်သည် ရှမ်းပြည်နယ် ရွာငံမြို့ဝန်းကျင်မှ မြစ်ဖျားခံစီးဆင်းလာသည့်မြစ်ဖြစ်သည်။

ဤစီမံကိန်းသည် ဘက်စုံအကျိုးရှိစေခဲ့သည့် စီမံကိန်းတစ်ခုဖြစ်ခဲ့သည်။ မြန်မာနိုင်ငံအလယ်ပိုင်း မြစ်သား၊ ကျောက်ဆည်၊ ဝမ်းတွင်း၊ တံတားဦး အစရှိသောမြို့နယ်များအတွက် လယ်ယာမြေဧက ၂၀၁၅၀၀ (၈၁၅၀၀ ဟက်တာ) ခန့်ကို နွေ၊ မိုး၊ ဆောင်းသီးနှံစုံနှစ်ပတ်လည်စိုက်ပျိုးနိုင်ရန် ရေပေးဝေနိုင်ခဲ့သည်။

မူလရှိပြီး လယ်ယာများကို စနစ်တကျပြုပြင်ခြင်း ဧက ၃၅၆၀၀ နှင့် နောက်ထပ်တိုးချဲ့လယ်ယာမြေဖော်ထုတ်ပေးခြင်း ဧက ၄၅၉၀၀ ကိုပါ ဆောင်ရွက်ခဲ့ပြီး တစ်ပြိုင်နက်ရေပေးဝေရန် စီစဉ်ခဲ့သည်။



ကင်းတားဘက်စုံရေလှောင်တမံနှင့် ဓာတ်အားပေးစက်ရုံ

မြန်မာနိုင်ငံ၏ နေ့စဉ်ဓာတ်အားအမြင့်ဆုံးလိုအပ်သောအချိန်များတွင် တပ်ဆင်အင်အား ၅၆ မဂ္ဂါဝပ် (၂၈×၂ မဂ္ဂါဝပ်) ဖြင့် ဓာတ်အားထုတ်လုပ်ဖြည့်ဆည်းပေးသည်။ ဒီဇိုင်းအရ ဓာတ်အားထုတ်လုပ်မှုမှာ နှစ်စဉ် ကီလိုဝပ်နာရီသန်း(ယူနစ်သန်း) ၁၆၅ ကို ၁၉၈၆ ခုနှစ်မှစ၍ ထုတ်လုပ်ပေးခဲ့သည်။

ထို့ပြင် နှစ်စဉ်ပန်းလောင်မြစ်ရေကြီးချိန်တွင် ရေလွှမ်းလေ့ရှိသော ဧရိယာဧက ၉၈၈၀(၄၀၀၀ ဟက်တာ)ကို ကာကွယ်ရန်အတွက် ၃၂ ဒသမ ၇ မိုင်(၅၁ ကီလိုမီတာ) ရှည်လျားသော ရေကာတာ(ပန်းတာ) တစ်ခုကိုပါ ဆောင်ရွက်ပေးခဲ့သည်။

ရေထိန်းတမံ (Weir) တစ်ခုကို ကင်းတားဘက်စုံရေလှောင်တမံ အောက်ဘက် မိုင်အနည်းငယ်ခန့်အကွာတွင် တည်ဆောက်ထားသည်။ ရည်ရွယ်ချက်မှာ အချိန်ပိုင်းဓာတ်အားလိုအပ်ချက်အရ ဓာတ်အားပေး



ကင်းတားဓာတ်အားပေးစက်ရုံ(၅၆ မဂ္ဂါဝပ်) မြေပေါ်မြင်ကွင်း

စက်ရုံမှ မောင်းနှင်ထုတ်ပေးလိုက်သောရေကို ယာယီထိန်းသိမ်း၍ လက်ဝဲ၊ လက်ယာတူးမြောင်းကြီးများမှတစ်ဆင့် လက်တံမြောင်းများဖြင့် အဆင့်ဆင့် လိုအပ်သလိုထိန်းညှိ၍ ရေပေးနိုင်ရန်ဖြစ်သည်။ ဤရေထိန်းတမံကိုလည်းကောင်း၊ ကင်းတားဘက်စုံရေလှောင်တမံတွင် တွဲဖက်ပါဝင်နေသောဓာတ်အားပေးစက်ရုံနှင့်ဆက်စပ်လုပ်ငန်းများကိုလည်းကောင်း၊ လျှပ်စစ်ဌာန (ရေအားလျှပ်စစ်)မှ ကြီးကြပ်ဆောင်ရွက်ခဲ့သည်။ ကင်းတားဘက်စုံရေလှောင်တမံတည်ဆောက်မှု၊ လယ်ယာမြေပြုပြင်မှု၊ ရေပေးဝေရေး၊ တူးမြောင်းများဆောင်ရွက်မှုတို့ကို ဆည်မြောင်းဦးစီးဌာနမှ ဆောင်ရွက်ခဲ့သည်။

ထိုခေတ်ထိုအခါက မြန်မာနိုင်ငံ၌ အကြီးဆုံးရေလှောင်ပမာဏကို သိုလှောင်နိုင်သည့်တမံ၊ အမြင့်ဆုံးတမံ၊ တစ်ခုတည်းသောကျောက်ဖြည့်တမံဖြစ်ခဲ့သည်။ တမံအမြင့်မှာ ၂၃၆ ပေ(၇၂မီတာ) မြင့်ပြီး စုစုပေါင်းရေသိုလှောင်ပမာဏမှာ ဧကပေ ၈၇၃၅၈၀ (ကုဗမီတာသန်းပေါင်း ၁၀၇၂) ရှိသည်။

တမံတည်ဆောက်မှုနှင့် တွဲဖက်ပါဝင်လာသော ဓာတ်အားပေးစက်ရုံသည်လည်း အထပ် ၁၂ ထပ်ပါရှိသော မြေအောက်တစ်ဝက် (Semi-underground) ဓာတ်အားပေးစက်ရုံဖြစ်သလို တမံအတွင်းမှ ရေသွယ်ယူမှုတွင်လည်း ကျောက်တောင်ကို ဥမင်လိုဏ်ဖောက်လုပ်၍ သွယ်ယူထားသည်။

ဂျာမနီနိုင်ငံ၏ နာမည်ကြီးအတိုင်ပင်ခံအင်ဂျင်နီယာအဖွဲ့ဖြစ်သော Lahmeyer International(LI) က အတိုင်ပင်ခံအဖြစ် ဆောင်ရွက်သည်။ မျိုးဆက်သစ်အင်ဂျင်နီယာများအတွက် အတွေ့အကြုံသစ်များနှင့် ဘာသာရပ်ဆိုင်ရာဗဟုသုတအသစ်များ မြောက်မြားစွာရရှိစေခဲ့သည်။ ထိုစဉ်က စာရေးသူသည် ဆည်မြောင်းဦးစီးဌာန ဆည်တော်ကြီးဘက်စုံရေလှောင်တမံစီမံကိန်းတွင် ပုတ်ပြတ်အင်ဂျင်နီယာအငယ်စားတစ်ဦးအဖြစ် တာဝန်ထမ်းဆောင်ချိန်တွင် သက်ဆိုင်ရာဌာနတာဝန်ရှိသူများ၏ စီမံပေးမှုအရ မကြာခဏ ကင်းတားဘက်စုံရေလှောင်တမံစီမံကိန်းလုပ်ငန်းများကို သွားရောက်လေ့လာခွင့်ရခဲ့သည်။

မြန်မာ့ဆည်မြောင်းနှင့် လျှပ်စစ်သမိုင်းတွင် ကင်းတားဘက်စုံရေလှောင်တမံစီမံကိန်းတွင် ကျောက်သားကိုဖောက်၍ မြေအောက်တစ်ဝက်ဓာတ်အားပေးစက်ရုံတည်ဆောက်ခြင်းနှင့် ရေလွှဲခြင်း၊ ရေယူခြင်းလုပ်ငန်းသုံးမည့် ဥမင်လိုဏ်ဖောက်ခြင်းတို့သည် ပထမဆုံးအတွေ့အကြုံဖြစ်သည်။ လုပ်ငန်းအများစုကို တောင်ကိုရီးယားနိုင်ငံ ဟွန်ဒိုင်းကုမ္ပဏီ (Hyundai Company) မှ ကန်ထရိုက်စနစ်ဖြင့် ဆောင်ရွက်သည်။

ဤစီမံကိန်းလုပ်ငန်းများကို ကမ္ဘာ့ဘဏ် (World Bank)၊ ဂျာမနီကေအက်ဖ်ဒဗလျူ (KFW)၊ ဂျပန်အပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးမှုအထောက်အပံ့ (ODA)တို့မှ အတိုးနှုန်းသက်သာသော ချေးငွေများချေးငှား၍ ဆောင်ရွက်ခဲ့သည်။

ယခုဖော်ပြခဲ့သော ဆည်တော်ကြီးဘက်စုံရေလှောင်တမံစီမံကိန်းနှင့် ကင်းတားဘက်စုံရေလှောင်တမံစီမံကိန်းကြီး ဆောင်ရွက်နိုင်ခဲ့၍ သိသာသောတိုးတက်ဖြစ်ထွန်းမှုများကို လေ့လာနိုင်ရန် အချက်အလက်တချို့ဖော်ပြပါဦးမည်။ ဤစီမံကိန်းကြီးနှစ်ခုဖြစ်မြောက်ရေးအတွက် ၁၉၇၄ ခုနှစ်မှစ၍ ကမ္ဘာ့ဘဏ်နှင့်အာရှဖွံ့ဖြိုးရေးဘဏ်တို့မှ ပညာရှင်များ မြန်မာနိုင်ငံသို့ အကြိမ်ကြိမ်ရောက်ရှိပြီး သက်ဆိုင်ရာဌာနများ၊ ဝန်ကြီးဌာနများ၊ အစိုးရအကြီးအကဲအထိ အဆင့်ဆင့်ညှိနှိုင်းပြီး အတိုးအနည်းဆုံးချေးငွေရရှိရေး ဆောင်ရွက်ခဲ့သည်ကိုလည်း မေ့ထား၍မရပါ။

ဤဆည်ကြီးများနှင့်အလားတူ ကမ္ဘာ့အဖွဲ့အစည်းဝင်ဘဏ်များ၏ အကူအညီဖြင့်ဆောင်ရွက်ခဲ့သော ငလိုက်ရေလှောင်တမံစီမံကိန်း၊ အောက်မြန်မာပြည်စပါးဖွံ့ဖြိုးမှုလုပ်ငန်းစီမံကိန်း အပိုင်း(၁)နှင့် အပိုင်း (၂)၊ တောင်နဝင်းရေလှောင်တမံစီမံကိန်းစသည်တို့သည် လမ်းစဉ်ပါတီခေတ်ကာလက အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် ဝင်ဆံ့စွာဆက်ဆံပြီး ရရှိလာသောအသီးအပွင့်များဖြစ်သည်။

နိုင်ငံတကာချေးငွေဖြစ်သည့်အတွက် ဆည်တော်ကြီးဘက်စုံရေလှောင်တမံနှင့် ကင်းတားဘက်စုံရေလှောင်တမံစီမံကိန်းများ၏ ကြိုတင်ပြင်ဆင်မှုကာလမှာ ခုနစ်နှစ်ခန့်အထိ အချိန်ယူခဲ့ကြရသည်။ အမှန်တကယ်တည်ဆောက်မှုကာလမှာ ငါးနှစ်ခန့်သာကြာခဲ့သည်။ စုစုပေါင်း ၁၂ နှစ်ခန့်ကြာသွားသည်။

ဤစီမံကိန်းကြီးများ မဆောင်ရွက်မီက မြန်မာနိုင်ငံအလယ်ပိုင်းမှ မတ္တရာ၊ ပုသိမ်ကြီး၊ မန္တလေး၊ အမရပူရ၊ မြစ်သား၊ ကျောက်ဆည်၊ ဝမ်းတွင်း၊ တံတားဦး အစရှိသည့် မြို့နယ်များတွင် လယ်ယာစိုက်ပျိုးရေးအတွက် ရေအခြေအနေ မည်သို့ရှိခဲ့သနည်း။ မိုးရေချိန်လက်မ ၃၀ မှ ၄၀ ခန့်အထိသာ ရွာသွန်းသော မိုးနည်းရေရှားဒေသတွင် မည်သို့ဝမ်းစာရှာခဲ့ကြပါသနည်း။ ပဲ၊ ပြောင်း၊ နှမ်း၊ ဝါနှင့် နှစ်ရှည်သီးနှံပင်မှအစ ရေမရှိ၍ မစိုက်ပျိုးနိုင်သော မြေများပေါ်တွင် မည်သို့ဝမ်းရေးဖြေရှင်းနေခဲ့ကြပါသနည်း။

စာရေးသူသည် မန္တလေးဇာတိဖြစ်ပြီး ဆည်ကြီးများတည်ဆောက်ချိန်တွင် အသက် ၂၅ နှစ်ဝန်းကျင်ဖြစ်၍ ယင်းဆည်ကြီးများမရှိမီကာလ ဤဒေသများ၏ဝန်းကျင်တွင် ဝါဆို၊ ဝါခေါင်မှာပင် နေရောင်ကြောင့် တံလျှပ်ထနေသော ကွင်းပြင်ကြီးများအကြောင်း ကောင်းကောင်းသိခဲ့သည်။ ဆူးပင်၊ ချုံပင်များသာ ဖုံးလွှမ်းနေသော ကွင်းပြင်များကို မြင်တွေ့ခဲ့ဖူးသည်။ ဆည်တော်ကြီးဘက်စုံရေလှောင်တမံစီမံကိန်းနှင့် ကင်းတားဘက်စုံရေလှောင်တမံစီမံကိန်းကာလ ၁၉၈၀ ပြည့်နှစ်များတွင်လည်း ဤဒေသအားလုံးကို သွားလာလှုပ်ရှားခဲ့ဖူးသူလည်းဖြစ်ခဲ့သည်။ စီမံကိန်းများပြီးစီးသည့်နောက်တွင်လည်း ဤဒေသ ဤစက်ရုံများနှင့် တာဝန်အရ ရင်းရင်းနှီးနှီးဆက်ဆံခဲ့ရပြန်သည်။

အခြေအနေမှာ တခြားစီဖြစ်သည်။ အကျိုးရှိလား၊ မရှိလား ဒေသခံပြည်သူများက ပို၍သိကြလိမ့်မည်။ အသက် ၅၀ ကျော် ၆၀ ဝန်းကျင်နှင့်အထက်ဒေသခံများက ပို၍သိကြပါလိမ့်မည်။

**ဆက်လက်ဖော်ပြပါမည်။**

---

**ကျိုက်ထို၊ စိုက်ပျိုးရေး**

# ကျိုက်ထိုမြို့နယ်၌ စပါးမျိုးစေ့ချကိရိယာဖြင့် စိုက်ပျိုးပြသခြင်းဆောင်ရွက်



မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်၌ စပါးမျိုးစေ့ချကိရိယာ (Seeder)ဖြင့် စိုက်နည်းစနစ်မှန်ကန်ရေး လက်တွေ့အစေ့ချစိုက်ပျိုးပြသခြင်းကို ဇူလိုင်လ ၂ ရက်က ကော့ထင်းကျေးရွာ တောင်သူတစ်ဦး၏လယ်ယာမြေ၌ တာဝန်ရှိသူများ ပူးပေါင်းဆောင်ရွက်သည်။

ရှေးဦးစွာ စပါးမျိုးစေ့ချကိရိယာ (Seeder) ဖြင့် လက်တွေ့အစေ့ချစိုက်ပျိုးပြသခြင်းကို ကော့ထင်းကျေးရွာအုပ်စု ကွင်းအမှတ် (၁၂၅) ဦးပိုင်အမှတ် (၇၂/၁-က) ၌ပြုလုပ်ရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးတင့်လွင်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်စက်မှုလယ်ယာဦးစီးဌာန ဦးစီးမှူး ဦးထွန်းထွန်းဝင်းနှင့် တာဝန်ရှိသူတို့က ကြည့်ရှုအားပေးကာ ရှစ်တန်းသွားမျိုးစေ့ချကိရိယာဖြင့် မျိုးစေ့ချစိုက်ပျိုးရာ၌ ရရှိနိုင်မည့်အကျိုးကျေးဇူးများနှင့် လိုအပ်သည့်နည်းပညာပံ့ပိုးပေးနိုင်မှုများကို ပြောကြားသည်။

မွန်ပြည်နယ်အစိုးရအဖွဲ့ အနေဖြင့် ကျိုက်ထိုမြို့နယ်အတွင်းရှိ တောင်သူများအတွက် မျိုးစေ့ချကိရိယာ (Seeder) များကို အခမဲ့ပံ့ပိုးပေးပြီးဖြစ်ကြောင်း သိရသည်။

**ချမ်းမြေ့**

## အမျိုးသမီးများရဲ့အခွင့်အရေးများနဲ့ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုတွေကို ဥပဒေနဲ့အညီ အပြည့်အဝကာကွယ်စောင့်ရှောက် အကြမ်းဖက်မှုကျူးလွန်သူကို ထိရောက်စွာအရေးယူဆောင်ရွက်နိုင်ဖို့အတွက် တည်ဆဲဥပဒေများနှင့်အညီ အလေးထားဆောင်ရွက်

# မြန်မာအမျိုးသမီးများနေ့အခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြောကြားသည့်အဖွင့်မိန့်ခွန်း

(၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၃ ရက်)



❖ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်လုံခြုံရေး၊ ကာကွယ်ရေးလုပ်ငန်းတွေအပါအဝင် ဘက်ပေါင်းစုံ၊ ကဏ္ဍပေါင်းစုံ၊ နယ်ပယ်အသီးသီးမှာ ကာယအား၊ ဉာဏအားတွေနဲ့ စွမ်းစွမ်းတမံ သယ်ပိုးဆောင်ရွက်နေကြတဲ့ မြန်မာအမျိုးသမီးများရဲ့အခန်းကဏ္ဍဟာ အလွန်ကြီးမားတယ်ဆိုတာ အားလုံးအသိပဲဖြစ်. . .

❖ သင်ကြားရေးတာဝန်ထမ်းဆောင်နေသူ အမျိုးသမီးများအနေနဲ့ အခြေခံပညာမှာ ၈၃ ဒသမ ၆၉ ရာခိုင်နှုန်း၊ အဆင့်မြင့်ပညာမှာ ၈၇ ဒသမ ၈၉ ရာခိုင်နှုန်း၊ သိပ္ပံနဲ့နည်းပညာမှာ ၈၆ ဒသမ ၂၃ ရာခိုင်နှုန်း၊ ဆေးနဲ့နီးနွယ်ပညာမှာ ၈၀ ဒသမ ၃၉ ရာခိုင်နှုန်း သင်ကြားရေးတာဝန်ထမ်းဆောင်နေတဲ့အတွက် အမျိုးသမီးများပါဝင်မှုပမာဏကြီးမားကြောင်းတွေ့ရှိ. . .

❖ အဲဒီလို ပညာရည်မြင့်မားရေးနဲ့ လူငယ်များဗလငါးတန်ပြည့်ဝရေး၊ လူ့စွမ်းအားအရင်းအမြစ်များ ပြုစုပျိုးထောင်ရေးမှာ မိခင်များ၊ ဆရာမများဖြစ်ကြတဲ့ အမျိုးသမီးများရဲ့ အခန်းကဏ္ဍဟာ အလွန်အရေးကြီးတဲ့အတွက် အလေးထားဆောင်ရွက်ပေးကြဖို့ တိုက်တွန်းမှာကြားလို. . .

**အားလုံးမင်္ဂလာပါ**

ဒီနေ့ကျင်းပပြုလုပ်တဲ့ ၂၀၂၄ ခုနှစ်၊ မြန်မာအမျိုးသမီးများနေ့အခမ်းအနားကို တက်ရောက်လာကြတဲ့ ဧည့်သည်တော်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနဲ့ ပြည့်စုံကြပါစေ၊ ကျက်သရေမင်္ဂလာအပေါင်းနဲ့လည်း ပြည့်စုံကြပါစေလို့ ပထမဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။

၂၀၁၄ ခုနှစ်၊ လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းအရ ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ (၁)ရက်နေ့မှာရှိတဲ့ မြန်မာနိုင်ငံရဲ့ ခန့်မှန်းလူဦးရေ ၅၆ ဒသမ ၂ သန်းအနက် အမျိုးသမီးပါဝင်မှုဟာ ၂၉ ဒသမ ၄ သန်းဖြစ်တဲ့အတွက် နိုင်ငံ့လူဦးရေရဲ့ ထက်ဝက်ကျော်ဟာ အမျိုးသမီးများဖြစ်ပါတယ်။ မြန်မာနိုင်ငံဟာ တိုင်းရင်းသားလူမျိုးပေါင်း ၁၀၀ ကျော် မှီတင်းနေထိုင်တဲ့ ပြည်ထောင်စုဖြစ်တာနဲ့အညီ မတူကွဲပြားတဲ့ ရိုးရာယဉ်ကျေးမှု၊ ဓလေ့ထုံးစံတွေ၊ ဘာသာစကား၊ ဝတ်စားဆင်ယင်ထုံးဖွဲ့မှုနဲ့ သမိုင်းကြောင်း၊ ပထဝီဝင်အနေအထားအမျိုးမျိုးရှိကြပေမယ့်လည်း အမျိုးသမီးများအပါအဝင် တိုင်းရင်းသားအားလုံးဟာ စည်းလုံးညီညွတ်စွာနဲ့ ချစ်ခင်ရင်းနှီးစွာ ယှဉ်တွဲနေထိုင်ခဲ့ကြပါတယ်။

မြန်မာ့သမိုင်းစဉ်တစ်လျှောက် အမျိုးသမီးတွေဟာ မြန်မာ့လွတ်လပ်ရေးသမိုင်း၊ အမျိုးသားရေးသမိုင်း၊ နိုင်ငံရေးလှုပ်ရှားမှု သမိုင်းစဉ်အဆက်ဆက်မှာ အမျိုးသားတွေနဲ့ရင်ပေါင်တန်းပြီး စွန့်လွှတ်အနစ်နာခံမှု၊ ရဲဝံ့စွန့်စားမှုများနဲ့ ပါဝင်ခဲ့ကြပါတယ်။ ဒီနေ့ကာလ ပြည်ထောင်စုတစ်ဝန်းလုံး ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးကို အရှိန်အဟုန်နဲ့ ဆောင်ရွက်နေကြရာမှာလည်း ပြည်ထောင်စုဖွားတိုင်းရင်းသား မြန်မာအမျိုးသမီးထုစွမ်းအားကြီးကို မြင်တွေ့နေကြရပြီဖြစ်ပါတယ်။ ဒါ့အပြင် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်လုံခြုံရေး၊ ကာကွယ်ရေးလုပ်ငန်းတွေအပါအဝင် ဘက်ပေါင်းစုံ၊ ကဏ္ဍပေါင်းစုံ၊ နယ်ပယ်အသီးသီးမှာ ကာယအား၊ ဉာဏအားတွေနဲ့ စွမ်းစွမ်းတမံသယ်ပိုးဆောင်ရွက်နေကြတဲ့ မြန်မာအမျိုးသမီးများရဲ့အခန်းကဏ္ဍဟာ အလွန်ကြီးမားတယ်ဆိုတာ အားလုံးအသိပဲဖြစ်ပါတယ်။

ဒီနေ့ ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ (၃)ရက်နေ့မှာ ကျရောက်တဲ့ မြန်မာအမျိုးသမီးများနေ့ဟာ မြန်မာနိုင်ငံဒေသအသီးသီးမှာ နေထိုင်ကြတဲ့ မြန်မာအမျိုးသမီးများအားလုံးအတွက် ထူးခြားလေးနက်တဲ့ နေ့တစ်နေ့ဖြစ်ပါတယ်။ ဒီနေ့မှာ ကဏ္ဍအသီးသီးက စွမ်းဆောင်ရည်ရှိတဲ့ ထူးချွန်အမျိုးသမီးတွေကို ဂုဏ်ပြုချီးမြှင့်တဲ့နေ့လည်းဖြစ်တဲ့အတွက် မြန်မာအမျိုးသမီးများအားလုံးကို လှိုက်လှိုက်လှဲလှဲဂုဏ်ပြုပါကြောင်းနဲ့ အမျိုးသမီးများဘဝ သာယာလှပကြပြီး အစစအရာရာ အဆင်ပြေပါစေကြောင်း ဆန္ဒပြုဆုတောင်းအပ်ပါတယ်။

၁၉၉၅ ခုနှစ်က တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဘေဂျင်းမြို့မှာကျင်းပခဲ့တဲ့ စတုတ္ထအကြိမ်မြောက် ကမ္ဘာ့အမျိုးသမီးညီလာခံရဲ့ ဘေဂျင်းကြေညာစာတမ်းမှာ လုပ်ငန်းနယ်ပယ်အသီးသီးက အမျိုးသမီးများအားလုံး ဖွံ့ဖြိုးတိုးတက်စေဖို့ နိုင်ငံတိုင်းမှာ အမျိုးသမီးကော်မတီများဖွဲ့စည်းရန်ဆိုတဲ့ အချက်ပါရှိပါတယ်။ မြန်မာနိုင်ငံမှာလည်း အမျိုးသမီးများအားလုံး ဖွံ့ဖြိုးတိုးတက်စေရေးနဲ့ စွမ်းဆောင်ရည်မြင့်မားရေးတို့အတွက် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီကို ၁၉၉၆ ခုနှစ်၊ ဇူလိုင်လ (၃)ရက်နေ့မှာ ဖွဲ့စည်းခဲ့ပြီး အမျိုးသမီးများအရေးကို အဓိကထား ဆောင်ရွက်ပေးလျက်ရှိပါတယ်။ လေးစားဂုဏ်ယူဖွယ်ရာ စွမ်းဆောင်ရည်ရှိတဲ့ မြန်မာအမျိုးသမီးတွေကို ဂုဏ်ပြုသောအားဖြင့် ၁၉၉၈ ခုနှစ်ကစပြီး ဇူလိုင်လ (၃)ရက်နေ့မှာ မြန်မာအမျိုးသမီးများနေ့ အခမ်းအနားတွေကို နှစ်စဉ်ကျင်းပခဲ့ကြတာဖြစ်ပါတယ်။

မြန်မာနိုင်ငံရဲ့ ပညာရေးစနစ်မှာ မူလတန်းကြိုပညာရေး၊ အခြေခံပညာရေး၊ နည်းပညာနဲ့ သက်မွေးပညာရေး၊ အဆင့်မြင့်ပညာရေးတို့ပါဝင်ပြီး ပညာရေးကဏ္ဍနိမ့်ကျနေမှုကို မြှင့်တင်ဖို့ ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်လျက်ရှိပါတယ်။ ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းနေရေး၊ ကျောင်းနေတဲ့ကလေးတိုင်း အနည်းဆုံးအခြေခံပညာအဆင့်မှာ KG+9 အထိ ပြီးမြောက်အောင်သင်ယူရေးမူဝါဒကို ချမှတ်ဆောင်ရွက်လျက်ရှိပါတယ်။ ဒါ့အပြင် အချိန်မတိုင်မီကျောင်းမထွက်ကြစေရေး၊ တန်းစဉ်ကူးပြောင်းမှုမလျော့နည်းစေရေးနဲ့ အသက်မွေးဝမ်းကျောင်းပညာနဲ့ အဆင့်မြင့်ပညာများကို သင်ယူပြီးမြောက်ရေးအတွက် မိဘအုပ်ထိန်းသူများ၊ ဆရာ၊ ဆရာမများ၊ အုပ်ချုပ်ရေးတာဝန်ရှိသူများနဲ့ ပူးပေါင်းဆောင်ရွက်လျက်ရှိရာမှာ ကျား၊ မ ခွဲခြားမှုမရှိဘဲ တန်းတူရည်တူပညာသင်ကြားခွင့်ရရှိဖို့ ဆောင်ရွက်ပေးလျက်ရှိပါတယ်။

၂၀၁၉ ခုနှစ် ကြားဖြတ်လူဦးရေသန်းခေါင်စာရင်း အစီရင်ခံစာအရ မြန်မာနိုင်ငံမှာ အသက် ၅ နှစ်အထက် လူဦးရေ ၄၆ ဒသမ ၄၆၃ သန်းရှိပြီး နိုင်ငံတစ်ဝန်း ကျောင်းလုံးဝမနေဖူးသူအဖြစ် အမျိုးသား ၁၀၀ မှာ ၆ ဒသမ ၅ ဦးနဲ့ အမျိုးသမီး ၁၀၀ မှာ ၉ ဒသမ ၄ ဦးရှိကြောင်း တွေ့ရှိရပါတယ်။ အသက် ၂၅ နှစ်နဲ့အထက် လူဦးရေရဲ့ အမြင့်ဆုံးအောင်မြင်ပြီးစီးခဲ့တဲ့ အတန်းပညာကို စစ်တမ်းကောက်ယူခဲ့ရာ မူလတန်းအဆင့်မှာ အမျိုးသား ၄၂ ဒသမ ၃ ရာခိုင်နှုန်း၊ အမျိုးသမီး ၅၁ ရာခိုင်နှုန်း၊ အလယ်တန်းအဆင့်မှာ အမျိုးသား ၂၅ ဒသမ ၂ ရာခိုင်နှုန်း၊ အမျိုးသမီး ၁၈ ဒသမ ၈ ရာခိုင်နှုန်း၊ အထက်တန်းအဆင့်မှာ အမျိုးသား ၁၅ ဒသမ ၂ ရာခိုင်နှုန်း၊ အမျိုးသမီး ၁၁ ဒသမ ၇ ရာခိုင်နှုန်းရှိပြီး တက္ကသိုလ် ဘွဲ့ရအဆင့်မှာ အမျိုးသား ၉ ဒသမ ၇ ရာခိုင်နှုန်း၊ အမျိုးသမီး ၁၂ ဒသမ ၉ ရာခိုင်နှုန်းရှိကြောင်း တွေ့ရှိရပါတယ်။ ဒါဟာ ပညာရေးကွင်းဆက်တစ်လျှောက်မှာ ကျောင်းထွက်မှုနှုန်းများပြီး ပညာတတ်သူနည်းပါးလာမယ့် အခြေအနေဖြစ်တဲ့အတွက် ပညာရေးမြှင့်တင်မှုလုပ်ငန်းတွေကို အလေးထားဆောင်ရွက်ပေးလျက်ရှိနေပါတယ်။ အမျိုးသမီးများရဲ့ပညာရေးကဏ္ဍ ယခုထက်ပိုပြီး မြင့်မားလာစေရေးကိုလည်း အလေးထားဆောင်ရွက်ပေးကြဖို့ တိုက်တွန်းမှာကြားလိုပါတယ်။

စာမျက်နှာ ၆ သို့ ☆

❖ မြန်မာနိုင်ငံအနေနဲ့ စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင်မှာပါဝင်တဲ့ မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ ရည်မှန်းချက်ဖြစ်တဲ့ မိခင်သေဆုံးမှုနှုန်း လျော့နည်းကျဆင်းရေးအတွက် ဦးစားပေးဆောင်ရွက်ပေးလျက်ရှိ၊ ကိုယ်ဝန်ဆောင်စဉ်၊ မွေးဖွားစဉ်နဲ့ မွေးဖွားပြီးချိန်တစ်လျှောက်လုံး ကျန်းမာပျော်ရွှင်ပြီး ဘေးအန္တရာယ်ကင်းရှင်းတဲ့ မိခင်ဘဝရရှိစေဖို့ အလွန်အရေးကြီး. . .

❖ အာဆီယံဒေသတွင်း ကတိကဝတ်များနဲ့ ကုလသမဂ္ဂကချမှတ်ခဲ့တဲ့ စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင်(၅)ဖြစ်တဲ့ ကျား၊ မ တန်းတူညီမျှမှုရရှိရေး၊ အမျိုးသမီးများနဲ့အမျိုးသမီးငယ်ရွယ်များအားလုံး စွမ်းပကားတိုးမြင့်စေရေးတို့နဲ့ သက်ဆိုင်တဲ့လုပ်ငန်းစဉ်တွေမှာ ရည်မှန်းချက်ပန်းတိုင်ပြည့်မီဖို့ ဆက်လက်အလေးထားကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်. . .

❖ အမျိုးသမီးများကဏ္ဍမြင့်မားရေး၊ အမျိုးသားများနဲ့ရင်ပေါင်တန်းပြီး တွဲလက်ညီညီနဲ့ ဒီမိုကရေစီနဲ့ဖက်ဒရယ်စနစ်ကိုအခြေခံတဲ့ ပြည်ထောင်စုကြီးတည်ဆောက်ရေးအတွက် ကဏ္ဍစုံမှာ အင်တိုက်အားတိုက် ပူးပေါင်းပါဝင်နိုင်ဖို့နဲ့ တစ်ဦးချင်းစီမှသည် မိသားစုအတွင်း၊ ရပ်ရွာအတွင်း၊ နိုင်ငံအတွင်း ဖွံ့ဖြိုးတိုးတက်ရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်. . .

☆ **စာမျက်နှာ ၅ မှအဆက်**

ပညာရေးကဏ္ဍမှာ တစ်ဆက်တည်းလေ့လာကြည့်ရင် ကျောင်းပညာတက်ရောက်သင်ကြားနေသူ အခြေခံပညာကဏ္ဍမှာ အမျိုးသမီး ၅၀ ဒသမ ၇၆ ရာခိုင်နှုန်း၊ အဆင့်မြင့်ပညာမှာ ၆၃ ဒသမ ၆၀ ရာခိုင်နှုန်း၊ သိပ္ပံနဲ့နည်းပညာမှာ ၄၇ ဒသမ ၁၉ ရာခိုင်နှုန်း၊ ဆေးနဲ့ဆိုင်းနွယ်ပညာမှာ ၇၀ ဒသမ ၄၄ ရာခိုင်နှုန်း ပညာသင်ကြားနေတာတွေ့ရှိရပြီး ၂၀၂၃-၂၀၂၄ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူမှာ ၆၄ ဒသမ ၃၁ ရာခိုင်နှုန်းက အမျိုးသမီးများဖြစ်ကြတာတွေ့ရပါတယ်။ သင်ကြားရေးတာဝန်ထမ်းဆောင်နေသူများကြည့်ရင် အမျိုးသမီးများအနေနဲ့ အခြေခံပညာမှာ ၈၃ ဒသမ ၆၉ ရာခိုင်နှုန်း၊ အဆင့်မြင့်ပညာမှာ ၈၇ ဒသမ ၈၉ ရာခိုင်နှုန်း၊ သိပ္ပံနဲ့နည်းပညာမှာ ၈၆ ဒသမ ၂၃ ရာခိုင်နှုန်း၊ ဆေးနဲ့ဆိုင်းနွယ်ပညာမှာ ၈၀ ဒသမ ၃၉ ရာခိုင်နှုန်း သင်ကြားရေးတာဝန်ထမ်းဆောင်နေတဲ့အတွက် အမျိုးသမီးများပါဝင်မှုပမာဏကြီးမားကြောင်းတွေ့ရှိရပါတယ်။

ဒေသအလိုက် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးကဏ္ဍတွေမှာ ကွာခြားချက်မကြီးမားစေရေးအတွက် အတတ်ပညာတတ်မြောက်ပြီး အသိပညာပြည့်စုံတဲ့ ပညာတတ်များပေါ်များဖို့လည်း လိုအပ်ပါတယ်။ အတန်းပညာရှိမှ အသိပညာနဲ့ အတတ်ပညာရဖို့ လွယ်ကူမှာဖြစ်ပြီး လူငယ်များ မိမိခြေထောက်ပေါ် ရပ်တည်နိုင်စေဖို့အတွက် အသိပညာများ၊ အတတ်ပညာများ သင်ကြားလေ့ကျင့်ပေးရမှာဖြစ်ပါတယ်။ အဲဒီလို ပညာရည်မြင့်မားရေးနဲ့ လူငယ်များ ဗလငါးတန်ပြည့်ဝရေး၊ လူ့စွမ်းအားအရင်းအမြစ်များ ပြုစုပျိုးထောင်ရေးမှာ မိခင်များ၊ ဆရာမများဖြစ်ကြတဲ့ အမျိုးသမီးများရဲ့ အခန်းကဏ္ဍဟာ အလွန်အရေးကြီးတဲ့အတွက် အလေးထားဆောင်ရွက်ပေးကြဖို့ တိုက်တွန်းမှာကြားလိုပါတယ်။

၂၀၂၃ ခုနှစ် မြန်မာစာရင်းအင်းလက်စွဲအရ ၂၀၂၀-၂၀၂၃ လုပ်သားအင်အားခန့်မှန်းစာရင်းအင်းများ အစီရင်ခံစာအရ လုပ်သားအင်အားပါဝင်မှုနှုန်းမှာ အသက်(၂၅)နှစ်ကနေ(၂၉)နှစ်ကြားအုပ်စုဟာ အများဆုံးဖြစ်ကြောင်းတွေ့ရှိရပါတယ်။ စီးပွားရေးလုပ်ငန်းကဏ္ဍအလိုက် အလုပ်လက်ရှိရာခိုင်နှုန်းအနေနဲ့ ၂၀၂၃ ခုနှစ်မှာ အမျိုးသားများရဲ့အလုပ်အကိုင်ရရှိမှုက လယ်ယာကဏ္ဍမှာ ၄၉ ဒသမ ၇၈ ရာခိုင်နှုန်း၊ စက်မှုကဏ္ဍမှာ ၁၉ ဒသမ ၃၆ ရာခိုင်နှုန်း၊ ဝန်ဆောင်မှုကဏ္ဍမှာ ၃၀ ဒသမ ၈၆ ရာခိုင်နှုန်း လုပ်ကိုင်လျက်ရှိပြီး အမျိုးသမီးများရဲ့ အလုပ်အကိုင်ရရှိမှုမှာ လယ်ယာကဏ္ဍမှာ ၄၂ ဒသမ ၀၇ ရာခိုင်နှုန်း၊ စက်မှုကဏ္ဍမှာ ၁၆ ဒသမ ၈၁ ရာခိုင်နှုန်းနဲ့ ဝန်ဆောင်မှုကဏ္ဍမှာ ၄၁ ဒသမ ၁၂ ရာခိုင်နှုန်းတို့ရှိတာကိုလည်းတွေ့ပါတယ်။ ကဏ္ဍအလိုက် အမျိုးသမီးများရဲ့ပါဝင်မှု တိုးမြင့်လာအောင်ဆောင်ရွက်ကြဖို့ တိုက်တွန်းမှာကြားလိုပါတယ်။

မြန်မာနိုင်ငံအနေနဲ့ စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင်မှာ ပါဝင်တဲ့ မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာရည်မှန်းချက်ဖြစ်တဲ့ မိခင်သေဆုံးမှုနှုန်း လျော့နည်းကျဆင်းရေးအတွက် ဦးစားပေးဆောင်ရွက်ပေးလျက်ရှိပါတယ်။ ကိုယ်ဝန်ဆောင်စဉ်၊ မွေးဖွားစဉ်နဲ့ မွေးဖွားပြီးချိန်တစ်လျှောက်လုံး ကျန်းမာပျော်ရွှင်ပြီး ဘေးအန္တရာယ်ကင်းရှင်းတဲ့ မိခင်ဘဝရရှိစေဖို့အလွန်အရေးကြီးပါတယ်။ ဝေးလံပြီး လမ်းပန်းဆက်သွယ်မှုခက်ခဲတဲ့ဒေသတွေမှာ နေထိုင်ကြသူများအနေနဲ့ ကျန်းမာရေးစောင့်ရှောက်မှုများ လက်လှမ်းမီရရှိစေဖို့ စေတနာ့ဝန်ထမ်း အရန်သားဖွားဆရာမများအသစ်မွေးထုတ်ခြင်း၊ စွမ်းဆောင်ရည်မြှင့် မွမ်းမံသင်တန်းများဖွင့်လှစ်ပေးခြင်း၊ ကျန်းမာရေးအသိပညာများတိုးတက်လာစေရန် အသိပညာပေးစာစောင်များ ပြုစုထုတ်ဝေဖြန့်ဝေခြင်းများကိုလည်း ဆောင်ရွက်သွားကြရမှာဖြစ်ပါတယ်။

အမျိုးသမီးများရဲ့ အခွင့်အရေးနဲ့ ကျား၊ မ တန်းတူညီမျှမှုကို အဟန့်အတားဖြစ်စေတဲ့ လူမှုရေးစံသတ်မှတ်ချက်များ၊ ဓလေ့ထုံးတမ်းများ၊ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများဟာ ကျား၊ မ ရေးရာကွာဟချက်ဖြစ်ပေါ်စေနိုင်တာကို တွေ့ရမှာဖြစ်ပါတယ်။ ဒါကြောင့် အမျိုးသမီးများရဲ့ စွမ်းဆောင်နိုင်မှုတွေကိုအသိအမှတ်ပြုပြီး ရသင့်ရထိုက်တဲ့အခွင့်အရေးများကို လက်လှမ်းမီရရှိစေဖို့ အလေးထားဖော်ဆောင်ပေးကြရမှာဖြစ်ပါတယ်။

အမျိုးသမီးများရဲ့အခွင့်အရေးများနဲ့ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုတွေကို ဥပဒေနဲ့အညီ အပြည့်အဝကာကွယ်စောင့်ရှောက်ပေးနိုင်ဖို့နဲ့ အကြမ်းဖက်မှုကျူးလွန်သူကို ထိရောက်စွာအရေးယူဆောင်ရွက်နိုင်ဖို့အတွက် တည်ဆဲဥပဒေများနှင့်အညီ အလေးထားဆောင်ရွက်လျက်ရှိနေပါတယ်။

၂၀၂၃ ခုနှစ်မှာ UN Women နဲ့ UNDP တို့ ပူးပေါင်းဆောင်ရွက်ခဲ့တဲ့ **"ကမ္ဘာလုံးဆိုင်ရာ အမျိုးသမီးများစွမ်းဆောင်နိုင်မှုနဲ့ ကျား၊ မ တန်းတူညီမျှရေး လေ့လာဆန်းစစ်ချက်အစီရင်ခံစာ"** အရ ညွှန်းကိန်းများအနေနဲ့ (သုည ဒသမ ၈)အထက်က အမြင့်ဆုံးဖြစ်ပြီး (သုည ဒသမ ၆) အထက်ဟာ အလယ်အလတ်ဖြစ်ပါတယ်။ မြန်မာအမျိုးသမီးများစွမ်းဆောင်နိုင်မှုညွှန်းကိန်းမှာ (သုည ဒသမ ၅၁၈)၊ ကျား၊ မ ရေးရာညွှန်းကိန်းမှာ (သုည ဒသမ ၅၉၈) တို့ဖြစ်တဲ့အတွက် အလယ်အလတ်အဆင့်ရဲ့အောက်နားမှာ ရှိနေပါတယ်။ လူသားဖွံ့ဖြိုးတိုးတက်မှုညွှန်းကိန်းအနေနဲ့ကတော့ (သုည ဒသမ ၅၅၀)နဲ့ (သုည ဒသမ ၆၉၉)ကြားရှိတဲ့အတွက် အလယ်အလတ်အဆင့်မှာရှိကြောင်းတွေ့ရှိရပါတယ်။ ဒါ့ကြောင့် အမျိုးသမီးတွေကို ကဏ္ဍအသီးသီးမှာ စွမ်းဆောင်ရည်ပြည့်ဝပြီး ကျား၊ မ တန်းတူရည်တူ ပါဝင်နိုင်မှု ပိုမိုတိုးတက်မြင့်မားရေးကို အလေးထားပြီး ဆက်လက်ဆောင်ရွက်ပေးကြရမှာဖြစ်ပါတယ်။

၂၀၂၄ ခုနှစ်၊ မတ်လ (၈)ရက်နေ့မှာကျင်းပခဲ့တဲ့ အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့အခမ်းအနားကို **"အရှိန်အဟုန်ဖြင့် တိုးတက်ရေး အမျိုးသမီးများတွင် မြှုပ်နှံပေး"** ဆောင်ပုဒ်နဲ့အညီ အခြားနိုင်ငံများနည်းတူ မြန်မာနိုင်ငံမှာလည်း ကျင်းပခဲ့ပါတယ်။ ဒီဆောင်ပုဒ်ကတော့ နိုင်ငံတွေအနေနဲ့ အမျိုးသမီးများနဲ့ အမျိုးသမီးငယ်ရွယ်များ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေဖို့အတွက် ဘဏ္ဍာငွေအပါအဝင် ဘက်ပေါင်းစုံက ရင်းနှီးမြှုပ်နှံဖို့ တိုက်တွန်းထားတာဖြစ်ပါတယ်။

မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီရဲ့လမ်းညွှန်မှုနဲ့အညီ အမျိုးသမီးတွေကို နည်းမျိုးစုံနဲ့ ခွဲခြားမှုပပျောက်ရေးဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းပါ ကတိကဝတ်များနဲ့ အကြံပြုသုံးသပ်ချက်များ၊ ဘေဂျင်းလုပ်ငန်းစီမံချက်နဲ့အညီ ရေးဆွဲထားတဲ့ အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ နိုင်ငံတော်အဆင့် မဟာဗျူဟာစီမံကိန်း (၂၀၂၃-၂၀၃၂)ရဲ့ လုပ်ငန်းနယ်ပယ်(၁၂)ရပ်ကို အကောင်အထည်ဖော်ရာမှာ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ အစိုးရအဖွဲ့အစည်းများနဲ့ အစိုးရမဟုတ်သော မိတ်ဖက်အဖွဲ့အစည်းများအားလုံးက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြဖို့ တိုက်တွန်းမှာကြားလိုပါတယ်။

ဒါ့အပြင် အာဆီယံဒေသတွင်း ကတိကဝတ်များနဲ့ ကုလသမဂ္ဂကချမှတ်ခဲ့တဲ့ စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင်(၅)ဖြစ်တဲ့ ကျား၊ မ တန်းတူညီမျှမှုရရှိရေး၊ အမျိုးသမီးများနဲ့အမျိုးသမီးငယ်ရွယ်များအားလုံး စွမ်းပကားတိုးမြင့်စေရေးတို့နဲ့ သက်ဆိုင်တဲ့လုပ်ငန်းစဉ်တွေမှာ ရည်မှန်းချက်ပန်းတိုင်ပြည့်မီဖို့ ဆက်လက်အလေးထားကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်သွားကြဖို့ တိုက်တွန်းမှာကြားလိုပါတယ်။

ဒါ့ကြောင့် မြန်မာအမျိုးသမီးများရဲ့ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေးစတဲ့ ဂုဏ်ရည်များဟာ ခေတ်အဆက်ဆက် ထင်ရှားပေါ်လွင်ခဲ့တာမို့ ဆက်လက်ထိန်းသိမ်းသွားကြဖို့လိုအပ်ပါတယ်။ အမျိုးသမီးများကဏ္ဍမြင့်မားရေး၊ အမျိုးသားများနဲ့ရင်ပေါင်တန်းပြီး တွဲလက်ညီညီနဲ့ ဒီမိုကရေစီနဲ့ဖက်ဒရယ်စနစ်ကိုအခြေခံတဲ့ ပြည်ထောင်စုကြီးတည်ဆောက်ရေးအတွက် ကဏ္ဍစုံမှာ အင်တိုက်အားတိုက် ပူးပေါင်းပါဝင်နိုင်ဖို့နဲ့ တစ်ဦးချင်းစီမှသည် မိသားစုအတွင်း၊ ရပ်ရွာအတွင်း၊ နိုင်ငံအတွင်း ဖွံ့ဖြိုးတိုးတက်ရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ်။

**အားလုံးကို ကျေးဇူးတင်ပါတယ်။**

နေပြည်တော် ဇူလိုင် ၃

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး ၂၀၂၄ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး ၂၀၂၄ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယနေ့မွန်းလွဲပိုင်းတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးနှင့် ဇေယျာဌာနီ - ၂ လမ်းသွယ်လက်ယာဘက် သတ်မှတ်နေရာ၌ ကျင်းပသည်။

အခမ်းအနားသို့ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးကိုကိုနှင့် ကော်မရှင်အဖွဲ့ဝင်များ၊ အမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် အရာထမ်း၊ အမှုထမ်းများ တက်ရောက်စိုက်ပျိုးကြသည်။

ဦးစွာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက သတ်မှတ်နေရာများ၌ ကျွန်းပင်များကို ဦးဆောင်စိုက်ပျိုးပေးကြပြီး အရာထမ်း၊ အမှုထမ်းများ၏ စုပေါင်းသစ်ပင်စိုက်ပျိုးနေမှုကို လိုက်လံကြည့်ရှုအားပေးကြသည်။

ယနေ့ကျင်းပသည့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် ကျွန်းပင် ၃၀၀ ကို စိုက်ပျိုးခဲ့ကြပြီး ယခင်နှစ်စိုက်ပျိုးခဲ့သည့် ကျွန်းပင် ၂၃၀ မှာလည်း ရှင်သန်လျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



နေပြည်တော် ဇူလိုင် ၃

# ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ဖွင့်ပွဲ၊ ပိတ်ပွဲ အခမ်းအနားကျင်းပရေးလုပ်ငန်းကော်မတီ ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ



၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနားကျင်းပရေးလုပ်ငန်းကော်မတီ ဒုတိယအကြိမ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိပြန်ကြားရေးဝန်ကြီးဌာန စုဝေးခန်းမ၌ကျင်းပသည်။

အစည်းအဝေးသို့ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကိုလေး၊ ဦးရဲတင့်၊ ဒေါက်တာမိုးဇော်ထွန်း၊ ဒေါက်တာအောင်ဇေယျ၊ အမြဲတမ်းအတွင်းဝန် ဦးဝင်းကျော်အောင်၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံဟာသပညာရှင်များအစည်းအရုံးဥက္ကဋ္ဌ၊ အခမ်းအနားအပြင်အဆင်ပိုင်းဆိုင်ရာ ပါဝင်ဆောင်ရွက်မည့်ကုမ္ပဏီမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၊ မြန်မာနိုင်ငံဂီတအစည်းအရုံးနှင့် မြန်မာနိုင်ငံသဘင်အစည်းအရုံးတို့မှ ဥက္ကဋ္ဌများက အွန်လိုင်းမှ တက်ရောက်ကြသည်။

ဦးစွာ ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် အောင်မြင်စွာကျင်းပနိုင်ရေး ဖွင့်ပွဲ၊ ပိတ်ပွဲ အခမ်းအနားကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက **ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်သည် မျိုးချစ်စိတ်ဓာတ်နှင့် အမျိုးသားရေးစိတ်ဓာတ်ကိုရှင်သန်စေသော ပွဲတော်ကြီးတစ်ခုဖြစ်ပြီး နိုင်ငံတော်အဆင့်အားကစားပြိုင်ပွဲဖြစ်သည့်အတွက် အကြီးကျယ်ဆုံးနှင့် အခမ်းနားဆုံးကျင်းပမည်**ဖြစ်ကြောင်း၊ နိုင်ငံ့ဂုဏ်ဆောင်ထူးချွန်အားကစားသမားများ ပေါ်ထွန်းစေရန် ရည်ရွယ်ကျင်းပသည့် ပွဲတော်တစ်ခုဖြစ်ပြီး ဖွင့်ပွဲနှင့် ပိတ်ပွဲအစီအစဉ်များကို အသွင်သဏ္ဌာန်ရော အနှစ်သာရပါ ပြည့်စုံကောင်းမွန်စေရန်နှင့် တစ်မျိုးသားလုံး ဂုဏ်ယူဝင့်ကြွားနိုင်စေရန် ဆောင်ရွက်မည်ဖြစ်ကြောင်း။

၂၀၁၃ ခုနှစ်တွင် အိမ်ရှင်အဖြစ်လက်ခံကျင်းပခဲ့သည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲဖွင့်ပွဲ အခမ်းအနားကျင်းပခဲ့သည့်ပုံစံကို မှီငြမ်း၍ ဖွင့်ပွဲကိုကျင်းပမည်ဖြစ်ကြောင်း၊ အသံစနစ်၊ မီးအလင်းအမှောင်များနှင့်ပေါင်းစပ်ပြီး ရိုးရာယဉ်ကျေးမှုကို အသွင်ထူးခြားအောင်ဆောင်ရွက်မည်ဖြစ်ကြောင်း၊ သမားရိုးကျပွဲတော်များ ဆောင်ရွက်သည်ထက် ကြည့်ရှုနေကြသည့် တစ်နိုင်ငံလုံး ပြည်သူများက ယနေ့ဖြစ်ပေါ်နေသည့် နိုင်ငံ၏အနေအထား၊ စည်းလုံးမှု၊ မျိုးချစ်စိတ်၊ နိုင်ငံအတွက် တိုးတက်အောင်ကြိုးစားလိုသည့် အားမာန်ဖြစ်စေမည့် အရာများကိုတွေ့မြင်စေမည်ဖြစ်ကြောင်း၊ ရုပ်ရှင်၊ သဘင်၊ ဂီတနှင့် ဟာသပညာရှင်များအစည်းအရုံးတို့နှင့် ညှိနှိုင်းဆွေးနွေးတိုင်ပင်သွားမည်ဖြစ်ကြောင်း၊ မျိုးချစ်စိတ်ဓာတ်၊ လူမျိုးကိုချစ်သည့်စိတ်ကိုဖော်ညွှန်းသည့် တစ်နိုင်ငံလုံးပါဝင်သည့် အခမ်းအနားဖြစ်သည့်အတွက် ဝိုင်းဝန်းဆောင်ရွက်ကြစေလိုကြောင်း၊ ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ဖွင့်ပွဲနှင့်ပိတ်ပွဲကို ခမ်းခမ်းနားနားဆောင်ရွက်နိုင်ရေး လိုအပ်သည်များ ဝိုင်းဝန်းဆွေးနွေးအကြံပြုကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် အောင်မြင်စွာကျင်းပနိုင်ရေး ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနားကျင်းပရေးလုပ်ငန်းကော်မတီ အတွင်းရေးမှူး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က အခမ်းအနားအောင်မြင်စွာကျင်းပနိုင်ရေး စီစဉ်ဆောင်ရွက်ထားရှိမှုများ၊ လုပ်ငန်းစီမံချက်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် အခမ်းအနားအပြင်အဆင်ပိုင်းဆိုင်ရာ ပါဝင်ဆောင်ရွက်မည့်ကုမ္ပဏီမှ တာဝန်ရှိသူက (Stage) ဇာတ်ခုံဒီဇိုင်းတည်ဆောက်မည့် ပုံစံများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကိုလေး၊ ဦးရဲတင့်၊ ဒေါက်တာမိုးဇော်ထွန်း၊ ဒေါက်တာအောင်ဇေယျတို့က ဖွင့်ပွဲ၊ ပိတ်ပွဲ အခမ်းအနားတွင် ဖျော်ဖြေတင်ဆက်မည့် အစီအစဉ်၊ (Performance ) သရုပ်ဖော်အကအလှများ၊ နည်းပညာပိုင်းဆိုင်ရာများ အပါအဝင် အခမ်းအနားကျင်းပနေစဉ် ဆောင်ရွက်ထားရှိရန် လိုအပ်ချက်များနှင့် စပ်လျဉ်း၍ အကြံပြုဆွေးနွေးတင်ပြသည်။

ထို့နောက် စစ်လက်နက်ပစ္စည်းညွှန်ကြားရေးမှူးရုံး၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ အနုပညာဦးစီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၊ တပ်မတော်ဂုဏ်ပြုတပ်ခွဲနှင့် စစ်တီးဝိုင်းတပ်၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၊ မြန်မာနိုင်ငံဂီတအစည်းအရုံး၊ မြန်မာနိုင်ငံသဘင်အစည်းအရုံး၊ မြန်မာနိုင်ငံဟာသပညာရှင်များအစည်းအရုံးတို့မှ တာဝန်ရှိသူများနှင့် တက်ရောက်လာသူများက မီးရှူးမီးပန်းအလှဆင်ပစ်ဖောက်ရန်ဆောင်ရွက်ထားရှိမှု၊ တိုက်ရိုက် (Live)ရိုက်ကူးထုတ်လွှင့်ရေးဆောင်ရွက်မည့် အစီအစဉ်၊ ဖွင့်ပွဲ၊ ပိတ်ပွဲတွင် ပါဝင်မည့် ဖျော်ဖြေရေးအစီအစဉ်များ၊ လျှပ်စစ်ဓာတ်အားပြတ်တောက်မှုမရှိစေရေး ဆောင်ရွက်ထားရှိမှု စသဖြင့်အကြံပြုဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် အောင်မြင်စွာကျင်းပနိုင်ရေး ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနားကျင်းပရေးလုပ်ငန်း ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့သည်။

**(သတင်းစဉ်)**

## စည်းနဲ့ ကမ်းနဲ့ မြန်မာစာ

**ဒေါက်တာထွန်းတင့်**

### ရုပ်ပြောင်း ရုပ်လွှဲ၊ သို့မဟုတ် အင်္ဂါးခန္ဓာမြောင်ကြတယ်(၃)

**(ယမန်နေ့မှအဆက်)**

ဆိုခဲ့ပြီးသည့်အတိုင်း လှင်ကန်သည် သာမန်တုတ်၊ နွားမောင်းသော တုတ်၊ လက်နက်အဖြစ် အသုံးပြုရသောတုတ်ဟူသော၊ အဓိပ္ပာယ်သုံးမျိုးအပြင် အခြားအနက်ပွားတစ်ခုရှိသေးသည်။ ယင်းအနက်မှာ "အဆတိုး၊ အဆတိုးထမ်းပိုး" ဟူသောအနက်ပွားဖြစ်ပေသည်။ တွင်းသင်းတိုက်ဝန်မဟာစည်သူရေးသည့် ပေါရာဏကထာစာတမ်းအရ နောက်ဆရာတို့ လက်ာသီကုံးထားသော ပေါရာဏကထာလင်္ကာသစ်တွင် "ဖိလာဇကန်၊ မုချမှန်၏။ လှန်(လှင်)ကန်ပွားတိုး" ဟူ၍ ပြထားသည်။ ယင်း "အဆတိုး" သော "လှင်ကန်"ကို အဆတိုးသောအသုံးတူသော "ထမ်းပိုး"နှင့် တွဲစပ်လျက် "ထမ်းပိုးလှင်ကန်"ဟု အသုံးတွင်ကျယ်သည်။ "ရေတောင်မောက်ဖြိုး၊ ရွာသည့်မိုးထက်၊ ထမ်းပိုးလှင်ကန်၊ အပြန်ပြန်တည့်၊ သည်းထန်လှစွာ" (ကိုးခန်းပျို့* ၄)ဟူ၍လည်းကောင်း၊ "ကြွယ်မျို့တိုး၍၊ ထမ်းပိုးလှင်ကန်၊ မြတ်သတ်ကျန်ဖြင့်" (ဆုတောင်း* ၂၄)ဟူ၍လည်းကောင်း၊ "ထမ်းပိုး လှင်ကန်၊ သဒ္ဓါလွန်သည်" (သံဝရ* ၁၅၂)ဟူ၍ လည်းကောင်း အစပ်အဖွဲ့များကို တွေ့ရသည်။

ဤတွင် "ထမ်းပိုး"ရော "လှင်ကန်"ပါ "အဆတိုး"သော အနက်ဖြစ်လာရပုံမှာ မှတ်သားဖွယ်ဖြစ်သည်။ "ထမ်းပိုး"ဟူသည် ဝန်ကို ပခုံးဖြင့်သယ်ရာတွင် အသုံးပြုသော သစ်သား သို့မဟုတ် ဝါးအချောင်းအတံဖြစ်သည်။ ခရီးဆောင်မြန်မာအဘိဓာန်တွင် "ထမ်းပိုး"၏ အဓိပ္ပာယ်ကို ၁။ ဝန်ကိုထမ်းရာ၌ သုံးသောအချောင်းအတံ။ ၂။ ထယ်၊ ထွန်၊ လှည်း စသည်ကို ဆွဲသော ကျွဲ၊ နွားတို့၏ ပခုံးပေါ်တွင် တပ်ဆင်ရသည့် သစ်သားတုံး၊ ထမ်းပိုးတုံး။ ၃။ ရှိရင်း၏ တစ်ဆပမာဏ။ ၄။ တစ်ပြူး၊ တစ်လံ၊ ညောင်ကန်၊ ထမ်းပိုး၊ အကျိုးဟူ၍ သူငယ်တို့နှစ်ခုတွဲ ရေတွက်ရာတွင် ၈ သင်္ချာကို ရည်ညွှန်းသောစကားဟူ၍ ဖွင့်ပြထားပါသည်။ ဤတွင် အဆတိုးသင်္ချာအရေအတွက်ကို ဆိုရိုးပြုထားသည်ကို သတိပြုဖွယ်ဖြစ်ပါသည်။ တောသူတောင်သားများသည် ကိုယ့်အားကိုယ်ကိုး ပစ္စည်းသယ်ရာတွင် ထမ်းပိုးသုံးကြသည်။ ထမ်းပိုးသည် တောသူတောင်သားများနှင့် မကင်းမကွာသော အသုံးအဆောင်ဖြစ်ပေသည်။ ထို့ကြောင့် တောသူတောင်သားများသည် ပစ္စည်းတစ်ခုခု၏ အရှည်အတိုပမာဏကို တိုင်းတာရာ၌ ယင်းတို့အသုံးပြုလျက်ရှိသော ထမ်းပိုးနှင့်ပင် တိုင်းကြတွက်ကြသည်။ ထမ်းပိုးတစ်ပြန် နှစ်ပြန်စသည်ပွား၍ ရေတွက်မှတ်သားကြသည်။ ဤသို့ဖြင့် ထမ်းပိုးသည် အဆပွားအဓိပ္ပာယ်ကို ဆောင်လာရသည်။

"လှင်ကန်"သည်လည်း အလားတူပင်ဖြစ်သည်။တောသူတောင်သားလယ်သမားကြီးများသည် ကျွဲ၊နွားများနှင့်မကင်းသလို လှင်ကန်နှင့်လည်း မကင်းကြပါ။ သူတို့သည် ပစ္စည်းတစ်ခုခု၏အရှည်အတိုပမာဏကို တိုင်းတာလိုကြသောအခါ သူတို့တွင်ရှိသော လှင်ကန်နှင့်ပင် တိုင်းတာလေ့ရှိကြသည်။ ထိုအခါ လှင်ကန်သည်လည်း လှင်ကန်တစ်ဆ၊ လှင်ကန်နှစ်ဆ စသည်ဖြင့် အဆပွား၊ အဓိပ္ပာယ်ကို ဆောင်လာရသည်။ ဤသို့ဖြင့် ထမ်းပိုးနှင့်လှင်ကန်ကို ပေါင်းစည်းတွဲစပ်လိုက်သောအခါ ထမ်းပိုးလှင်ကန်၏အဓိပ္ပာယ်သည် အဆများစွာပွားတိုးလျက်ဟူသော အဓိပ္ပာယ်ကိုဆောင်လာရပါသည်။

ဤတွင် "လှင်ကန်"သည် ရိုးရိုးသာမန်တုတ်တို၊ ရန်သူကို တိုက်ခိုက်ရန်တုတ်လက်နက်၊ အဆပွားလျက်ဟူသော အနက်အဓိပ္ပာယ်ရှိသည့် ဝေါဟာရကိုမူလစာလုံးပေါင်း၊ မူလရေးထုံးအတိုင်းရေး၍ နွားမောင်းသောတုတ်ဟု အဓိပ္ပာယ်ရှိသည့် "လှင်ကန်"ကိုမူ "နကန်"ဟု ပြောင်းလဲခေါ်တွင်ရေးကြခြင်းပင်ဖြစ်သည်။ လှင်ကန်မှ နှင်ကန်သို့၊ နှင်ကန်မှ နကန်သို့ အသံပြောင်း၊ အရေးပြောင်းခြင်းဖြစ်သည်။ "လ"သည် "န"သို့ ပြောင်းသည်မှာ "လ"သည် သွားရင်း လျှာဘေးပွင့်သံ၊ "န"သည် သွားရင်းနှာသံဖြစ်သည်။ အသံဖြစ်ရာဌာန်တူသော်လည်း အသံဖြစ်ဟန်မတူပါ။ အသံဖြစ်ဟန်မတူသဖြင့် အသံဖြစ်ဟန် အခက်ဗျည်းမှ အသံဖြစ်ဟန် အလွယ်ဗျည်းသို့ ပြောင်းလဲရွတ်ဆိုရေးသားခြင်းဖြစ်ပါသတည်း။

နိဂုံးချုပ်အားဖြင့် အထူးတင်ပြလိုသည်မှာ ယခင်ပုံနှိပ်စာအုပ်များတွင် လှင်ကန်ဟူ၍လည်းကောင်း၊လှန်ကန်ဟူ၍လည်းကောင်း အရေးနှစ်မျိုးတွေ့နေရပါသည်။ လှင်ကန်နှင့် လှန်ကန် အလှယ်လှယ်သုံးကြောင်း၊ အရေးကွဲသော်လည်း အနက်တူကြောင်း၊ကြောင်းတူသံကွဲဖြစ်သော နှစ်ချက်သင့်အရေးဖြစ်ကြောင်း ညွှန်းဆိုကြပါသည်။ ဤစာရေးသားသူကမြန်မာစာအဖွဲ့က သတ်မှတ်ပြဋ္ဌာန်းထားသည့် "လှင်ကန်"ဟူသောအရေးကို လက်ခံပြီး "လှန်ကန်"အရေးမှားသည်ဟု မဆိုလိုပါ။ "လှင်ကန်"သည် ပြဋ္ဌာန်းစာလုံးလည်းဖြစ် အနက်အားဖြင့် ပို၍သင့်သည်ဟု သာတင်ပြခဲ့ပါသည်။ မြန်မာဝေါဟာရအနက်ဖွင့်ရာတွင် ပါရဂူတစ်ဆူဖြစ်သော ဒုတိယကျော်အောင်စံထား ဆရာတော်ဘုရားကြီးက လွန်ခဲ့သော အနှစ် ၂၅၀ ခန့်က ဝေါဟာရတ္ထပကာသနီကျမ်း(၁၁၃၁ ခုနှစ်)တွင် "လှံကန်"ဟူသောအရေးကိုပြထားသော်လည်း "လှင်ကန်"၏ရင်းမြစ်သည် "လှန်ကန်"ဖြစ်ကြောင်း ဖော်ပြထားသဖြင့် ဆရာတော်၏အဆိုအမိန့်ဖြင့်နိဂုံးချုပ်လိုပါသည်။ ဆရာတော်ကမူကား-

"ဤ၌ရေကန်၊ လှန်ကန် စသောဝေါဟာရတို့သည်ကျောက်ကန်ဟူသော အနက်ချည်းရသင့်သကဲ့သို့ရှိ၏။ ရှိဟန်ကား လှန်ကန်ဟူသည်၌ ဆိုအပ်ပြီးသည်နှင့်အညီ ကျွဲ၊ နွားဖြင့် စသည်တို့ကိုလည်းကောင်း၊ရန်သူရန်ဘက်တို့ကိုလည်းကောင်း ကျောက်ကန် တွန်းလှန်သော အဆောက်အဦဖြစ်၍ လှန်ကန်ဆိုသည်ယူမှု(အနက်)သဘောတူသည်ဖြစ်၏" ဟု ဆိုခဲ့ပါသည်။ နှိုင်းချင့်ဆင်ခြင်တော်မူကြပါကုန်။ **မြန်မာစာကို ချစ်မြတ်နိုးတတ်ပါစေ**

# အသည်းကင်ဆာလူနာများကို အသည်းရောင်အသားဝါစီပိုးကုသခြင်း

"အသည်းကင်ဆာရောဂါ၏ သဘောသဘာဝအရ အသည်းကင်ဆာဆဲလ်များသည် ပုံရိပ်ဖော်နည်းပညာများဖြင့် ရှာမတွေ့ဘဲ အသည်းမှာပင် ပျံ့နှံ့နေတတ်ခြင်းမျိုးရှိတတ်သည်။ ထိုသို့ မမြင်ရသည့်ကင်ဆာပျံ့နှံ့မှုများရှိနေပါက အသည်းရောင်အသားဝါစီပိုး ကုသမှုကို အနှောင့်အယှက်ဖြစ်စေနိုင်သည်။ ထို့ကြောင့် အသည်းကင်ဆာရောဂါများကို ကုတန်သလောက်ကုသပြီးမှသာ အသည်းရောင်အသားဝါစီပိုးကို စတင်ကုသသင့်သည်. . ."

ယနေ့ ကမ္ဘာပေါ်တွင် အသည်းရောင်အသားဝါစီပိုး သယ်ဆောင်ထားသူ ၇၁ သန်းခန့်ရှိသည်။ မြေထဲပင်လယ်အရှေ့ပိုင်းဒေသများနှင့် ဥရောပတိုက်ဒေသများ၌ အများဆုံးဖြစ်သည်။ အသည်းရောင်အသားဝါဘီပိုးနှင့် မတူညီသည်က အသည်းရောင်အသားဝါစီပိုးသည် မသန့်ရှင်းသောဆေးထိုးအပ်များမှ အဓိကကူးစက်နေခြင်းဖြစ်သည်။ မူးယစ်ဆေးဝါးကိုသွေးကြောအတွင်း ထိုးသွင်းနေသူများတွင် အသည်းရောင်အသားဝါစီပိုး ကူးစက်မှုများသည်။ အမေရိကန်ပြည်ထောင်စု၌ အသည်းရောင်အသားဝါစီပိုး ကူးစက်ခံထားရသူ ၃ ဒသမ ၅ သန်းရှိပြီး ယင်းတို့အနက် ၇၅ ရာခိုင်နှုန်းမှာ ၁၉၄၅ ခုနှစ်မှ ၁၉၆၅ ခုနှစ်ကြား မွေးဖွားခဲ့ကြသည့် အသက်အုပ်စုပိုင်းများဖြစ်သည်။

ကမ္ဘာပေါ်၌ အသည်းကင်ဆာဖြစ်ရခြင်း၏ အဓိကနောက်ခံအကြောင်းရင်းမှာ အသည်းရောင်အသားဝါစီပိုးဖြစ်သည်။ အသည်းရောင်အသားဝါစီပိုးရှိသူသည် အသည်းခြောက်ရောဂါနှင့်ပါတွဲပြီး ရှိနေတတ်သည်။ အသည်းရောင်အသားဝါစီပိုးရှိပြီး အသည်းလည်းခြောက်နေပြီဆိုလျှင် အသည်းကင်ဆာဖြစ်နှုန်းက တစ်နှစ်လျှင် ၂ ရာခိုင်နှုန်းမှ ၄ ရာခိုင်နှုန်းဖြစ်သည်။ ယင်းမှာ စီပိုးရှိပြီး အသည်းခြောက်နေသူဦးရေ ၁၀၀ လျှင် နှစ်ဦးမှ လေးဦးမှာ တစ်နှစ်အတွင်း အသည်းကင်ဆာဖြစ်မည့်အခြေအနေဖြစ်သည်။

အသည်းရောင်အသားဝါစီပိုး ကုသဆေးတစ်နည်းအားဖြင့် စီပိုးဗိုင်းရပ်စ်ကုသဆေးများကို DAAs ဟု အတိုကောက်ခေါ်ကြသည်။ အသည်းရောင်အသားဝါစီပိုးဗိုင်းရပ်စ်ကို တိုက်ရိုက်သေစေနိုင်သည့်ဆေးဝါးများဖြစ်သည်။ DAAs ဆေးများဖြင့် အသည်းရောင်အသားဝါစီပိုး ပျောက်ကင်းနိုင်သကဲ့သို့ နောက်ခံအသည်းခြောက်ရောဂါရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ အသည်းကင်ဆာဖြစ်ပွားနှုန်းကို လျော့ကျစေနိုင်သည်။ သို့သော်လည်း အားနည်းချက်တစ်ခုမှာ စီပိုးလုံးဝပျောက်ကင်းသွားပြီး နောင် ၁၀ နှစ်ကြာသည်အထိ အသည်းကင်ဆာဖြစ်နိုင်ခြေရှိနေသေးသည့်အချက်ဖြစ်သည်။ ထို့ကြောင့် အသည်းရောင်အသားဝါစီပိုး ကုသပျောက်ကင်းထားသူများကို အသည်းပုံမှန်စစ်ဆေးမှုများ ပြုလုပ်စေခြင်းဖြစ်သည်။

အတိတ်ကာလများဆီက အသည်းရောင်အသားဝါစီပိုးကို အင်တာဖရွန်ထိုးဆေးများဖြင့် ကုသခဲ့ကြသည်။ SVR ဟု အတိုကောက်ခေါ်ကြသည်။ ကုသအပြီး အသည်းရောင်အသားဝါစီပိုး ကင်းစင်သွားသည့်အခြေအနေကောင်းလျှင်ကောင်းသလို အသည်းကင်ဆာလူနာများ အသက်ပိုရှည်ကြသည်။ လက်ရှိအချိန်တွင် အသည်းရောင်အသားဝါစီပိုး လူနာများကို DAAs ဆေးများဖြင့် ကုသနေကြပြီဖြစ်သည်။ SVR မှာ ၉၅ ရာခိုင်နှုန်းကျော်ရှိသည့်အတွက် ကုသပျောက်ကင်းသူအလွန်များသည်။ အသည်းရောင်အသားဝါဘီပိုးနှင့်ကွာခြားချက်မှာ ဘီပိုးသည် စီပိုးကဲ့သို့ SVR မရနိုင်ဘဲ လုံးဝပျောက်ကင်းသွားနိုင်ခြေ နည်းပါးသည်ဟူသည့်အချက်ဖြစ်သည်။

အသည်းရောင်အသားဝါ စီပိုးကို အင်တာဖရွန်ထိုးဆေးများဖြင့် ကုသခဲ့ကြစဉ်က SVR ရကြသည့် စီပိုးရှိအသည်းကင်ဆာလူနာများ အသက်ရှည်ခဲ့ကြသကဲ့သို့ DAAs ဆေးများဖြင့်ကုသပြီး SVR ရကြသူ အသည်းကင်ဆာလူနာများလည်း သက်တမ်းရှည်ကြကြောင်း တွေ့ရသည်။

အရေးကြီးသည့်အချက်က DAAs ဆေးများကိုမှီဝဲပြီး SVR ရမှ (တစ်နည်းအားဖြင့် သွေးထဲတွင် စီပိုးလုံးဝကင်းစင်သွားမှ) အသည်းကင်ဆာအတွက် ကောင်းမွန်သည့်ရလဒ်ရရှိနိုင်သည်။ DAAs ဆေးများဖြင့် ကုသမှုခံယူပြီး SVR မရခဲ့သည့် လူနာများသည် DAAs ဆေးများ လုံးဝမသောက်ခဲ့သည့်လူနာများနှင့် အသည်းကင်ဆာသက်သာပျောက်ကင်းမှု ကွာဟချက်မရှိကြောင်း တွေ့ကြရသည်။ DAAs ဆေးများသည် အသည်းပျက်စီးထိခိုက်မှုကိုလည်း သက်သာစေနိုင်ကြောင်း တွေ့ရှိရသည်။

**အသည်းကင်ဆာဖြစ်လာပြီးမှ အသည်းရောင်အသားဝါစီပိုးကုသလျှင် စီပိုးပျောက်ကင်းရန်ခက်ခဲနိုင်**

အသည်းရောင်အသားဝါ စီပိုးက ကာကွယ်ဆေးမရှိပါ။ ဆေးရုံ၊ ဆေးခန်းများသို့ရောက်ရှိလာပြီး ဆေးစစ်ဖြစ်ကြသည့်အခါမှ အသည်းရောင်အသားဝါစီပိုးရှိနေမှန်းသိကြသူ များသည်။ စီပိုးရှိနေမှန်းသိသည်နှင့် အထူးကုဆရာဝန်များနှင့်ပြသတိုင်ပင်ပြီး DAAs ဆေးများမှီဝဲကာ SVR ရအောင် ကုသထားရန်လိုအပ်သည်။ အသည်းကင်ဆာဖြစ်ပြီးမှ အသည်းရောင်အသားဝါစီပိုးကို ကုသသည့်အခါ SVR ရနိုင်ရန် အလားအလာနည်းသွားသည်။ သုတေသနစစ်တမ်းတစ်ခုတွင် အသည်းကင်ဆာဖြစ်ပွားနေသူများ စီပိုးကုသသည့်အခါ SVR မရနိုင်သည့်နှုန်းက ၂၁ ရာခိုင်နှုန်းရှိပြီး အသည်းကင်ဆာမရှိသူများ စီပိုးကုသသည့်အခါ SVR မရနိုင်သည့်နှုန်းက ၁၂ ရာခိုင်နှုန်းရှိကြောင်း တွေ့ရသည်။

အသည်းကင်ဆာကျိတ်ကိုဖြတ်တောက်ကုသမှုခံယူထားပြီး လတ်တလော အသည်းကင်ဆာကင်းစင်နေသူများကို DAAs ဆေးများဖြင့် စီပိုးကုသလျှင် SVR နှုန်းက အသည်းကင်ဆာမရှိသူများနှင့်အတူတူပြန်ဖြစ်သွားသည်။ ထို့ကြောင့် အသည်းကင်ဆာ အဆင့်(၁)မှာပင် ရောဂါရှိနေမှန်းစောစီးစွာ သိခွင့်ရရှိသူ စီပိုးလူနာများသည် အသည်းကင်ဆာကျိတ်ကို (ဖြစ်နိုင်ပါက) ခွဲစိတ်ဖြတ်တောက်မှု အရင်ပြုလုပ်ပြီးမှ စီပိုးကုသဆေး DAAs များသောက်သုံးသင့်ကြောင်း တွေ့ရှိရသည်။

**အသည်းကင်ဆာကို ဦးစွာကုသပြီးမှ အသည်းရောင်အသားဝါစီပိုးကို ကုသသင့်**

အဝေးကိုပျံ့နှံ့ခြင်း မရှိ၊ ရောဂါအခြေအနေစိုးရိမ်ရခြင်းမရှိသေးသည့် အသည်းကင်ဆာရောဂါများကို ခွဲစိတ်ကုသခြင်း၊ အသည်းအစားထိုးကုသခြင်းများဖြင့် ကုသပြီးမှ အသည်းရောင်အသားဝါစီပိုးကို ကုသသင့်သည်။ အမေရိကန်အသည်းရောဂါအဖွဲ့ကြီးက အသည်းကင်ဆာကုသမှုအပြီး သုံးလမှ ခြောက်လအတွင်း ရောဂါပြန်မဖြစ်ကြောင်း သေချာမှသာ အသည်းရောင်အသားဝါစီပိုးကုသမှုကို စတင်ရမည်ဟု လမ်းညွှန်ထားသည်။

အသည်းကင်ဆာရောဂါ၏ သဘောသဘာဝအရ အသည်းကင်ဆာဆဲလ်များသည် ပုံရိပ်ဖော်နည်းပညာများဖြင့် ရှာမတွေ့ဘဲ အသည်းမှာပင် ပျံ့နှံ့နေတတ်ခြင်းမျိုးရှိတတ်သည်။ ထိုသို့ မမြင်ရသည့်ကင်ဆာပျံ့နှံ့မှုများရှိနေပါက အသည်းရောင်အသားဝါစီပိုးကုသမှုကို အနှောင့်အယှက်ဖြစ်စေနိုင်သည်။ ထို့ကြောင့် အသည်းကင်ဆာရောဂါများကို ကုတန်သလောက်ကုသပြီးမှသာ အသည်းရောင်အသားဝါစီပိုးကို စတင်ကုသသင့်သည်။

**အသည်းရောင်အသားဝါစီပိုးရှိသူ အသည်းကင်ဆာလူနာများ အသည်းအစားထိုးကုသခြင်း**

အသည်းအစားထိုးကုသရန် စောင့်ဆိုင်းနေကြသူများတွင် အသည်းကင်ဆာလူနာများလည်း အုပ်စုတစ်စုအနေဖြင့် ပါဝင်သည်။ ယေဘုယျအားဖြင့် အသည်းလှူဒါန်းသူသည် ကူးစက်ရောဂါပိုးများကင်းရှင်းရမည်ဖြစ်သည်။ အသည်းရောင်အသားဝါစီပိုးရှိပြီးဖြစ်သည့် အသည်းကင်ဆာလူနာများအတွက်မူ စီပိုးရှိသည့် အသည်းအလှူရှင်များထံမှ အသည်းကို ရယူနိုင်သည့်အားသာချက်ရှိသည်။ အမေရိကန်ပြည်ထောင်စု၌ အသည်းရောင်အသားဝါစီပိုးရှိပြီး အသည်းလှူဒါန်းသူအများစုမှာ ၁၉၄၅ ခုနှစ်မှ ၁၉၆၅ ခုနှစ်အတွင်း မွေးဖွားကြသူများနှင့် မူးယစ်ဆေးသွေးကြောတွင်း ထိုးသွင်းသူများဖြစ်နေသည်။ အသည်းလှူဒါန်းသူအများစုမှာ ကွယ်လွန်ပြီးမှ အသည်းကိုထုတ်ယူခြင်းခံရသူများဖြစ်ရာ မူးယစ်ဆေးသွေးကြောတွင်းထိုးသွင်းပြီး ဆေးလွန်၍ သေဆုံးသွားသူအများစု ဖြစ်နေသည်ကိုလည်း တွေ့ရသည်။

အချုပ်အားဖြင့်ဆိုသော် အသည်းကင်ဆာသည် ကမ္ဘာပေါ်၌ ဖြစ်ပွားမှုများသည့် ကင်ဆာရောဂါတစ်မျိုးဖြစ်သည်။ အသည်းရောင်အသားဝါဘီပိုးမှာ အသည်းကင်ဆာ၏ ၅၀ ရာခိုင်နှုန်းသော နောက်ခံအကြောင်းရင်းဖြစ်ပြီး အသည်းရောင်အသားဝါစီပိုးမှာ အသည်းကင်ဆာဖြစ်ပွားမှုများတွင် ၂၀ ရာခိုင်နှုန်းခန့်ပါဝင်ပတ်သက်နေသည်။ မည်သူမဆို အသည်းရောင်အသားဝါဘီပိုး သို့မဟုတ် စီပိုးရှိနေမှန်းသိသည်နှင့် စနစ်တကျစတင်ကုသရန်လိုအပ်သည်။ မိမိတွင် ကူးစက်ရောဂါပိုးများ ရှိနေမှန်းသိသည်နှင့် ကုသမှုခံယူပါက မိမိကိုယ်တိုင်အတွက် အကျိုးရှိမည်ဖြစ်သကဲ့သို့ ထပ်မံ၍ လူတစ်ဦးထံ ကူးစက်သွားခြင်းကိုလည်း ကာကွယ်နိုင်မည်ဖြစ်သည်။

အသည်းရောင်အသားဝါ ဘီပိုးအတွက် ကာကွယ်ဆေးရှိသော်လည်း အသည်းရောင်အသားဝါစီပိုးအတွက် ကာကွယ်ဆေးမရှိပါ။ အသည်းရောင်အသားဝါဘီပိုးကို လုံးဝပျောက်ကင်းသွားအောင် ကုသရန် မလွယ်ကူသော်လည်း အသည်းရောင်အသားဝါစီပိုးကမူ လုံးဝပျောက်ကင်းအောင် ကုသနိုင်ရန် အလားအလာများသည်။ ဂရုပြုမှတ်သားရန်မှာ အသည်းရောင်အသားဝါဘီပိုးရှိသူ အသည်းကင်ဆာလူနာများအနေဖြင့် ရောဂါရှိမှန်းသိသည်နှင့် ဘီပိုးထိန်းချုပ်ဆေးများ စတင်မှီဝဲရန်လိုအပ်ကာ အသည်းရောင်အသားဝါစီပိုးရှိသူ အသည်းကင်ဆာလူနာများအတွက်မူ အသည်းကင်ဆာကို စတင်ကုသပြီး သုံးလမှ ခြောက်လခန့်အကြာမှသာ အသည်းရောင်အသားဝါစီပိုးကို စတင်ကုသကြရန်လိုကြောင်း ရေးသားလိုက်ရပါသည်။

**ဒေါက်တာလွှမ်းမိုးဟန်**

ကျောက်ဆည်၊ စိုက်ပျိုးရေး

## နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် အခြေခံသမဝါယမအသင်းသားများစိုက်ပျိုးထားသော နွေစပါးစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် ကျောက်ဆည်မြို့နယ်၌ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် အခြေခံသမဝါယမ အသင်းသားများစိုက်ပျိုးထားသော နွေစပါးစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

နွေစပါးစိုက်ပျိုးရာတွင် အခြေခံသမဝါယမ အသင်းသားများဖြစ်သည့် တောင်ပလူကျေးရွာ စိုက်ပျိုးရေးနှင့်အထွေထွေသမဝါယမအသင်းသား ၃၁ ဦးက ၁၅၂ ဧက၊ အရှေ့ရွာနန်းကျေးရွာ စိုက်ပျိုးရေးနှင့် အထွေထွေသမဝါယမအသင်းသား ၁၈ ဦးက ၈၆ ဧက၊ ပုထိုးနီကျေးရွာစံပြစိုက်ပျိုးရေးနှင့် ထုတ်လုပ်ရေးသမဝါယမ အသင်းသား ၃၀ ဦးက ဧက ၁၅၀၊ ပင်တလည်ကျေးရွာ စိုက်ပျိုးရေးနှင့်အထွေထွေသမဝါယမ အသင်းသားလေးဦးက ဧက ၃၀ စုစုပေါင်း အခြေခံသမဝါယမ အသင်းသား တောင်သူ ၈၃ ဦးက ၄၁၈ ဧက စိုက်ပျိုးထားကြောင်း သိရသည်။

နွေစပါးစိုက်ပျိုးရာတွင် အောင်မြင်စေရေးနှင့် သွင်းအားစုအခက်အခဲမရှိစေရေး မြို့နယ်သမဝါယမဦးစီးဌာနမှ အခြေခံသမဝါယမအသင်းသား တောင်သူများကို နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် စပါးတစ်ဧကလျှင် ငွေကျပ်နှစ်သိန်းနှုန်းနှင့်ညီမျှသော သွင်းအားစုများပံ့ပိုးပေးခဲ့ကြောင်း၊ ထွက်ရှိလာသည့်စပါးများ ရောင်းချရာတွင် အလွယ်တကူရောင်းချနိုင်ရန်နှင့် အကျိုးအမြတ်ရရှိရန် ဝယ်ယူကြိတ်ခွဲရေးအဖွဲ့များဖွဲ့စည်းထားပြီး သတ်မှတ်ကာလပေါက်ဈေးဖြင့် ဝယ်ယူမည်ဖြစ်သဖြင့် နွေစပါးစိုက် အခြေခံသမဝါယမအသင်းသားများ၏လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးလာမည်ဖြစ်ကြောင်း သိရသည်။ **ချမ်းမြေ့**

မန္တလေး၊ အားကစား

## ခရိုင်ပေါင်းစုံအသက် ၂၅ နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုချီးမြှင့်အပ်နှင်း




မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား ခရိုင်ပေါင်းစုံအသက် ၂၅ နှစ်အောက်အမျိုးသမီး ဘောလုံးပြိုင်ပွဲဗိုလ်လုပွဲကို အောင်မြေသာစံမြို့နယ် ၂၂ လမ်းရှိ အောင်မြေမန္တလာအားကစားကွင်း၌ ဇူလိုင်လ ၂ ရက်ညနေပိုင်းတွင် ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးနှင့် ခရိုင်အားကစားမှူးများ၊ တိုင်းဒေသကြီး ဘောလုံးဆပ်ကော်မတီဝင်များ၊ အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ခရိုင်အလိုက် အသက် ၂၅ နှစ်အောက်အမျိုးသမီးဘောလုံးပြိုင်ပွဲဗိုလ်လုပွဲတွင် ကျောက်ဆည်ခရိုင်အသင်းနှင့် ရမည်းသင်းခရိုင်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ရမည်းသင်းခရိုင်အသင်းက ၂ ဂိုးပြတ်ဖြင့်အနိုင်ရရှိသည်။

ပြိုင်ပွဲအပြီးတွင် ဆုပေးအပ်ပွဲကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်က ပထမဆုရရှိသည့် ရမည်းသင်းခရိုင်အသင်းအား တံခွန်စိုက်ဆုဖလားနှင့် ငွေသားဆုပေးအပ်ပြီး တိုင်းဒေသကြီးတရားသူကြီးချုပ်နှင့် တိုင်းဒေသကြီးဝန်ကြီးများက ဒုတိယဆုရရှိသည့် ကျောက်ဆည်ခရိုင်အသင်းအား တစ်ဦးချင်းဆုနှင့်ငွေသားဆုကိုလည်းကောင်း၊ တိုင်းဒေသကြီးဘောလုံးဆပ်ကော်မတီဥက္ကဋ္ဌက တတိယဆုရရှိသည့် မဟာအောင်မြေခရိုင်အသင်းနှင့် ပွဲစဉ်တစ်လျှောက်တွင် အကောင်းဆုံးအားကစားသမားဆုနှင့် နေရာအလိုက်အကောင်းဆုံးဆုရရှိသူများကိုလည်းကောင်း ဆုများပေးအပ်ပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးခဲ့ကြောင်း သိရသည်။

**မောင်ပြည်သူ(မန္တလေး)**

ပေါင်၊ လူမှုရေး

## ပေါင်မြို့နယ်၌ အခြေခံပန်းရန်သင်တန်းနှင့် ဂဟေဆက်သင်တန်းဖွင့်ပွဲကျင်းပ

မွန်ပြည်နယ် ပေါင်မြို့နယ်၌ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အခြေခံပန်းရန်သင်တန်းနှင့် ဂဟေဆက်သင်တန်းဖွင့်ပွဲအခမ်းအနားကို ဇူလိုင်လ ၂ ရက်နံနက်ပိုင်းတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်သီတာဝင်းစံက ကျေးလက်နေပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရေး ဝင်ငွေတိုးလုပ်ငန်းများတွင် ပိုမိုတွင်ကျယ်စွာဆောင်ရွက်လာနိုင်စေရန်နှင့် လုပ်ငန်းစွမ်းဆောင်ရည်ဖွံ့ဖြိုးတိုးတက်စေရန်၊ ဒေသနှင့်ကိုက်ညီသော အလုပ်အကိုင်အခွင့်အလမ်းများပေါ်များသည့် အသက်မွေးပညာရရှိပြီး လုပ်ငန်းခွင်သို့တိုက်ရိုက်ဝင်ရောက်လုပ်ကိုင်နိုင်သည်အထိ ကျွမ်းကျင်တတ်မြောက်စေရန်ရည်ရွယ်၍ ယခုသင်တန်းကိုဖွင့်လှစ်ရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်ကျော်လတ်က ကျေးလက်ဒေသတွင် နေထိုင်ကြသောအလုပ်အကိုင်ရှာဖွေနေသည့်ကျေးလက်နေလူငယ်လူရွယ်များ၊ အမျိုးသား၊ အမျိုးသမီးများ၊ အတန်းပညာအား အကြောင်းအမျိုးမျိုးကြောင့် ပညာဆက်လက်မသင်ကြားနိုင်သော ကျေးလက်နေလူငယ်များ၊ ကျေးလက်ဒေသရှိ မသန်စွမ်းသောလူငယ်လူရွယ်များ (အမျိုးသား၊ အမျိုးသမီးများကို ထည့်သွင်းစဉ်းစားပေးရန်) သင်တန်းတက်ရောက်ပြီးပါက သင်တန်းမှရရှိသည့် အတတ်ပညာများအား လက်တွေ့ပြန်လည်အသုံးချနိုင်ရန်နှင့် တစ်နိုင်တစ်ပိုင်အသက်မွေးဝမ်းကျောင်းလုပ်ငန်းဆောင်ရွက်ရန်၊ စိတ်ဆန္ဒပြင်းပြသော ကျေးရွာသူ၊ ကျေးရွာသားများအား အဓိကထား၍ ဖွင့်လှစ်သင်ကြားပေးခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် သင်တန်းသားများအား တာဝန်ရှိသူများက သင်ထောက်ကူပစ္စည်းများ ပေးအပ်ပြီး သင်တန်းကို စတင်ဖွင့်လှစ်သင်ကြားပေးသည်။ အဆိုပါသင်တန်းကို သင်တန်းသား ၁၅ ဦးဖြင့် ဇူလိုင်လ ၂ ရက်မှ ၃၁ ရက်အထိ ရက် ၃၀ ကြာ ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**(၄၀၆)**

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့်သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်းဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး(နေပြည်တော်)
- (၁) ၀၆၇- ၃၄၀၄၉၃၁၊ ၀၆၇- ၃၄၀၄၉၂၂၊ ၀၆၇- ၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(နေပြည်တော်ကောင်စီ)
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
- (၁) ၀၇၁- ၂၀၃၂၀၉၁၊ ၀၇၁- ၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၇

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
- (၁) ၀၅၉- ၂၀၂၄၀၃၇၊ ၀၅၉- ၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
- (၁) ၀၅၂- ၂၂၀၁၉၃၉၊ ၀၅၂- ၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၉

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃- ၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၀

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
- (၁) ၀၂- ၄၀၂၁၂၄၅၊ ၀၂- ၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတိုပို့ဝန်ဆောင်မှု (SMS) ၀၉- ၂၅၅၀၀၂၅၁၁

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
- (၁) ၀၅၇ - ၂၀၂၇၉၃၅၊ ၀၅၇- ၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၂

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
- (၁) ၀၉- ၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၃

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(ရန်ကုန်တိုင်းဒေသကြီး)
- (၁) ၀၁- ၈၃၀၀၀၁၆၊ ၀၁- ၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၄

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
- (၁) ၀၈၁- ၂၁၂၄၅၄၀၊ ၀၈၁- ၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၅

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
- (၁) ၀၄၂- ၂၀၂၅၉၉၃၊ ၀၄၂- ၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့်တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

## မေတ္တာလမ်းစဉ် တူပန်ဆင်သို့

➢ တို့ကိုးကွယ်ရာ၊ သာသနာသည်
ပမာလမင်း၊ အေးချမ်းခြင်းဖြင့်
အလင်းဝေငှ၊ မေတ္တာမျှသည်
လောကဝန်းကျင်၊ ဒေါသနှင့်လျက်
ပြုပြင်စိတ်ထား လှစေသား။

➢ တို့ကိုးကွယ်ရာ၊ သာသနာသည်
ပမာစမ်းရေ၊ အေးချမ်းစေသော
ပေးဝေမနား၊ မေတ္တာထားသည်
တို့များဝန်းကျင်၊ လောဘနှင့်လျက်
ပြုပြင်စိတ်ထား လှစေသား။

➢ တို့ကိုးကွယ်ရာ၊ သာသနာသည်
ပမာအေးရိပ်၊ သစ်ဝါးရိပ်သို့
ပူရိပ်ဟန့်တား၊ မေတ္တာထားသည်
တို့များဝန်းကျင်၊ မောဟနှင့်လျက်
ပြုပြင်စိတ်ထား လှစေသား။

➢ လူဟူသည်ကား၊ အစားစားဖြင့်
ကွဲပြားယူဆ၊ ရှိတတ်ကြဖြင့်
အတွေအထွေထွေ၊ စွဲတတ်ပေ၏
သို့ပေသော်လျက်၊ အရိပ်ဆက်သည့်
သစ်ရွက်ပမာ၊ တို့မေတ္တာဓာတ်
ဝင်ကာခဏ၊ ထိုခဏပင်
လောကငြိမ်းချမ်း၊ အပြုံးပန်းတို့
ဆင်မြန်းရွှင်ပျ ကိုယ်စီလှ။

➢ ဩော်. . .
သူ သူ ငါလျှင်၊ မေတ္တာဆင်သော်
ဘဝင်သွေးလှ၊ ရွှင်အေးကြလျက်
လောကဝန်းကျင်၊ အလှထင်မြဲ
အသွင်ကွဲပြား၊ ယူဆခြားလည်း
တို့များသာသနာ၊ မြတ်ရောင်ဝါ၏
မေတ္တာလမ်းစဉ်၊ တူပန်ဆင်သော်
ပြုပြင်ကိုယ်စီ၊ အလှညီမြဲ
ရေကြည်စမ်းကျ၊ ချမ်းအေးမြသို့
လောကဝန်းကျင်၊ အလှထင်ကြောင်း
ခုပင်တို့များ မေတ္တာလွှား
ပြုပြင်စိတ်ထား လှစေသား။ ။

**ဟန်ညွန့်(ယဉ်ကျေးမှု)**

### ♫♫ သဇင်(FM) အသံလွှင့်အစီအစဉ် ♫♫

၄-၇-၂၀၂၄(ကြာသပတေးနေ့)

| | | |
|---|---|---|
| ၁။ | ၀၈း၂၀ | Morning Song |
| ၂။ | ၁၀း၀၁ | Internet Pages |
| ၃။ | ၁၃း၃၅ | Music Quiz |
| ၄။ | ၁၇း၀၀ | ကမ္ဘာကျော်တို့အနုပညာခရီး |
| ၅။ | ၁၉း၀၀ | စစ်သည်ကဏ္ဍ |

# ၂၀၂၄ ခုနှစ်၊ ဇွန်လအတွင်း ရွာသွန်းခဲ့သောမိုးရေများတွင် အက်စစ်ဖြစ်ထွန်းမှုအခြေအနေများ


ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနသည် အရှေ့အာရှအက်စစ်ဖြစ်ထွန်းမှုစောင့်ကြည့်တိုင်းတာရေးကွန်ရက် (Acid Deposition Monitoring Network in East Asia- EANET) အဖွဲ့အစည်းတွင် အဖွဲ့ဝင်အဖြစ် ၂၀၀၅ ခုနှစ်၊ နိုဝင်ဘာလမှ စတင်ဆောင်ရွက်ခဲ့ပြီး တိုင်းဒေသကြီးနှင့်ပြည်နယ်များ၏ မြို့ကြီး ၄၁ မြို့ရှိ မိုးလေဝသနှင့်ဇလဗေဒစခန်း ၄၁ ခု (ပုံ-၁)တွင် ရွာသွန်းသောမိုးရေများကိုစုဆောင်းကာ မိုးရေတွင် အက်စစ်ဖြစ်ထွန်းမှုအခြေအနေကိုသိရှိရန် မိုးရေ၏ pH တန်ဖိုးများတိုင်းတာခြင်းလုပ်ငန်းများကို လစဉ်ဆောင်ရွက်လျက်ရှိပါသည်။

၂၀၂၄ ခုနှစ်၊ ဇွန်လအတွင်း တိုင်းတာသည့်စခန်း ၄၁ ခုလုံးတွင် မိုးရွာသွန်းခဲ့ပြီး ၃၆ စခန်းမှ မိုးရေနမူနာများ စုဆောင်းရယူခဲ့ပါသည်။ မိုးရေနမူနာတိုင်းတာရရှိခဲ့သည့် ၃၆ စခန်းတို့မှ ရွာသွန်းခဲ့သော မိုးရေများ၏ pH တန်ဖိုးများသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) မှ စံသတ်မှတ်ထားသည့် သောက်သုံးရေအတွက် pH တန်ဖိုးနှင့်ကျန်းမာရေးဝန်ကြီးဌာနမှ စံသတ်မှတ်ထားသည့် သောက်သုံးရေအတွက် pH တန်ဖိုး 6.5 - 8.5 အတွင်းတွင် ရှိကြောင်း တိုင်းတာရရှိခဲ့ပါသည်။


မိုးရေ၏ pH တန်ဖိုးသည် 5.6 အောက်ရောက်ရှိမှသာ အက်စစ်ဂုဏ်သတ္တိရှိသောကြောင့် ၂၀၂၄ ခုနှစ်၊ ဇွန်လအတွင်း မိုးရေနမူနာတိုင်းတာရရှိခဲ့သည့် ၃၆ စခန်းတို့၌ ရွာသွန်းခဲ့သော မိုးရေများတွင် အက်စစ်ဖြစ်ထွန်းမှုအခြေအနေမရှိကြောင်း တွေ့ရှိရပါသည်။ (ပုံ-၂)

**မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန**

ပုံ(၁)၊ မိုးရေနမူနာတိုင်းတာသည့် စခန်းများပြပုံ




ပုံ(၂)၊ ၂၀၂၄ ခုနှစ်၊ ဇွန်လအတွင်းရွာသွန်းခဲ့သော မိုးရေ၏ pH တန်ဖိုးပြပုံ




## ၂၀၂၄ ခုနှစ်၊ ဇွန်လအတွင်း ရွာသွန်းခဲ့သော မိုးရေနမူနာများ၏ pH တန်ဖိုးများ

| စဉ် | စခန်းအမည် | pH | စဉ် | စခန်းအမည် | pH | စဉ် | စခန်းအမည် | pH | စဉ် | စခန်းအမည် | pH |
|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | မန္တလေး(ချမ်းအေးသာစံ) | ၆.၅ | ၁၀ | စစ်ကိုင်း | ၇.၁ | ၁၉ | မကွေး | ၇.၀ | ၂၈ | ဟင်္သာတ | ၇.၀ |
| ၂ | မန္တလေး(ချမ်းမြသာစည်) | ၆.၇ | ၁၁ | ဟားခါး | ၆.၅ | ၂၀ | အောင်လံ | ၆.၈ | ၂၉ | မော်လမြိုင် | ၆.၉ |
| ၃ | မြစ်ကြီးနား | ၆.၈ | ၁၂ | ညောင်ဦး | ၇.၃ | ၂၁ | စစ်တွေ | ၆.၈ | ၃၀ | ရေး | ၆.၉ |
| ၄ | ပူတာအို | ၆.၅ | ၁၃ | မုံရွာ | ၇.၂ | ၂၂ | ကျောက်ဖြူ | ၆.၆ | ၃၁ | ဘီးလင်း | ၆.၇ |
| ၅ | ဗန်းမော် | ၇.၁ | ၁၄ | ပျဉ်းမနား | ၇.၁ | ၂၃ | ပြည် | ၆.၉ | ၃၂ | ဘားအံ | ၆.၈ |
| ၆ | လားရှိုး | ၆.၆ | ၁၅ | ကသာ | ၆.၇ | ၂၄ | ပဲခူး | ၆.၈ | ၃၃ | ကော့ကရိတ် | ၇.၀ |
| ၇ | တောင်ကြီး | ၆.၉ | ၁၆ | ပြင်ဦးလွင် | ၆.၆ | ၂၅ | တောင်ငူ | ၆.၈ | ၃၄ | ထားဝယ် | ၆.၉ |
| ၈ | မိုင်းဆတ် | ၆.၅ | ၁၇ | ရန်ကုန် (ကမ္ဘာအေး) | ၇.၁ | ၂၆ | ပုသိမ် | ၆.၈ | ၃၅ | မြိတ် | ၆.၅ |
| ၉ | ကျိုင်းတုံ | ၇.၂ | ၁၈ | မှော်ဘီ | ၆.၉ | ၂၇ | မအူပင် | ၇.၀ | ၃၆ | ကော့သောင်း | ၆.၆ |

## ရန်ကုန်မြို့နှင့်မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၄-၇-၂၀၂၄

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၆၅၅ | ၂၇၃၀ | ၂၇၁၀ | ၂၆၆၅ | ၂၇၃၅ | ၂၇၄၅ | ၂၇၅၅ | ၂၇၁၅ | ၂၈၄၅ | ၂၈၇၅ | ၂၇၂၀ | ၂၇၃၅ | ၂၇၇၀ | ၂၇၆၀ | ၂၇၇၀ | ၃၁၈၀ | ၃၇၀၀ |
| 95 Ron | ၂၇၉၀ | ၂၈၆၅ | ၂၈၄၅ | ၂၈၀၀ | ၂၈၇၀ | ၂၈၈၀ | ၂၈၉၅ | ၂၈၅၀ | ၂၉၈၀ | ၃၀၁၀ | ၂၈၅၅ | ၂၈၇၀ | ၂၉၀၅ | ၂၈၉၅ | ၂၉၀၅ | ၃၃၁၅ | ၃၈၅၀ |
| HSD (500 ppm) | ၂၄၆၅ | ၂၅၄၀ | ၂၅၂၀ | ၂၄၇၀ | ၂၅၄၀ | ၂၅၅၅ | ၂၅၆၅ | ၂၅၂၀ | ၂၆၅၀ | ၂၆၈၀ | ၂၅၃၀ | ၂၅၄၅ | ၂၅၇၅ | ၂၅၆၅ | ၂၅၈၀ | ၂၉၈၅ | ၃၈၀၀ |
| HSD (50 ppm) | ၂၈၉၅ | ၂၉၇၅ | ၂၉၅၀ | ၂၉၀၅ | ၂၉၇၅ | ၂၉၉၀ | ၃၀၀၀ | ၂၉၅၅ | ၃၀၈၅ | ၃၁၁၅ | ၂၉၆၅ | ၂၉၈၀ | ၃၀၁၀ | ၃၀၀၀ | ၃၀၁၀ | ၃၄၂၀ | ၃၈၀၀ |
| HSD (10 ppm) | ၂၈၉၅ | ၂၉၇၅ | ၂၉၅၀ | ၂၉၀၅ | ၂၉၇၅ | ၂၉၉၀ | ၃၀၀၀ | ၂၉၅၅ | ၃၀၈၅ | ၃၁၁၅ | ၂၉၆၅ | ၂၉၈၀ | ၃၀၁၀ | ၃၀၀၀ | ၃၀၁၀ | ၃၄၂၀ | ၃၈၀၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၅၀၉ | ၂၅၉၃ |
| 95 Ron | ၂၆၄၁ | ၂၇၂၇ |
| HSD (500 ppm) | ၂၃၂၄ | ၂၄၀၀ |
| HSD (50 ppm) | ၂၇၄၅ | ၂၈၂၉ |
| HSD (10 ppm) | ၂၇၄၅ | ၂၈၂၉ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇ - ၄၁၁၃၇၃၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇ - ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း**

**လုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးကော်မတီ အစည်းအဝေး(၁/၂၀၂၄)ကျင်းပ



**နေပြည်တော် ဇူလိုင် ၃**

အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှကာကွယ်တားဆီးထိန်းသိမ်းရေးကော်မတီအစည်းအဝေး(၁/၂၀၂၄)ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ကာကွယ်ရေးဝန်ကြီးဌာနရုံး၌ကျင်းပသည်။

အစည်းအဝေးသို့အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့်ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း၊ ကော်မတီဝင်များ၊ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် တပ်မတော်မှတာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှကာကွယ်တားဆီးထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့်ပြည်ထောင်စုဝန်ကြီးဗိုလ်ချုပ်ကြီးတင်အောင်စန်းက ၂၀၀၄ ခုနှစ် ဇန်နဝါရီလ ၅ ရက်တွင် အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှထိန်းသိမ်းရေးကော်မတီကို စတင်ဖွဲ့စည်းဆောင်ရွက်ခဲ့ပြီး ကော်မတီ၏ အဓိကတာဝန်ဖြစ်သည့် တပ်မတော်အတွင်း အရွယ်မရောက်သေးသူ ကလေးသူငယ်များကိုစစ်သည်အဖြစ်စုဆောင်းခြင်းနှင့်အသုံးပြုမှုမရှိစေရေး၊ တပ်မတော်သို့ တာဝန်ထမ်းဆောင်ရန် ဝင်ရောက်လာသော သံသယဖြစ်ဖွယ်လူငယ်များကို လက်ခံမှုမရှိစေရေးနှင့် အသက်မပြည့်ကြောင်းစိစစ်တွေ့ရှိသည့်စစ်သည်များကို မိဘအုပ်ထိန်းသူများထံသို့ ပြန်လည်လွှဲပြောင်းခြင်းများ ဆောင်ရွက်ခဲ့ပါကြောင်း။

ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏အစီရင်ခံစာတွင် တပ်မတော်(ကြည်း) ပါဝင်နေခြင်းကို စာရင်းမှပယ်ဖျက်နိုင်ရန်အတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် Country Task Force on Monitoring and Reporting (CTFMR) တို့အကြား အရွယ်မရောက်သေးသူ ကလေးသူငယ်များအားစစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးဆိုင်ရာလုပ်ငန်းစီမံချက် Plan of Action ကို ၂၀၁၂ ခုနှစ် ဇွန်လ ၂၇ ရက်တွင် လက်မှတ်ရေးထိုးပြီး ပူးပေါင်းဆောင်ရွက်ခဲ့ပါကြောင်း၊ စီမံချက်အရ CTFMR နှင့်ပူးပေါင်းပြီး အရွယ်မရောက်သေးမီ မှားယွင်းစုဆောင်းခဲ့သည့် အသက်မပြည့်စစ်သည် ၁၀၅၇ ဦးကို တပ်မတော်မှ နုတ်ထွက်ခွင့်ပြုကာ တပ်မတော်နှင့် UNCT-FMR ပူးပေါင်းအဖွဲ့ဖြင့် မိဘအုပ်ထိန်းသူများထံ စနစ်တကျ ပြန်လည်လွှဲပြောင်းပေးခဲ့ပြီးဖြစ်ကြောင်း။

၂၀၂၃ ခုနှစ်အတွင်း CTFMR မှ ပေးပို့ထားသည့် အသက်မပြည့် သံသယရှိသူစစ်သည် ၉ ဦးအပါအဝင် ယခင်စာရင်းမှ ပယ်ဖျက်ပေးရန်ကျန် စုစုပေါင်း ၁၂၀ ကို CTFMR သို့ဆက်သွယ်၍ အမှုတွဲတိုက်ဆိုင်စစ်ဆေးပြီး မှန်ကန်ပါက နုတ်ထွက်ခွင့်ပြုနိုင်ရေးဆောင်ရွက်ရန်နှင့် မှန်ကန်မှုမရှိပါက စာရင်းမှပယ်ဖျက်ရေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လက်ရှိတွင် တပ်မတော်အနေဖြင့် တပ်သားသစ်စုဆောင်းရေးကဏ္ဍတွင် အရွယ်မရောက်သေးသူ ကလေးသူငယ်များအားစစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးကော်မတီနှင့်CTFMR တို့ သဘောတူသတ်မှတ်ပြဋ္ဌာန်းချက်များနှင့်အညီ ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများအတိုင်း အလေးထားလိုက်နာစုဆောင်းလျက်ရှိပါကြောင်း၊ အသိပညာပေးလုပ်ငန်းများကိုလည်း သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပေါင်းစပ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကော်မတီအစည်းအဝေးများကို ပုံမှန်ကျင်းပလျက်ရှိပြီး ကော်မတီ၏ရည်မှန်းချက်အတိုင်း တပ်မတော်အတွင်း ကလေးစစ်သားအသုံးပြုမှုမရှိစေရေး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို CTFMR သို့ အသိပေးအကြောင်းကြားလျက်ရှိပါကြောင်း။

အရွယ်မရောက်သေးသူ ကလေးသူငယ်များအားစစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးကော်မတီမှ CTFMR နှင့် ယခင်အတိုင်း ဆွေးနွေးမှုများကို စဉ်ဆက်မပြတ် ပူးပေါင်းဆက်သွယ်ဆောင်ရွက်လျက်ရှိကြောင်း၊ ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလ ၂၂ ရက်တွင် CTFMR နှင့်တွေ့ဆုံခဲ့ပြီး နှစ်ဖက်သဘောတူညီချက်အရ နည်းပညာပူးတွဲဥက္ကဋ္ဌ (Technical Co-Chairs) အဖွဲ့နှင့် အဖွဲ့ငယ်အဆင့် တွေ့ဆုံဆွေးနွေးခြင်း (Small Team Meeting)ဖြင့် နှစ်ဖက်တိုက်ဆိုင် စာရင်းရှင်းလင်းစစ်ဆေးအတည်ပြုရန်ဆွေးနွေးခဲ့ပါကြောင်း၊ ၂၀၁၀ ပြည့်နှစ်တွင် ပြဋ္ဌာန်းခဲ့သည့် ပြည်သူ့စစ်မှုထမ်းဥပဒေကို ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလ ၁၀ ရက်တွင် စတင်အကောင်အထည်ဖော် ကျင့်သုံးလျက်ရှိရာ ဥပဒေအရ ပြည်သူ့စစ်မှုထမ်းများဆင့်ခေါ်ရာတွင် အသက် ၁၈ နှစ်မပြည့်သူများမပါရှိစေရေး ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့အသီးသီးမှ စနစ်တကျကြပ်မတ်ဆောင်ရွက်လျက်ရှိပါကြောင်း။

ယခုနှစ်ထုတ်ပြန်သည့် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ ၂၀၂၃ ခုနှစ်အတွက် ကလေးသူငယ်များနှင့် လက်နက်ကိုင်ပဋိပက္ခဆိုင်ရာအစီရင်ခံစာတွင် တပ်မတော်နှင့်ဆက်စပ်နေသည့်အဖွဲ့များနှင့် ပြည်သူ့စစ်တို့က ကလေးသူငယ် ၁၁၀၂ ဦးကို စုဆောင်းခဲ့ပြီး ကြီးလေးသောကျူးလွန်မှု ၆ ရပ်တို့ကို တပ်မတော်ကကျူးလွန်ကြောင်း စွပ်စွဲဖော်ပြထားသည်ကိုတွေ့ရှိရပါကြောင်း၊ ၂၀၂၃ ခုနှစ်အတွင်း CTFMR က စုံစမ်းသည့် အသက်မပြည့်သူဟု သံသယရှိသူ စုစုပေါင်း ၉ ဦးသာရှိကြောင်း အကြောင်းကြားခဲ့သော်လည်း ယခုနှစ်အစီရင်ခံစာတွင် အသက်မပြည့်သေးသူ ၁၁၀၂ ဦးကို စစ်မှုထမ်းစေခဲ့သည်ဟု ချဲ့ကားဖော်ပြထားသည်ကိုတွေ့ရှိရသဖြင့် အဆိုပါအစီရင်ခံစာကို ကန့်ကွက်ပါကြောင်းနှင့် တုံ့ပြန်သည့်အချက်အလက်များကို ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ ကလေးသူငယ်များနှင့် လက်နက်ကိုင်ပဋိပက္ခဆိုင်ရာအထူးကိုယ်စားလှယ်ရုံး (Office of the Special Representative of the Secretary-General for Children and Armed Conflict-UNSRSG)သို့ ပေးပို့ခဲ့ပြီးဖြစ်သည့်အပြင် နိုင်ငံပိုင်၊ ရုပ်မြင်သံကြား၊ သတင်းစာများတွင် တရားဝင်သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် အစည်းအဝေးတက်ရောက်လာကြသည့် ကော်မတီဝင်များနှင့် ကိုယ်စားလှယ်များက အရွယ်မရောက်သေးသူကလေးသူငယ်များအား စစ်မှုထမ်းဆောင်ခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးလုပ်ငန်းနှင့် ပတ်သက်၍ ဖွဲ့စည်းထားသည့်လုပ်ငန်းအဖွဲ့များမှ လုပ်ငန်းတာဝန်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြခြင်း၊ ယခင်အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြခြင်းနှင့် ရှေ့လုပ်ငန်းစဉ်များအပေါ် သက်ဆိုင်ရာကဏ္ဍအလိုက် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်မည့် အခြေအနေများကို အကြံပြုဆွေးနွေးကြပြီး ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးသည်။

ယင်းနောက် အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းက နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ရန်ကုန်မြို့ ရေစီးရေလာကောင်းမွန်ရေး ဒုတိယမြို့တော်ဝန် ကြည့်ရှုစစ်ဆေး



**ရန်ကုန် ဇူလိုင် ၃**

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန် ဦးညီညီသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ဒဂုံမြို့နယ် ပြည်သူ့ရင်ပြင်နှင့် ပြည်သူ့ဥယျာဉ်အတွင်း မြေအောက်ရေစုကန်တည်ဆောက်နေမှု၊ ဒေါပုံမြို့နယ်ရှိ အလင်းရောင်မြစ်ထွက်ပေါက်၊ သာကေတမြို့နယ် ရွှေခင်းသာပတ်လမ်းရှိ အမှတ်(၃)မြစ်ထွက်ပေါက်၊ အမှတ်(၄)မြစ်ထွက်ပေါက်နှင့် အမှတ်(၇) မြစ်ထွက်ပေါက် ရေစီးရေလာအခြေအနေ၊ သာကေတမြို့နယ် ၉ ရပ်ကွက် ဧရာဝဏ်လမ်း လမ်းသားတိုးချဲ့ကွန်ကရစ်ခင်းကျင်းနေမှု၊ ၇/အရှေ့ရပ်ကွက် အတွင်းရွှေခင်းသာလမ်းထောင့် ဧရာဝဏ်ရေပေးဝေရေးစခန်း (၂)အတွင်း မြေအောက်ရေစုကန်တည်ဆောက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများဆောင်ရွက်ရာတွင် သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အမြန်ပြီးစီးရေးဆောင်ရွက်ရန်မှာကြားကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးကြောင်း သိရသည်။

**(သတင်းစဉ်)**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကိုကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

မြန်မာအမျိုးသမီးများနေ့ဂုဏ်ပြုဆောင်းပါး

# မြန်မာအမျိုးသမီးများကဏ္ဍမြှင့်တင်ရေး ပူးပေါင်းဆောင်ရွက်ပေး

**မောင်သောင်းဝင်း**
**(တမန်ဟောင်း)**

နှစ်စဉ် ဇူလိုင်လ ၃ ရက်နေ့တွင် မြန်မာအမျိုးသမီးများနေ့ အခမ်းအနားများကို နိုင်ငံတစ်ဝန်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိသည်။ ပြည်ထောင်စုကြီးအတွင်း မှီတင်းနေထိုင်လျက်ရှိသော အမျိုးသမီးအားလုံးကိုဂုဏ်ပြုသောအားဖြင့် ကျင်းပခြင်းဖြစ်သည်။ မြန်မာအမျိုးသမီးများသည် ကိုယ့်ထီး၊ ကိုယ့်နန်း၊ ကိုယ့်ကြငှန်းနှင့်နေထိုင်ခဲ့စဉ်ကတည်းကပင် အမျိုးသားများနှင့်ရင်ပေါင်တန်းကာ နိုင်ငံ့တာဝန်ကို စွမ်းစွမ်းတမံ ထမ်းဆောင်နိုင်ခဲ့ကြသည်။ ခေတ်အဆက်ဆက်တွင် မြန်မာအမျိုးသမီးများသည် အမျိုးသားရေးလှုပ်ရှားမှုများတွင်လည်းကောင်း၊ နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများတွင်လည်းကောင်း ဇွဲစိတ်သန်သန် အနစ်နာခံကာ တိုင်းချစ်ပြည်ချစ်စိတ်အပြည့်အဝဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ထို့ပြင် သမိုင်းတစ်လျှောက်တွင်လည်း ဘာသာသာသနာ၊ နိုင်ငံရေး၊ ပညာရေး၊ စာပေ၊ အနုပညာ၊ စီးပွားရေးစသည့်အရေးပါသော အခန်းကဏ္ဍများတွင် စွမ်းစွမ်းတမံပါဝင်ဆောင်ရွက်လျက်ရှိကြသည်။

**မြန်မာအမျိုးသမီးများနေ့**

၁၉၉၆ ခုနှစ် ဇူလိုင်လ ၃ ရက်တွင် ဖွဲ့စည်းထူထောင်ခဲ့သည့် မြန်မာနိုင်ငံအမျိုးသမီးရေးရာကော်မတီစတင်ဖြစ်တည်လာသောနေ့ကို အမျိုးသမီးများနေ့အဖြစ် သတ်မှတ်ကာ ကျင်းပပေးခြင်းဖြစ်သည်။ နိုင်ငံတော်အစိုးရသည် အမျိုးသမီးများ၏ လူမှုဘဝမြှင့်တင်ရေးအတွက် ထိုကော်မတီကိုဖွဲ့စည်းထူထောင်ပေးခဲ့ခြင်းဖြစ်သည်။ ထိုကော်မတီသည် အမျိုးသမီးများပညာရည်အဆင့်အတန်းမြင့်မားရေးနှင့် အမျိုးသမီးများအား အကြမ်းဖက်မှုမှကာကွယ်ပေးရန် အလေးထားဆောင်ရွက်လျက်ရှိသည်။ ထို့နောက် ၁၉၉၈ ခုနှစ် ဇူလိုင်လ ၃ ရက်မှစ၍ မြန်မာအမျိုးသမီးများ၏ထူးချွန်ထက်မြက်သည့်စွမ်းဆောင်ရည်များနှင့် လေးစားဂုဏ်ယူဖွယ် ဂုဏ်ဒြပ်များကိုဂုဏ်ပြုသောအားဖြင့် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် အခမ်းအနားများကို နှစ်စဉ်ကျင်းပကြသည်။

၂၀၂၄ ခုနှစ် မြန်မာအမျိုးသမီးများနေ့အခမ်းအနားကို ဇူလိုင်လ ၃ ရက် နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ (MICC -II) ၌ ကျင်းပခဲ့ရာ ၂၀၂၃ ခုနှစ်အတွင်း ကဏ္ဍအလိုက်ထူးချွန်အမျိုးသမီးဆုများကို ချီးမြှင့်ခြင်းနှင့် ၂၀၂၄ ခုနှစ် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ်အဖြစ် ထုတ်ကုန်ပစ္စည်းများခင်းကျင်းပြသခြင်းတို့ကို ခမ်းခမ်းနားနားဆောင်ရွက်ခဲ့ပြီး ထိုအခမ်းအနားသို့ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီးဒေါ်ကြူကြူလှ တက်ရောက်ချီးမြှင့်ခဲ့သည်။




ထို့ပြင် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ်အကြို လှုပ်ရှားမှုအဖြစ် "ခေတ်ပြိုင်ဆင်ယင်၊ ယဉ်ကျေးအသွင်၊ တင့်တယ်ခြယ်သ၊ မြန်မာအမျိုးသမီးများ အလှ ဝတ်စားဆင်ယင်မှုပြပွဲနှင့် ပဒေသာကပွဲ" ကို ၂၀၂၄ ခုနှစ် ဇူလိုင်လ ၁ ရက်က နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ (MICC-II)၌ ကြီးကျယ်ခမ်းနားစွာကျင်းပခဲ့သည်။

မြန်မာအမျိုးသမီးများသည် ရှေးအစဉ်အလာကတည်းက အမျိုးသားများနည်းတူ သာတူညီမျှ လူ့အခွင့်အရေးများကို ယနေ့အထိ နိုင်ငံတကာစံချိန်စံညွှန်းများနှင့် ကိုက်ညီစွာခံစားနေကြရကြောင်း အားလုံးသိရှိပြီးဖြစ်သည်။ ခေတ်အဆက်ဆက်မှာ မိသားစု၊ လူ့အဖွဲ့အစည်း၊ နိုင်ငံနှင့်လူမျိုးအကျိုးစီးပွားကာကွယ်စောင့်ရှောက်ရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးနယ်ပယ်အသီးသီးတွင် အမျိုးသမီးများမှာ အမျိုးသားများနှင့် တန်းတူရင်ပေါင်တန်းပြီး လွတ်လပ်တက်ကြွစွာ ပါဝင်ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် အမျိုးသမီးများ၏ဘဝလုံခြုံရေး၊ ဖွံ့ဖြိုးတိုးတက်ရေးကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်စေရန် အမျိုးသမီးများ ကိုယ်တိုင်ဦးဆောင်သော မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ကို ၂၀၀၃ ခုနှစ် ဒီဇင်ဘာလ ၂၀ ရက်တွင် စတင်ဖွဲ့စည်းခဲ့ပြီး ကုလသမဂ္ဂ၏ထောင်စုနှစ်ပန်းတိုင် (၁၇)ရပ်အနက် ပန်းတိုင် (၅) "ကျား၊ မ တန်းတူညီမျှမှုရရှိရေးနှင့် အမျိုးသမီးများအားလုံး စွမ်းပကားတိုးမြှင့်စေရေး" (Goal 5-Achieve gender equality and empower all women and girls.)ဟူသည့် အချက်အရ အမျိုးသမီးများ၏စွမ်းဆောင်ရည်မြှင့်မားရေးအတွက် ပညာရေး၊ ကျန်းမာရေး၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများတွင် အကူအညီများဆောင်ရွက်ပေးလျက်ရှိသည်။

**အမျိုးသမီးရေးရာကော်မတီ၏ကြိုးပမ်းမှုများ**

မြန်မာနိုင်ငံတွင် အမျိုးသမီးများဘဝလုံခြုံမှုရှိစေရေးနှင့် ဘက်စုံဖွံ့ဖြိုးတိုးတက်

**❖ မြန်မာအမျိုးသမီးများသည် လောကကိုတစ်ဖက်တစ်လမ်းမှ တာဝန်ယူသူများ၊ လူငယ်လူရွယ်များ၏အနာဂတ်ကို လှပအောင်ဖန်တီးသူ ဥယျာဉ်မှူးများဖြစ်ကြသည်။ တစ်နည်းအားဖြင့် အနာဂတ်နိုင်ငံတော်အတွက် လူ့စွမ်းအားအရင်းအမြစ်များကို ပုံသွင်းထုဆစ်ပေးကြသည့် ဗိသုကာပညာရှင်များဖြစ်ကြသည်။**

စေရေးအတွက် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီနှင့် လုပ်ငန်းကော်မတီအဆင့်ဆင့်ကို ဖွဲ့စည်းထားပြီးဖြစ်သည်။ ထိုကော်မတီ၏ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် မြန်မာနိုင်ငံအမျိုးသမီးများနှင့်ကလေးသူငယ်များဘဝမြှင့်တင်ရေးအသင်းကြီးများသည် အမျိုးသမီးများ သာတူညီမျှအခွင့်အလမ်းများ ရရှိခံစားနိုင်စေရန် အားသွန်ခွန်စိုက် လှုပ်ရှားဆောင်ရွက်လျက်ရှိကြသည်။

မြန်မာနိုင်ငံသည် အာဆီယံအမျိုးသမီးရေးရာကော်မတီနှင့် အာဆီယံအမျိုးသမီးနှင့် ကလေးသူငယ်အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးနှင့် မြှင့်တင်ရေးကော်မရှင်တွင် ပါဝင်ဆောင်ရွက်လျက်ရှိသည်။ ထို့ပြင် အမျိုးသမီးများကို နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှုပပျောက်ရေးဆိုင်ရာ ကုလသမဂ္ဂသဘောတူစာချုပ်ကိုလည်း လက်မှတ်ရေးထိုးထားပြီးဖြစ်သည်။ မြန်မာနိုင်ငံသည် မဲခေါင်ဒေသတွင်းနိုင်ငံများအနက် လူကုန်ကူးမှုတားဆီးရေးဥပဒေကို ပထမဆုံးရေးဆွဲပြဋ္ဌာန်းနိုင်သည့် နိုင်ငံလည်းဖြစ်သည်။

အမျိုးသမီးရေးရာကော်မတီသည် အမျိုးသမီးများအကြမ်းဖက်မှုမှကာကွယ်စောင့်ရှောက်ရေးဥပဒေကို နိုင်ငံတကာစံချိန်စံညွှန်းများနှင့်အညီ ရေးဆွဲရေး၊ အမျိုးသမီးများအခွင့်အရေးနှင့် ကျား၊ မ တန်းတူညီမျှမှုဆိုင်ရာအသိပညာပေးမှုအစီအစဉ်များ၊ အမျိုးသမီးများကို နည်းမျိုးစုံဖြင့်ခွဲခြားဆက်ဆံမှုပပျောက်ရေးကွန်ဗင်းရှင်းတွင်ပါဝင်သည့်ပြဋ္ဌာန်းချက်များ၊ အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာမဟာဗျူဟာစီမံကိန်းတွင်ပါဝင်သည့်ပြဋ္ဌာန်းချက်များကိုအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

**ဣန္ဒြေကြီးမားသူများ**

မြန်မာနိုင်ငံသည် ရှေးယခင်ကတည်းက ယဉ်ကျေးမှုအဆင့်အတန်းမြင့်မားခဲ့သည်ကို ပုံတောင်ကျောက်ဖြစ်ရုပ်ကြွင်းများက သက်သေတည်လျက်ရှိသည်။ ထိုသို့ယဉ်ကျေးမှုမြင့်မားမှုနှင့်အတူ မြန်မာအမျိုးသမီးများ၏ ဝတ်စားဆင်ယင်ထုံးဖွဲ့မှု၊ ပြောဆိုနေထိုင်မှုအဆင့်အတန်းသည်လည်း မြင့်မားခဲ့သည်။ ခေတ်အဆက်ဆက်တွင် မြန်မာအမျိုးသမီးများ ဝတ်ဆင်ခဲ့သော ချိတ်ထဘီနှင့်ရင်ဖုံးအင်္ကျီသည် ကြည့်မဝနိုင်သောဖက်ရှင်ပင်ဖြစ်သည်။ နက်မှောင်ရှည်လျားဖြောင့်ဆင်းနေသော ဆံကေသာအလှသည်လည်း မြန်မာအမျိုးသမီးများ၏ ကျက်သရေရှိသောအလှတွင် ပါဝင်လျက်ရှိသည်။ ထို့ပြင် မြန်မာအမျိုးသမီးများသည် ဣန္ဒြေကြီးမားသောအမျိုးကောင်းသမီးများပင်ဖြစ်ကြသည်။ ဆင်မယဉ်သာ၊ ကွမ်းတောင်ကိုင်၊ ပန်းတောင်ကိုင်၊ "အမျိုးသမီးတို့ ဣန္ဒြေရွှေပေးလို့မရ" ဆိုသောစကားများသည် မြန်မာအမျိုးသမီးများကို တင်စားပြောဆိုထားသည့် စကားရပ်ပင်ဖြစ်သည်။ ဝတ်စားဆင်ယင်ထုံးဖွဲ့မှု ယဉ်ကျေးသိမ်မွေ့လှသော မြန်မာအမျိုးသမီးတစ်ဦး၏ ခြေသလုံးသားကိုပင် မြင်တွေ့ဖို့ရန်ခဲယဉ်းလှသည်။

**မွေးရာပါအခွင့်အရေးများ**

မြန်မာနိုင်ငံတွင် မြတ်စွာဘုရားလက်ထက်ကတည်းကပင် အမျိုးသမီးများကို အမျိုးသားများကဲ့သို့ တန်းတူအခွင့်အရေးများပေးခဲ့ရာ မျက်မှောက်ကာလအထိပင်ဖြစ်သည်။ မြန်မာအမျိုးသမီးများသည် လွတ်လပ်စွာကိုးကွယ်ခွင့်၊ ပညာသင်ကြားခွင့်၊ သွားလာခွင့်နှင့်မိမိချစ်ခင်စုံမက်သူကို ရွေးချယ်လက်ထပ်ခွင့်များ ရှိကြသည်။ မြန်မာနိုင်ငံတွင် ခွဲခြားဆက်ဆံမှုနှင့် ကန့်သတ်ချုပ်ချယ်မှု မရှိသောကြောင့် အမျိုးသမီးများသည် ကြိုးစားလျှင်ကြိုးစားသလောက် ခံစားခွင့်ရှိကြသည်။ အထူးသဖြင့် အစိုးရအဖွဲ့ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် နိုင်ငံ့ကိုယ်စားပြု သံအမတ်ကြီးများအဆင့်ကဲ့သို့ ကြီးလေးသော တာဝန်များကိုပင် အမျိုးသားများနည်းတူ တာဝန်ယူထမ်းဆောင်လျက်ရှိကြသည်။

ထို့ကြောင့် မြန်မာနိုင်ငံရှိ အမျိုးသမီးများသည် အမျိုးသားများနည်းတူသာတူညီမျှအခွင့်အလမ်းများရရှိလျက်ရှိသောကြောင့် ကမ္ဘာပေါ်တွင် ကံကောင်းသော အမျိုးသမီးများဟုပင် ဆိုရမည်ဖြစ်သည်။ လက်ရှိအချိန်တွင် နိုင်ငံတော်အစိုးရက ထူးချွန်သောအမျိုးသမီးများကို ထိုက်ထိုက်တန်တန် ချီးမြှောက်ပေးလျက်ရှိသည်။ ထိုအခွင့်အလမ်းကောင်းများကို လက်ဝယ်ပိုင်ဆိုင်နိုင်ရေးအတွက် အမျိုးသမီးများသည် အမျိုးသားများနှင့်အပြိုင် ကြိုးပမ်းအားထုတ်သွားရန်လိုအပ်သည်။ မြန်မာနိုင်ငံတွင် အမျိုးသမီးများသည် နိုင်ငံရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေးကဏ္ဍတွင်သာမက ကာကွယ်ရေးကဏ္ဍ၌ပင်လျှင် ပါဝင်ထမ်းဆောင်ခွင့် ရရှိနေပြီဖြစ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ၂၀၂၄ ခုနှစ် ဇူလိုင်လ ၃ ရက် မြန်မာအမျိုးသမီးများနေ့ အခမ်းအနားတွင် မိန့်ခွန်းပြောကြားရာ၌ **"၂၀၂၃ ခုနှစ်မှာ UN Women နဲ့ UNDP တို့ ပူးပေါင်းဆောင်ရွက်ခဲ့တဲ့ "ကမ္ဘာလုံးဆိုင်ရာ အမျိုးသမီးများစွမ်းဆောင်နိုင်မှုနဲ့ ကျား၊ မ တန်းတူညီမျှရေး လေ့လာဆန်းစစ်ချက်အစီရင်ခံစာ"** အရ **ညွှန်းကိန်းများအနေနဲ့ (၀ ဒသမ ၈) အထက်က အမြင့်ဆုံးဖြစ်ပြီး (၀ ဒသမ ၆) အထက်ဟာ အလယ်အလတ်ဖြစ်ကြောင်း၊ မြန်မာအမျိုးသမီးများ စွမ်းဆောင်နိုင်မှု**

**စာမျက်နှာ ၁၃ သို့ ➢**

➢ စာမျက်နှာ ၁၂ မှအဆက်

**ညွှန်းကိန်းမှာ (၀ ဒသမ ၅၁၈)၊ ကျား၊ မ ရေးရာ ညွှန်းကိန်းမှာ (၀ ဒသမ ၅၉၈) တို့ ဖြစ်တဲ့အတွက် အလယ်အလတ်အဆင့်ရဲ့ အောက်နားမှာ ရှိနေကြောင်း၊ လူသား ဖွံ့ဖြိုးတိုးတက်မှုညွှန်းကိန်းအနေနဲ့ကတော့ (၀ ဒသမ ၅၅၀)နဲ့ (၀ ဒသမ ၆၉၉) ကြား ရှိတဲ့အတွက် အလယ်အလတ်အဆင့်မှာရှိ ကြောင်း၊ ဒါ့ကြောင့်အမျိုးသမီးတွေကို ကဏ္ဍအသီးသီးမှာစွမ်းဆောင်ရည် ပြည့်ဝပြီး ကျား၊ မ တန်းတူရည်တူပါဝင်နိုင်မှု ပိုမို တိုးတက်မြင့်မားရေးကို အလေးထားပြီး ဆက်လက်ဆောင်ရွက်ပေးကြရမှာဖြစ် ကြောင်း”** ထည့်သွင်းပြောကြားခဲ့သည်။

**ကံကောင်းသောမြန်မာအမျိုးသမီးများ**


မြန်မာနိုင်ငံတွင်မူ မိဘများသည် သားနှင့် သမီးနှစ်ဦးစလုံးကိုရတနာလိုပင် သဘော ထားကြသည်။ မြန်မာ့လူမှုအဖွဲ့အစည်း တွင် သားနှင့်သမီးကို ခွဲခြားဆက်ဆံလေ့ မရှိဘဲတစ်ပြေးညီသာ ဆက်ဆံကြသည်။ မိဘများ၏အမွေကိုလည်း သားနှင့်သမီး များကို ညီတူညီမျှခွဲဝေပေးသည့် အလေ့ အထ ကောင်းများရှိနေသည်။ ထို့ကြောင့် မြန်မာနိုင်ငံတွင်လူဖြစ်ရသော အမျိုးသမီး များသည် ခွဲခြားဆက်ဆံခြင်းခံနေရသည့် ကမ္ဘာ့အခြားနိုင်ငံများရှိအမျိုးသမီးများနှင့် မတူ အမျိုးသမီးအခွင့်အရေးများ ပိုမို ရရှိခံစားနေကြရသူများဖြစ်ကြသည်။ ထို့ကြောင့် မြန်မာအမျိုးသမီးများသည် မိမိတို့ရရှိထားသည့် အခွင့်အလမ်းများကို ပိုင်နိုင်စွာအသုံးချလျက် တိုင်းပြည်နှင့် လူမျိုးအကျိုးကို တတ်အားသရွေ့ သယ်ပိုး ဆောင်ရွက်သွားသင့်သည်။

မြန်မာနိုင်ငံ လူဦးရေ၏ထက်ဝက်ကျော် ကို ကိုယ်စားပြုသည့် အမျိုးသမီးများမှာ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံ သော ပြည်ထောင်စုတည်ဆောက်ရေး တွင်အရေးပါသည့် အင်အားစုတစ်ရပ် ဖြစ်ပြီးနိုင်ငံအတွက် အလွန်အဖိုးတန် သော လူသားအရင်းအမြစ်များဖြစ်ကြ သည်။ မြန်မာအမျိုးသမီးများသည် လောကကိုတစ်ဖက်တစ်လမ်းမှ တာဝန် ယူသူများ၊လူငယ်လူရွယ်များ၏အနာဂတ် ကို လှပအောင်ဖန်တီးသူ ဥယျာဉ်မှူး များဖြစ်ကြသည်။ တစ်နည်းအားဖြင့် အနာဂတ် နိုင်ငံတော်အတွက် လူ့စွမ်းအားအရင်းအမြစ်များကို ပုံသွင်း ထုဆစ်ပေးကြသည့် ဗိသုကာပညာရှင်များ ဖြစ်ကြသည်။

**မြန်မာအမျိုးသမီးများကဏ္ဍမြှင့်တင်ရေး ပူးပေါင်းဆောင်ရွက်ပေး**

ဆိုရလျှင် မြန်မာနိုင်ငံသည် ယဉ်ကျေးမှု အဆင့်အတန်းမြင့်မားသောနိုင်ငံပင်ဖြစ် သည်။ ထို့ကြောင့် ရေမြင့်ကြာတင့်ဆိုသလို မြန်မာအမျိုးသမီးများ၏ ဝတ်စားဆင်ယင် ထုံးဖွဲ့မှုသည်လည်း အဆင့်အတန်းမြင့်မား လျက်ရှိသည်။ ခေတ်အဆက်ဆက်တွင် မြန်မာအမျိုးသမီးများ ဝတ်ဆင်ခဲ့သော ဆင်ယင်ထုံးဖွဲ့မှုသည် တစ်မူထူးခြားမှု ရှိသဖြင့် နိုင်ငံခြားသားများသည်ပင်လျှင် ခုံမင်နှစ်သက်စွာ ဝတ်ဆင်လျက်ရှိကြ သည်။ ထို့ကြောင့် မြန်မာအမျိုးသမီးများ သည် ယဉ်ကျေးမှုမြင့်မားသည့် မြန်မာ တို့၏ဝတ်စားဆင်ယင်မှု၊ အနေအထိုင်နှင့် အပြုအမူများကို စဉ်ဆက်မပြတ်ထိန်းသိမ်း သွားရန်လိုအပ်ပေသည်။ တချို့သောနိုင်ငံ များတွင် အမျိုးသမီးများအား ခွဲခြားဆက်ဆံ ပြီး ဖျော်ဖြေရေးအဆင့်မျှသာ သဘောထား နေချိန်တွင် မြန်မာနိုင်ငံရှိ အမျိုးသမီးများ သည် အမျိုးသားများနည်းတူ နိုင်ငံတော် တည်ဆောက်ရေးကဏ္ဍများတွင် ပါဝင် စွမ်းဆောင်ခွင့်ရရှိနေကြသည်။ အထူး သဖြင့် မြန်မာအမျိုးသမီးများအားလုံး သက်ရှင်နေထိုင်စဉ် ကာလအတွင်း ကြောက်လန့်စိုးရိမ်မှုမှကင်းဝေးပြီး လုံခြုံ စိတ်ချစွာ ဂုဏ်သိက္ခာရှိရှိနေထိုင်နိုင်ရေး အတွက် ၎င်းတို့၏ကဏ္ဍမြှင့်တင်ရာတွင် တတ်နိုင်သမျှ ပူးပေါင်းဆောင်ရွက်သွား ကြပါစို့ဟု အကြံပြုတိုက်တွန်းသွားလိုပါ သည်။ ။

## မိုးလေဝသ သတင်း




| မြို့ | အနိမ့်ဆုံး | / အမြင့်ဆုံးအပူချိန် |
|---|---|---|
| နေပြည်တော် | ၂၄˚C / | ၃၀.၆˚C |
| ရန်ကုန် | ၂၄˚C / | ၃၁.၅˚C |
| မန္တလေး | ၂၇˚C / | ၃၇.၀˚C |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

နေပြည်တော် ဇူလိုင် ၃

# စိုက်ကေပြည့်မီရေး၊ ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် ရေ၊ မြေ၊ မျိုးနှင့် နည်းပညာပေးလုပ်ငန်းများ စနစ်တကျအသုံးချရန်လိုအပ်




စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ အောင်ကြီးသည် ဇူလိုင်လ ၁ ရက်က ပဲခူး တိုင်းဒေသကြီး ကြို့ပင်ကောက်မြို့နယ်၌ စိုက်ပျိုးရေးသုတေသနဦးစီးဌာနက ထုတ် လုပ်သည့် YSR-1(Yezin Super Rice) စပါးမျိုးသစ် (၁၀၂)ဧက စိုက်ပျိုး၍ မျိုးသန့် မျိုးပွားဆောင်ရွက်နေမှုကို သွားရောက် ကြည့်ရှုစစ်ဆေးပြီး ဒေသခံတောင်သူများနှင့် တွေ့ဆုံကာ သီးထပ်စွမ်းအား တိုးတက် ရေးနှင့်တောင်သူများ လူနေမှုအဆင့်အတန်း မြင့်မားရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေး ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ဇီးကုန်း မြို့နယ် နွားတဲကုန်းကျေးရွာတွင် ဗီယက်နမ် မျိုး နွေစပါး စံကွက်ရိတ်သိမ်းနေမှုကို သွား ရောက်ကြည့်ရှုအားပေးပြီး ဒေသခံတောင်သူ များနှင့် တွေ့ဆုံကာ မိုးစပါးစိုက်ပျိုးရန် YSR-1(Yezin Super Rice) စပါးမျိုးစေ့ကို ထောက်ပံ့ပေးအပ်သည်။

ယခု စံကွက်ရိတ်သိမ်းသည့် ဗီယက်နမ်မျိုး နွေစပါး တစ်ဧကလျှင် စပါးအခြောက် ၁၁၁ ဒသမ ၂၂ တင်းထွက်ရှိကြောင်း သိရ သည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် ပြည်မြို့ ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေး ဦးစီးဌာန၌ တိုင်း၊ ခရိုင်နှင့်မြို့နယ်လယ်ယာ ကဏ္ဍဆိုင်ရာ တာဝန်ရှိသူများနှင့်တွေ့ဆုံပြီး သီးထပ်စွမ်းအား မြှင့်တင်ရေး၊ ပန်းတိုင် အထွက်နှုန်းရရှိရေး၊ ဒေသ၏ထူးခြားသော ဝိသေသလက္ခဏာများပါဝင်သည့် လယ်ယာ စီးပွားအခြေခံသော ကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးလာစေရေးကိစ္စရပ်များကို ဆွေးနွေး မှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် ပြည်မြို့နယ် ငါးရွာအုပ်စု တောင်သူဦးအေး မြင့်၏ ဆင်းရတနာတိုး နှမ်းဘောင်ကြီးတင် စနစ်စိုက်ခင်းကို သွားရောက်ကြည့်ရှုအားပေး ပြီး ဆီထွက်သီးနှံများ တိုးချဲ့စိုက်ပျိုးထုတ် လုပ်ရေးနှင့် ဆီစက်များ၏ ကြိတ်ခွဲထုတ် လုပ်နိုင်မှုစွမ်းအားမြှင့်တင်ရေး၊ ဒေသ၊ ရေ မြေနှင့်ကိုက်ညီသည့် ဆီထွက်သီးနှံမျိုးကောင်း မျိုးသန့်များအသုံးပြုနိုင်ရေး၊ တောင်သူများ အတွက် ဝင်ငွေအကျိုးအမြတ်ပိုမိုရရှိစေမည့် အထွက်နှုန်းဖြစ်စေရေး၊ သွင်းအားစု ဓာတ်မြေဩဇာများ အချိုးမှန်ကန်စွာသုံးစွဲ ရေးကိစ္စရပ်များကို ဆွေးနွေးမှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် မကွေး တိုင်းဒေသကြီး အောင်လံမြို့နယ် ပျဉ်းပင်လှ ကျေးရွာရှိ ဒုရင်ဗိုလ်မြစ်ရေတင်စီမံကိန်းသို့ ရောက်ရှိပြီး မြစ်ရေတင်လုပ်ငန်း၊ ထပ်ဆင့် ရေတင်စခန်းများနှင့် ရေသောက်ဧရိယာ အတွင်း စိုက်ပျိုးရေပေးဝေနေမှုကို ကြည့်ရှု စစ်ဆေးသည်။

ညနေပိုင်းတွင် အောင်လံမြို့ရှိ စိုက်ပျိုးရေး ဦးစီးဌာန ဝါနှင့်လျှော်မျှင်ဌာနခွဲ ဝါသီးနှံ မျိုးသန့်ခြံ၏ ချည်မျှင်ရှည်ဝါစိုက်ပျိုးထုတ် လုပ်မှုဆိုင်ရာ သုတေသနလုပ်ငန်းဆောင် ရွက်မှုနှင့် ဝါမျိုးစေ့ဖြန့်ဖြူးပေးနေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဝါစိုက် တောင်သူများနှင့်တွေ့ဆုံကာ အထွက်နှုန်း နှင့် အရည်အသွေးမြင့်မားသည့် ဝါမျိုး ကောင်းမျိုးသန့်များ အသုံးပြုစိုက်ပျိုးနိုင်ရေး၊ ပြည်တွင်းချည်မျှင်နှင့် အထည်စက်ရုံများ၏ ဝါဂွမ်းလိုအပ်ချက်နှင့် ဝါဂွမ်းဈေးကွက် အလားအလာများကို ဆွေးနွေးပြောကြား၍ ပိုက်ဆံလျှော်ကို သစ်စိမ်းမြေဩဇာအဖြစ် မြေမြှုပ်သရုပ်ပြခြင်းကို တောင်သူများနှင့် အတူ ကြည့်ရှုအားပေးသည်။

ထို့နောက် အောင်လံခရိုင် အထွေထွေ အုပ်ချုပ်ရေးမှူးရုံး၌ ဝါသီးနှံစိုက်ပျိုးထုတ် လုပ်သူတောင်သူများ၊ ဝါလုပ်ငန်းရှင်များနှင့် တွေ့ဆုံ၍ စက်မှုကုန်ကြမ်းသီးနှံဝါစိုက်ပျိုးမှု ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝန်ကြီးဌာန၏ ကူညီဆောင်ရွက်ပေးနေမှုများ၊ **ဝါဂွမ်းမွေး အရည်အသွေးကောင်းမွန်ရေးနှင့် ဈေးနှုန်း မှန်ကန်စွာရရှိရေး၊ ဝါလုပ်ငန်းရေရှည်ဖွံ့ဖြိုး တိုးတက်ရေးအတွက် ဝါတောင်သူနှင့် ဝါလုပ်ငန်းရှင်များ အပြန်အလှန် အကျိုးပြု နိုင်ရေး ပူးပေါင်းဆောင်ရွက်ရန်** လိုအပ်ချက် များကို ဆွေးနွေးပြောကြားကာ ဝါစိုက် တောင်သူများကို ဝါမျိုးစေ့များ ထောက်ပံ့ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

နေပြည်တော် ဇူလိုင် ၃

# ပညာရေးဝန်ကြီးဌာန မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပ



၂၀၂၄ ခုနှစ် ပညာရေးဝန်ကြီးဌာန မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော် ပုဗ္ဗသီရိ မြို့နယ် အမှတ်(၂၀) အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပသည်။

သစ်ပင်စိုက်ပျိုးပွဲသို့ ပညာရေးဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ၊ ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်နှင့် ဒေါက်တာမိုးဇော်ထွန်း၊ ပညာရေးဝန်ကြီး ဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယ အမြဲတမ်းအတွင်းဝန်များ၊ ဒုတိယညွှန်ကြား ရေးမှူးချုပ်များ၊ နေပြည်တော်ကောင်စီ နယ်မြေ ပညာရေးမှူးနှင့်အဖွဲ့များ၊ ခရိုင်၊ မြို့နယ်ပညာရေးမှူးများ၊ ကျောင်းအုပ်ကြီး များ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် တာဝန်ရှိသူများ တက်ရောက်စိုက်ပျိုးကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက သတ်မှတ် နေရာတွင် ကံ့ကော်ပင်ကို ဦးဆောင်စိုက်ပျိုး ပေးပြီး ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူ များက ပျိုးပင်များကို ဆက်လက်စိုက်ပျိုးပေး ကြကာ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ စုပေါင်းသစ်ပင်စိုက်ပျိုးနေ မှုကို လိုက်လံကြည့်ရှုအားပေးကြသည်။

ယနေ့သစ်ပင်စိုက်ပျိုးပွဲတွင် ကံ့ကော် တစ်ပင်၊ ခရေပင် ၅၀၊ စိန်ပန်းနီပင် ၅၀၊ ဆီသပြေပင် ၅၀၊ ရေတမာပင် ၄၉ ပင်၊ သပြေဘူတပင် ၄၅ ပင်၊ ငုဝါပင် ငါးပင် စိုက်ပျိုးခဲ့ကြောင်းသတင်းရရှိသည်။

**(သတင်းစဉ်)**

---

နေပြည်တော် ဇူလိုင် ၃

# ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးသင်တန်း အမှတ်စဉ်(၁၅)နှင့် အဆင့်မြင့်အရာထမ်း သင်တန်း အမှတ်စဉ်(၁၇)တို့၏ သင်တန်းဆင်းပွဲအခမ်းအနားကျင်းပ



နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာ ပြည်)တွင် ဝန်ထမ်းအဖွဲ့အစည်းအကြီး အမှူးသင်တန်း အမှတ်စဉ်(၁၅)နှင့် အဆင့် မြင့်အရာထမ်းသင်တန်း အမှတ်စဉ်(၁၇) တို့၏ သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့ နံနက် ၈ နာရီတွင် နီလာခန်းမ၌ ကျင်းပရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးအောင်သော်၊ ဥက္ကဋ္ဌရုံးအဖွဲ့ ညွှန်ကြားရေး မှူးချုပ်၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက် မြန်မာပြည်)မှ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခ ချုပ်များ၊ တက္ကသိုလ်သင်ကြား/စီမံဌာန များမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဖိတ်ကြားထား သောဧည့်သည်တော်များနှင့်သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ခဲ့ကြသည်။

သင်တန်းဆင်းပွဲတွင် ပြည်ထောင်စုရာထူး ဝန်အဖွဲ့ဥက္ကဋ္ဌက သင်တန်းကို နိုင်ငံတော် ၏မူဝါဒ၊ လုပ်ငန်းစဉ်များကို ကောင်းစွာ သိရှိစေရန်၊ ကောင်းမွန်သောအုပ်ချုပ်မှုစနစ် သဘောတရားကိုနားလည်ပြီး သန့်ရှင်း သော အစိုးရအကောင်အထည်ဖော်ရာ၌ အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်၏ အုပ်ချုပ်မှုယန္တရားအတွင်း နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့်စီမံခန့်ခွဲမှုဆိုင်ရာ ဗဟုသုတများ ရရှိစေပြီး နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေ များ၊ အပြည်ပြည်ဆိုင်ရာဥပဒေတို့ကိုသိရှိ ကာ စီမံခန့်ခွဲရေးလုပ်ငန်းတာဝန်ထမ်းဆောင် ရာတွင် ဥပဒေနှင့်အညီ ကျင့်သုံးလိုက်နာ တတ်စေရန်၊ စီမံခန့်ခွဲမှုဆိုင်ရာ အယူအဆ သစ်များကိုလေ့လာသိရှိပြီး မိမိတာဝန် ယူရသည့် စီမံခန့်ခွဲမှု၊ အုပ်ချုပ်ရေးကဏ္ဍ တို့တွင် ဦးဆောင်နိုင်မှုစွမ်းရည် မြင့်မားလာ စေရန်၊ နိုင်ငံတော်နှင့် ပြည်သူတို့၏အကျိုး စီးပွားကို ဦးထိပ်ပန်ဆင်ကာ နိုင်ငံတော်၏ အဆင့်မြင့်တာဝန်များကို ခေါင်းဆောင် ကောင်းများပီသစွာဖြင့် အောင်မြင်စွာသယ်ပိုး ထမ်းရွက်နိုင်မည့် အနာဂတ်ဝန်ထမ်း အဖွဲ့အစည်း အကြီးအမှူးကောင်းများနှင့် အဆင့်မြင့်အရာရှိကောင်းများ ပေါ်ထွက်လာ စေရေးအတွက် လေ့ကျင့်ပျိုးထောင်ပေးရန် နှင့် ဘက်ပေါင်းစုံမှစဉ်းစားတွေးခေါ် မြော်မြင် တတ်စေရန်တို့အတွက် ရည်ရွယ်ဖွင့်လှစ် ခဲ့ခြင်းဖြစ်ကြောင်း။


ယခုသင်တန်းကရရှိခဲ့သည့် ဘာသာ ရပ်ဆိုင်ရာ ဗဟုသုတ၊ အတွေ့အကြုံများကို မိမိတို့လုပ်ငန်းခွင်တွင် အကျိုးရှိရှိအသုံးချ ကြရန်၊ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုး တိုးတက်စေရေး နိုင်ငံတော်၏စီမံအုပ်ချုပ်မှု ယန္တရားအတွင်း ကျရာကဏ္ဍမှ စေတနာထား ၍ တာဝန်ယူမှု၊ တာဝန်ခံမှုများဖြင့် တာဝန်ကျေပွန်စွာ ဆောင်ရွက်ကြရန်နှင့် မိမိတို့လုပ်ငန်းတာဝန်များကို ထူးချွန်ပြောင် မြောက်စွာ ဆောင်ရွက်နိုင်စွမ်းရှိသူများ အဖြစ် အစဉ်ကြိုးပမ်းထမ်းဆောင်ကြရန် တိုက်တွန်းမှာကြားခဲ့ပြီး သင်တန်းဆင်း အောင်လက်မှတ်များ ချီးမြှင့်ခဲ့သည်။

ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးသင်တန်း အမှတ်စဉ်(၁၅)သို့ သင်တန်းသား၊ သင်တန်း သူ ၂၃ ဦးနှင့် အဆင့်မြင့်အရာထမ်းသင်တန်း အမှတ်စဉ်(၁၇)သို့ သင်တန်းသား၊ သင်တန်း သူ ၃၈ ဦး တက်ရောက်ခဲ့ကြပြီး သင်တန်း ကာလမှာ မေလ ၆ ရက်မှ ဇူလိုင်လ ၃ အထိဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

---

နေပြည်တော် ဇူလိုင် ၃

# နေပြည်တော်ကောင်စီဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီအစည်းအဝေးသို့ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးတက်ရောက်



ပြည်ထောင်စုနယ်မြေ နေပြည်တော် အတွင်း ခရီးသွားလုပ်ငန်းများဖွံ့ဖြိုးတိုးတက် စေရေးအတွက် နေပြည်တော်ကောင်စီ ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီ (၃/၂၀၂၄)အစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ကောင်စီရုံး၌ ကျင်းပသည်။

အစည်းအဝေးသို့နေပြည်တော်ကောင်စီ ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော်ကောင်စီဝင် များ၊ နေပြည်တော်အဆင့်ဌာနဆိုင်ရာများ၊ ကော်မတီအဖွဲ့ဝင်များ၊ နေပြည်တော်ခရီး သွားလုပ်ငန်းရှင်များအသင်း၊ ဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များအသင်းနှင့် ပုဂ္ဂလိက ခရီးသွားလုပ်ငန်းအဖွဲ့အစည်း ကိုယ်စား လှယ်များ တက်ရောက်ကြသည်။

ဦးစွာ နေပြည်တော်ကောင်စီဒေသ ဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီဥက္ကဋ္ဌ နေပြည်တော်ကောင်စီဥက္ကဋ္ဌက ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းသည် နိုင်ငံသား များအားလုံးအတွက် ဝင်ငွေရရှိအောင် ဆောင်ရွက်ပေးနိုင်သည့် လုပ်ငန်းတစ်ခုဖြစ် ကြောင်း၊ နေပြည်တော်အတွင်း ခရီးစဉ်ဒေသ များဖွံ့ဖြိုးတိုးတက်စေရေးအတွက် ယခင် ရှိပြီးသည့် ခရီးစဉ်နေရာဒေသများအပြင် အပန်းဖြေအနားယူနိုင်သော ခရီးစဉ်နေရာ အသစ်များ ဖော်ထုတ်နိုင်ရေးဆောင်ရွက် လျက်ရှိကြောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးကို အခြေခံသည့် ခရီးသွားလုပ်ငန်းများ၊ ရပ်ရွာ လူထုအခြေပြုခရီးသွားလုပ်ငန်းများဖော် ဆောင်နိုင်ရေးကိုလည်း စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိကြောင်း၊ နေပြည်တော် အတွင်း ခရီးစဉ်ဒေသများဖွံ့ဖြိုးတိုးတက်စေ ရေးအတွက် ပြည်တွင်း၊ ပြည်ပခရီးသွားများ တိုးတက်လာစေရေး၊ ခရီးစဉ်နေရာများ သန့်ရှင်းသာယာလှပစေရေး၊ ခရီးသွား ဆွဲဆောင်မှုရှိစေရေးနှင့် ကောင်းမွန်သော ဝန်ဆောင်မှုများရရှိစေရေး၊ ခရီးသွားလုပ်ငန်း ဝန်ဆောင်မှုလုပ်ငန်းများနှင့် ပတ်သက် သည့်သင်တန်းများ ဖွင့်လှစ်နိုင်ရေးတို့ကို စဉ်ဆက်မပြတ်ဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီ ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ နေပြည်တော်ကောင်စီဝင် ဦးဇေယျာလင်းက နေပြည်တော်အတွင်းခရီး သွားလုပ်ငန်းဆိုင်ရာ ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြကြပြီး အစည်းအဝေး တက်ရောက်လာကြသူများက သက်ဆိုင်ရာ ကဏ္ဍအလိုက် လက်ရှိဆောင်ရွက်နေသည့် ခရီးသွားလုပ်ငန်းများနှင့်ရှေ့ဆက်ဆောင်ရွက် မည့်အစီအမံများကို ဆွေးနွေးတင်ပြကြရာ နေပြည်တော်ကောင်စီဒေသဆိုင်ရာ ခရီးသွား လုပ်ငန်းကော်မတီဥက္ကဋ္ဌက ဖြည့်စွက် ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကားပြောကြား ခဲ့ကြောင်းသိရသည်။

**(သတင်းစဉ်)**

---

၃-၇-၂၀၂၄
**ထူးခြားသည့် နေ့အပူချိန်များ**

| | | | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| မန္တလေး | ၃၇ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် | တံတားဦး | ၃၆ | ဒသမ | ၇ | ဒီဂရီဆဲလ်စီးယက် | ညောင်ဦး | ၃၆ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| ကျောက်ဆည် | ၃၇ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် | (လေကြောင်းမိုးလေဝသ) | | | | | မင်းဘူး | ၃၅ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယက် |
| (လွန်ကျော်) | | | | | ရေဦး | ၃၆ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယက် | စစ်ကိုင်း | ၃၅ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယက် |
| ချောက် | ၃၆ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယက် | ရွှေဘို | ၃၆ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် | ကန့်ဘလူ | ၃၅ | ဒသမ | ၃ | ဒီဂရီဆဲလ်စီးယက် |




မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီးဒေါ်ကြူကြူလှနှင့် အခမ်းအနားတက်ရောက်လာကြသူများ၊ ဆုရရှိသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။





မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီးဒေါ်ကြူကြူလှ ၂၀၂၄ ခုနှစ် မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ် ခင်းကျင်းပြသထားသည့် ထုတ်ကုန်ပစ္စည်းများကို ကြည့်ရှုလေ့လာအားပေးစဉ်။





မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီးဒေါ်ကြူကြူလှ ၂၀၂၄ ခုနှစ် မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ် ခင်းကျင်းပြသထားသည့် ထုတ်ကုန်ပစ္စည်းများကို ကြည့်ရှုလေ့လာအားပေးစဉ်။

❍ **စာမျက်နှာ ၁၇ မှအဆက်**

စာစီစာကုံးပြိုင်ပွဲတွင် တတိယဆုနှင့် အမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်ဆု ရရှိကြသူများကိုလည်းကောင်း ဂုဏ်ပြုဆုတံဆိပ်၊ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၏ဇနီးများ၊ ကောင်စီအဖွဲ့ဝင် ဒေါ်ဒွဲဘူနှင့် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီဥက္ကဋ္ဌတို့က အမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်ဆု ရရှိကြသူများကို ဂုဏ်ပြုဆုတံဆိပ်၊ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ တေးသံရှင်များက ၂၀၂၄ ခုနှစ် မြန်မာအမျိုးသမီးများနေ့ ဂုဏ်ပြုတေးသီချင်းဖြစ်သည့် “အမျိုးသမီး ကော်မတီ” သီချင်းဖြင့်လည်းကောင်း၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များက “ရွှေမြန်မာသာယာငြိမ်းချမ်း” တေးသီချင်းနှင့်အတူ တိုင်းရင်းသားအကဖြင့်လည်းကောင်း ဖျော်ဖြေတင်ဆက်ကြသည်။

ယင်းနောက် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီးသည် အခမ်းအနားသို့တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ပြီး ၂၀၂၄ ခုနှစ် မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ် ခင်းကျင်းပြသထားသည့် ထုတ်ကုန်ပစ္စည်းများကို ကြည့်ရှုလေ့လာအားပေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၂၀၂၄ ခုနှစ် မြန်မာအမျိုးသမီးများနေ့အခမ်းအနားတွင် Video Message ဖြင့် အဖွင့်မိန့်ခွန်းပြောကြားစဉ်။

○ ရှေ့ဖုံးမှအဆက်

နေပြည်တော်ကောင်စီဥက္ကဋ္ဌ၏ဇနီး၊ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၏ ဇနီးများ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများ၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးအဖွဲ့ဝင်များ၊ ဒုတိယဝန်ကြီးများနှင့်ဇနီးများ၊ ဒုတိယစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင်များ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင်များ၊ အခွန်အယူခံခုံအဖွဲ့ ဥက္ကဋ္ဌ၏ဇနီး၊ အမျိုးသမီးများဆိုင်ရာအသင်း အဖွဲ့အစည်းများမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ကဏ္ဍအလိုက် ဆုရရှိကြသူများ၊ အထူးဖိတ်ကြားထားသော ဧည့်သည်တော်များနှင့်တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က Video Message ဖြင့် အဖွင့်မိန့်ခွန်းပြောကြားသည်။

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏အဖွင့်မိန့်ခွန်းကို စာမျက်နှာ ၅ တွင် သီးခြားဖော်ပြထားပါသည်။)**

ထို့နောက် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းက အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေး၊ အမျိုးသမီးအခွင့်အရေးမြှင့်တင်ဖော်ဆောင်ရေးနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှု တုံ့ပြန်တားဆီးကာကွယ်ရေးဆိုင်ရာဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ နိုင်ငံတော်အဆင့် မဟာဗျူဟာစီမံကိန်း (၂၀၂၃-၂၀၃၂) လုပ်ငန်းနယ်ပယ် (၁၂) ရပ် Video Clip ကို ပြသသည်။

ဆက်လက်၍ ၂၀၂၃ ခုနှစ်အတွင်း ကဏ္ဍအလိုက် ထူးချွန်အမျိုးသမီးဆုများကို ချီးမြှင့်ရာ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်ကြူကြူလှက ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ အကောင်းဆုံး ဗိုလ်လောင်းဆုရရှိသူ ဒုတိယဗိုလ်ဒေါ်ယုယုနိုင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)မှ အကောင်းဆုံးကျောင်းသားဆုရရှိသူ ဗိုလ်ဒေါ်ဖူးမော်သန်းနှင့် ကာကွယ်ရေးဦးစီးချုပ်(လေ)၏ ချီးကျူးဂုဏ်ပြုဆုရရှိသူ ဗိုလ်ကြီးဒေါ်ဝါဝါမော်တို့ကို ဂုဏ်ပြုဆုတံဆိပ်၊ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများပေးအပ်ချီးမြှင့်သည်။

ထို့နောက် ဂုဏ်ထူးဆောင်နာယက ဒေါ်ခင်သက်ဌေးက ထူးချွန်အမျိုးသမီးရဲမေဆုရရှိသူ ဒုတိယရဲမှူးကြီးမိုးမိုးထွန်းနှင့် မသန်စွမ်းအမျိုးသမီး အားကစားထူးချွန်ဆုရရှိသူ မလော်လာဝင်းတို့ကိုလည်းကောင်း၊ ဂုဏ်ထူးဆောင်နာယက ဒေါ်သန်းသန်းနွယ်က ၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် တစ်နိုင်ငံလုံး၌ သိပ္ပံဘာသာတွဲတွင် အမှတ်အများဆုံးရရှိသူ မနှင်းကြယ်စင်ထွန်းနှင့် ဝိပ္ပံဘာသာတွဲတွင် အမှတ်အများဆုံးရရှိသူ မအေးချမ်းပြည့်မွန်တို့ကိုလည်းကောင်း ဂုဏ်ပြုဆုတံဆိပ်၊ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး၏ဇနီးက ၂၀၂၄ ခုနှစ် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် အခြေခံပညာအထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ပထမ၊ ဒုတိယဆုရရှိကြသူများကိုလည်းကောင်း၊ တွဲဖက်အတွင်းရေးမှူး၏ဇနီးက ၂၀၂၄ ခုနှစ် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် အခြေခံပညာအထက်တန်းအဆင့် စာမျက်နှာ ၁၅ သို့ ○



မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီး ဒေါ်ကြူကြူလှက ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ အကောင်းဆုံးဗိုလ်လောင်းဆုရရှိသူ ဒုတိယဗိုလ်ဒေါ်ယုယုနိုင်အား ဂုဏ်ပြုဆုတံဆိပ်၊ ဂုဏ်ပြုမှတ်တမ်းလွှာနှင့်ဂုဏ်ပြုဆုငွေများပေးအပ်ချီးမြှင့်စဉ်။



မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီး ဒေါ်ကြူကြူလှက ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)မှ အကောင်းဆုံးကျောင်းသားဆုရရှိသူ ဗိုလ်ဒေါ်ဖူးမော်သန်းအား ဂုဏ်ပြုဆုတံဆိပ်၊ ဂုဏ်ပြုမှတ်တမ်းလွှာနှင့်ဂုဏ်ပြုဆုငွေများပေးအပ်ချီးမြှင့်စဉ်။






မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီး ဒေါ်ကြူကြူလှနှင့်အခမ်းအနားတက်ရောက်လာကြသူများ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များ၏ တိုင်းရင်းသားအကဖြင့်ဖျော်ဖြေတင်ဆက်မှုကိုကြည့်ရှုအားပေးစဉ်။



မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီး ဒေါ်ကြူကြူလှ ၂၀၂၄ ခုနှစ် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် ခင်းကျင်းပြသထားသည့် ထုတ်ကုန်ပစ္စည်းများကို ကြည့်ရှုလေ့လာအားပေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး၏ဇနီး ၂၀၂၄ ခုနှစ် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် အခြေခံပညာအထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ပထမဆုရရှိသူအား ဂုဏ်ပြုဆုတံဆိပ်၊ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တွဲဖက်အတွင်းရေးမှူး၏ဇနီး ၂၀၂၄ ခုနှစ် မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ် အခြေခံပညာအထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် တတိယဆုရရှိသူအား ဂုဏ်ပြုဆုတံဆိပ်၊ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများပေးအပ်ချီးမြှင့်စဉ်။



မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း ရှင်းလင်းတင်ပြစဉ်။



မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်ခင်သက်ဌေးက ထူးချွန်အမျိုးသမီးရဲမေဆုရရှိသူ ဒုတိယရဲမှူးကြီးမိုးမိုးထွန်းအား ဂုဏ်ပြုဆုတံဆိပ်၊ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများပေးအပ်ချီးမြှင့်စဉ်။



မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်သန်းသန်းနွယ်က ၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် တစ်နိုင်ငံလုံး၌ သိပ္ပံဘာသာတွဲတွင် အမှတ်အများဆုံးရရှိသူ မနှင်းကြယ်စင်ထွန်းအား ဂုဏ်ပြုဆုတံဆိပ်၊ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများပေးအပ်ချီးမြှင့်စဉ်။

MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# An opening speech delivered by Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing at the ceremony to mark the Myanmar Women's Day (3 July 2024)

**Everybody, Mingalabar!**

First and foremost, I extended my greetings with best wishes for all distinguished guests to be physical and mental well-being with auspiciousness in attending the ceremony to mark today's Myanmar Women's Day 2024.

In accord with the population and household census 2014, there are 29.4 million out of 56.2 million estimated population of Myanmar on 1 October 2023, amounting to more than a half of total population of the nation. As Myanmar is home to more than 100 national races, diverse traditions and customs, languages, costumes, histories, geographical conditions can be seen nationwide. However, all national races including women are living together in unity and harmony through thick and thin.

In Myanmar history, women have been participating in the independence struggle, the history of national cause, and political activities keeping abreast with men with sacrifices. It can be seen that the capabilities of massive ethnic women participate in overall development tasks of the Union. Moreover, everybody knows that the role of women is of great importance in serving State security and defence duties and other various sectors with physical and mental capacities.

Today's Myanmar Women's Day which falls on 3 July 2024 is the most significant for all women residing in all parts of the nation. As it is a day honouring the outstanding women from all sectors, I heartily honour all women and express my wish for all women to be pleasant and joyful.



Senior General Min Aung Hlaing addresses Myanmar Women's Day ceremony.

The Beijing Declaration stated by the Fourth World Conference on Women held in Beijing of the People's Republic of China in 1995 consisted of a point to form the women's committees in all countries so as to develop women from various workplaces. In Myanmar, the Myanmar National Women's Committee was formed on 3 July 1996 with the aim of developing all women and enhancing their capacity in order to emphasize women's affairs. As part of honouring the dignified and capable Myanmar women, the ceremony to mark the Myanmar Women's Day has been marked on 3 July yearly.

The Myanmar's education system comprises pre-primary education, basic education, technical and vocational education and higher education, implementing the multiple education system in order to enhance the education sector. The policy is being implemented for learning of all school-age children and completion of all students in KG+9 scheme. Moreover, parents, teachers and administrative officials are joining hands in mitigating untimely dropout of students, not reduction of changing learning grades and learning of vocational courses and high school education without gender discrimination.

According to the interim population 2019, Myanmar has 46.463 million population under five years old, and there are 6.5 percent of men and 9.4 percent women had not totally attended the schools across the nation. In conducting a survey on school education of population above 25, 42.3 percent of men and 51 percent of women completed primary education, 25.2 percent of men and 18.8 percent of women the middle school education, 15.2 percent of men and 11.7 percent of women the high school education as well as 9.7 percent of men and 12.9 percent of women university graduate. It shows a situation with high dropout rate and decline of educated persons along the chain of education sector. Hence, emphasis is being placed on enhancement of education sector. So, I would like to urge all to more emphasize education sector of women.

In reviewing the education sector, 50.76 percent of women are attending the basic education sector, 63.6 percent in higher education sector, 47.19 percent in science and technology, 70.44 percent in the medical related education. In 2023-24 academic year, 64.31 percent of girls passed the matriculation examination. With regard to teaching sector, 83.69 percent of women are serving duties at basic education sector, 87.89 percent in the higher education sector, 86.23 percent in the science and technology sector and 80.39 percent in the medical related education, showing the larger participation of women in these sectors.

To narrow the gap in the education, health, social and economic sectors in respective regions, it is necessary to have a large number of intellectuals who are instilled with skills and knowledge. Only when formal education has been acquired, will it be easy for one to acquire knowledge and skill and youths must be taught and trained to acquire knowledge and skills to enable them to stand on their own feet. As women, who are mothers and female teachers, play a very important role in nurturing such youths and human resources with high standards of education and five strengths, you are urged to exert efforts with emphasis on it.

According to the Myanmar Statistical Yearbook - 2023 and reports on statistical estimates of labour force (2020-2023), it was found that the age group between the ages of 25 and 29 made up the largest chunk of the labour force. In terms of employment percentage in respective economic sectors in 2023, male employment rate stood at 49.78 percent in the agriculture sector, 19.36 percent in the industrial sector and 30.86 percent in the services sector while that of women was reported at 42.07 percent in the agriculture sector, 16.81 percent in the industrial sector and 41.12 percent in the services sector. You are urged to make efforts to increase the participation of women in respective sectors.

Myanmar is giving priority to reducing global maternal mortality, a reproductive health goal of the sustainable development

See Page - 19

From Page - 18

goals. It is very important to enable women to enjoy healthy, happy and safe motherhood during pregnancy, childbirth and postnatal period. To make healthcare accessible for women in remote and inaccessible areas, measures must be taken to nurture new midwives, conducting refresher courses to boost their capabilities and publishing and distributing health awareness-raising journals.

It can be seen that social norms and customs that hinder women rights and gender equality and cause violence against women lead to gender inequality. Therefore, it is necessary to appreciate women's empowerment and to enable them to enjoy their legitimate rights.

To protect women rights and women from violence in line with the law, measures are being implemented to take effective action, in accordance with existing laws, against those who commit violence against women.

Under **a report on global women's empowerment and gender equality** jointly published by the UN Women and the UNDP, indices above 0.8 were the highest and those above 0.6 were moderate. The indices of women's empowerment and gender equality for Myanmar stood at 0.518 and 0.598 respectively and were below the moderate indices. As the human development index stood between 0.550 and 0.699, it was found that they were at the moderate level. Therefore, continued efforts must be made to increase women's empowerment and gender equality indices.

Like other countries, the International Women's Day was held on 8 March, 2024 under the theme **"Invest in women: Accelerate progress."** The theme urged countries to make all-round investment including funds for sustainable development of women and girls.

Relevant ministries and government organization and partner NGOs are urged to make concerted efforts under the guidance of the Myanmar National Committee on Women to implement the 12 areas of the Myanmar National Strategic Plan for Advancement of Women (2023-2032) adopted in accordance with commitments and recommendations in CEDAW and the Beijing Platform for Action under the guidance of the Myanmar National Committee on Women.

Moreover, you are urged to make continued efforts to meet the goal of the process relating to gender equality and empowerment of women and girls, sustainable development goal (5) adopted by the UN, and ASEAN regional commitments.

As the attributes of Myanmar women such as economy, health and education have been evident in successive eras, it is, therefore, necessary to preserve them. In conclusion, I would like to urge all to make continued efforts for development of sectors relating to women to enable them to earnestly participate in building the union based on democracy and federal system by keeping abreast of men and for development of individuals to families, wards and villages and the country.

**Thank you.**

NAY PYI TAW July 3

# Short-range rockets fired by terrorist insurgents at Lashio kill and wound local people

Six locals including three children of ages between 12 and 14 years were killed by short-range rockets when the shells fired by terrorist insurgents landed and exploded in ward 1, area 3, Lashio, Shan State (North).


Terrorist insurgents fired short-range rockets into Lashio at about 6.45 am today from a place about 4,000 metres northeast of the town. The shells launched by terrorist insurgents hit a house on Thaya Street, ward 1, area 3 and killed three children from ages 12 years to 14 years, one man and two women, totaling six. Security forces and social welfare associations rushed them to the Lashio People's Hospital where they were pronounced dead.

At about 3pm, a short-range rocket fired by terrorist insurgents landed on a house on Nila street, ward 10, Lashio, but it failed to explode. Security forces defused and cleared the shell for public safety.

At about 4.30 pm today, terrorist insurgents fired more short-range rockets at Lashio, and four men and three women were wounded when one of the projectiles fell into the compound of Panoak monastery, ward 5, area 1. Another short-range rocket hit a house in ward 4, area 3, and one man was killed and one woman and one child were wounded. Security forces and social welfare associations rushed them to Lashio People's Hospital for medical treatment.

Terrorist insurgents are committing disgusting acts of killing local people who were enjoying a peaceful life or destroying towns and villages by attacking non-military targets. In fact, they are committing war crimes. In order to crush the terrorist insurgents, security forces are beefing up their counterterrorism operations in cooperation with the people.

**100**




The map illustrates the short-range rocket attack launched by terrorist insurgents.

BUSINESS

# Seintalone mango from Monywa flow into the domestic market

Seintalone mango is in season at present, and the domestic market saw abundant supply from Monywa Township.

Shwebo, Budalin and Kani townships have been supplying the Seintalone mango to the Monywa's market since early May, fetching a good price at the beginning of the season. They are delivered to Yangon, Mandalay and PyinOoLwin areas from Monywa's market.

Myanmar primarily grows mango in Bago, Sagaing, Mandalay, Kyaukse, Sintgaing areas and Shan State. Additionally, Shwehintha, Myakyauk, Padamyar Ngamauk, Yinkwe, Seincho and Machitsu varieties are also found in the country.

Shwebo, Kanbalu and Budalin townships are the main producing areas of Seintalone.

Of about 200 mango varieties that originated in Myanmar, Seintalone, Shwehintha, Padamyar Ngamauk, Yinkwe, and Machitsu varieties are primarily grown. The foreign market prefers Seintalone varieties. Ayeyawady Region belongs to the largest mango plantation area, with about 46,000 acres. Bago Region is the second largest producer, with 43,000 acres, and Mandalay has 29,000 acres of mango. There are over 24,000 acres in Kayin State, over 20,400 acres in Shan State and over 20,000 acres in Sagaing Region, according to the association.

**SK**

AGRICULTURE

# More than 6,000 acres of chickpea harvested in Kawlin District

According to the statistics of Kawlin District Agriculture Department, a total of 6,927 acres of chickpea has been harvested in Kawlin District of Sagaing Region.

Kawlin Township harvested 6,902 acres of chickpea and Wuntho Township, 25 acres, totalling 6,927 acres in 2023-2024 financial year.

In 2023-2024 financial year, Kawlin District earmarked cultivation of 6,980 acres of chickpea and local farmers cultivated 6,927 acres of chickpea in 2023.

Local farmers chose quality strains of chickpea with high yield. They cost more than Ks-300,000 per acre in cultivation. Relevant Agriculture Departments help local farmers choose quality strains of crops, inputs, post-harvest technology and agricultural techniques.

**SMK**

▸▸ From Page - 21

National Human Rights Commission, the wife of the Chairman of the Tax Appeal Tribunal, chairpersons and officials from women's associations and organizations, departmental heads, award recipients from various sectors, specially invited guests, and other responsible persons.

Initially, Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing delivered the opening speech via video message.

**(The opening speech by Senior General Min Aung Hlaing is separately presented.)**

After that, Dr. Soe Win, Chairperson of the Myanmar National Committee for Women's Affairs Union Minister for Social Welfare, Relief, and Resettlement, explained the initiatives for women's development, the promotion of women's rights, and measures to prevent and respond to violence against women.

Following this, a video clip showcasing the 12 areas of the National Strategic Plan for Women's Development (2023-2032) was presented.

Subsequently, the outstanding women awards for 2023 in various sectors were presented. Daw Kyu Kyu Hla, Honorary Patron of the Myanmar Women's Affairs Federation, awarded honorary medals, certificates of honor, and cash awards to Second Lieutenant Daw Yu Yu Naing, the best cadet from the Office of the Commander-in-Chief (Army); Lieutenant Daw Phu Maw Than, the best student from the Office of the Commander-in-Chief (Navy); and Captain Daw Wah Wah Maw, who received the commendation award from the Office of the Commander-in-Chief (Air).

Following this, Daw Khin Thet Htay, an Honorary Patron, presented honorary medals, certificates of honor, and cash awards to Lieutenant Police Major Moe Moe Htun, who received the Outstanding Female Police Officer Award, and to Ma Lawlar Win, who received the Outstanding Disabled Female Athlete Award. Daw Than Than Nwe, another Honorary Patron, presented honorary medals, certificates of honor, and cash prizes to Ma Hnin Kyel Sin Htun, who achieved the highest score in the Science combination in the nationwide matriculation examination for the 2023-2024 academic year, and Ma Aye Chan Pyae Mon, who achieved the highest score in the Art-Science combination.

The wife of the Secretary of the SAC presented honorary medals, certificates of honor, and cash prizes to the first and second prize winners in the high school level essay competition held in commemoration of the 2024 Myanmar Women's Day. The wife of the SAC Joint Secretary presented honorary medals, certificates of honor, and cash prizes to the third prize winner in the high school level essay competition and the Outstanding Female Entrepreneur Award winners in commemoration of the 2024 Myanmar Women's Day.

Furthermore, the wives of SAC members, SAC member Daw Dwe Bu, and the Chairperson of the Myanmar National Committee for Women's Affairs presented honorary medals, certificates of honor, and cash prizes to the winners of the Outstanding Female Entrepreneur Award.

Following this, singers from Myanmar Radio and Television under the Ministry of Information performed the song "Women's Committee" in honor of the 2024 Myanmar Women's Day. Artists from the Fine Arts Department under the Ministry of Religious Affairs and Culture also presented the song "Golden Myanmar, Peaceful and Prosperous" and traditional ethnic dances.

Finally, Daw Kyu Kyu Hla, along with the attendees, had group photographs taken and visited the exhibition of products displayed in commemoration of the 2024 Myanmar Women's Day.

**100**

BUSINESS

# Chickpea getting good prices in Mandalay market



As number of merchants and crushers store a large volume of beans, chickpea fetches good prices at Mandalay market, according to the bean merchants.

Large chickpea fetched Ks-240,000 per bag in early May, compared with more than Ks-250,000 per bag in the second week of May.

"Chickpea is generally used for local consumption. But, sown acreage declines in countryside, the volume of chickpea is lesser at the market. So, demand is high with hiking prices," said bean merchant U Htein Lin.

Chickpea is grown from October to November with rainwater and irrigated water.

Local farmers prefer to use Yezin-3, 8, 11, 12 and 6 for cultivation. They plant chickpea in rows. So, it is easy to nurture the plants with proper ventilation and easy to prevent pests.

**SK**

AGRICULTURE

# More than 3,000 acres of summer paddy reaped in Sagaing Township

A total of 3,391 acres of summer paddy has been harvested in Sagaing Township of Sagaing Region, according to the statistics of Sagaing Township Agriculture Department.

In 2023-2024 summer, local farmers have completed harvesting of 3,391 acres of summer paddy, yielding 88.51 baskets per acre.

"We planted 4,197 acres of summer paddy in Sagaing Township, 3,391 of which has been harvested. Our department urges local farmers to prevent pests and keep harvested paddy under shelter in time," said U Zaw Oo, Head of Township Agriculture Department.

The township earmarked cultivation of 4,350 acres of summer paddy in 2023-2024 summer but local farmers planted 4,197 acres against the target.

Officials from the township Agriculture Department assisted local farmers in selecting quality strains of paddy seeds, making natural fertilizers and applying modern agricultural techniques.

**SK**

AGRICULTURE

# Kanbalu Township completes cultivation of maize and corn in monsoon

The statistics of Kanbalu Township Agriculture Department stated that a total of 5,536 acres of croplands have been placed under maize and corn this monsoon in kanbalu Township of Sagaing Region.

The township earmarked 100,005 acres of maize and 750 acres of corn in 2024-2025 monsoon. Local farmers started cultivation of crops in May this year, and have completed cultivation of 5,518 acres of maize and 18 acres of corn, totalling 5,536.

"This monsoon, the township earmarked cultivation of more than 100,000 acres of maize and corn. So far, more than 5,000 acres of crops have been cultivated. We raise awareness of farmers to prevent pests at crop plantations," said U Myo Zaw, Head of Kanbalu Township Agriculture Department.

In 2023-2024 monsoon, the township planned to grow 137,305 acres of maize and corn but local farmers planted 89,174 acres of maize and corn.

Officials of the Township Agriculture Department conduct training course for local farmers to grow maize and corn, organize field demonstration and prevent FAWs.

Local farmers cost Ks-500,000 per acre of maize, yielding more than 50 baskets per acre and 15,000 pieces of corn per acre, costing more than Ks-500,000 per acre.

**SMK**

NAY PYI TAW July 3

# SAC Chairman Prime Minister's wife Daw Kyu Kyu Hla attends 2024 Myanmar Women's Day ceremony



Daw Kyu Kyu Hla presents a certificate of honour to a winner.



Daw Kyu Kyu Hla visits a jewelry exhibit.

The 2024 Myanmar Women's Day ceremony was held this morning at the Myanmar International Convention Center II (MICC-II) in Nay Pyi Taw. Daw Kyu Kyu Hla, the Honorary Patron of the Myanmar Women's Affairs Federation wife of the Chairman of the State Administration Council Prime Minister, graced the event with her presence.

The ceremony was attended by Daw Khin Thet Htay and Daw Than Than Nwe, Honorary Patrons of the Myanmar Women's Affairs Federation, the wife of the SAC Secretary and the wife of the SAC Joint Secretary, SAC member Daw Dwe Bu, and wives of SAC members, Union-level officials, Union Ministers and their wives, the Auditor General of the Union, the wife of the Chairman of the Union Civil Service Board, the wife of the Chairman of Nay Pyi Taw Council, wives of senior military officers, Union Supreme Court judges, members of the Constitutional Tribunal, Deputy Ministers and their wives, the Deputy Auditor General, members of the Union Civil Service Board, members of the Anti-Corruption Commission, members of the Myanmar

See Page - 20►►




Daw Kyu Kyu Hla poses for a group photo at the Myanmar Women's Day ceremony.

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

## အကြမ်းဖက်သောင်းကျန်းသူများက လားရှိုးမြို့အတွင်းသို့ ရှော့တိုက်ဒုံးများဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သည့် ဖြစ်စဉ်ပြမြေပုံ




**◘ ကျောဖုံးမှအဆက်**

ကျရောက်ပေါက်ကွဲခဲ့မှုကြောင့် အသက် (၁၂)နှစ်နှင့် (၁၄)နှစ်အရွယ် ကလေး ၃ ဦး နှင့် ဒေသခံပြည်သူ အမျိုးသား ၁ ဦး၊ အမျိုးသမီး ၂ ဦး၊ စုစုပေါင်း ၆ ဦး သေဆုံးခဲ့သည်။ အဆိုပါသေဆုံးသူများအား လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ပရဟိတအသင်းအဖွဲ့များက လားရှိုးမြို့ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ခဲ့ကြောင်း သိရှိရသည်။

ထို့ပြင် မွန်းလွဲ ၃ နာရီခန့်တွင် အကြမ်းဖက်သောင်းကျန်းသူများ ပစ်ခတ်လိုက်သည့် ရှော့တိုက်ဒုံးသီး ၁ လုံးသည် လားရှိုးမြို့၊ ရပ်ကွက် ၁၀၊ နီလာလမ်းရှိ နေအိမ် ၁ လုံးပေါ်သို့ ကျရောက်ခဲ့ပြီး ဒုံးသီးမှာပေါက်ကွဲမှုမရှိသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက အများပြည်သူအန္တရာယ်ကင်းရှင်းစေရေး သွားရောက်ရှင်းလင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရှိရသည်။

ယနေ့ ညနေ ၄ နာရီခွဲခန့်တွင်လည်း အကြမ်းဖက်သောင်းကျန်းသူများက ရှော့တိုက်ဒုံးများဖြင့် ထပ်မံပစ်ခတ်ခဲ့မှုကြောင့် လားရှိုးမြို့၊ ရပ်ကွက်(၅)၊ နယ်မြေ(၁)ရှိ ပန်အုပ်ဘုန်းကြီးကျောင်းဝင်းအတွင်း ရှော့တိုက်ဒုံးသီး ၁ လုံး ကျရောက်ပေါက်ကွဲခဲ့ရာ အမျိုးသား ၄ ဦး၊ အမျိုးသမီး ၃ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး ရှော့တိုက်ဒုံးသီး ၁ လုံးသည် ရပ်ကွက်(၄)၊ နယ်မြေ(၃)ရှိ လူနေအိမ်သို့ ကျရောက်ပေါက်ကွဲခဲ့ရာ အမျိုးသား ၁ ဦး သေဆုံးကာ အမျိုးသမီး ၁ ဦး၊ ကလေး ၁ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရှိရသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ပရဟိတအသင်းအဖွဲ့များက ဆေးဝါးကုသမှုများခံယူရန်အတွက် လားရှိုးမြို့ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရှိရသည်။

အကြမ်းဖက်သောင်းကျန်းသူများ၏ ယခုကဲ့သို့ စစ်ရေးနှင့် မသက်ဆိုင်ဘဲ အေးချမ်းစွာနေထိုင်လျက်ရှိသည့် ဒေသခံပြည်သူများ၏ မြို့/ရွာများအတွင်းသို့ အသက်အန္တရာယ်ထိခိုက်သေကျေသည်အထိ စက်ဆုပ်ရွံရှာဖွယ်အကြောင်းမဲ့ ပစ်ခတ်တိုက်ခိုက်ခဲ့မှုသည် စစ်ရာဇဝတ်မှု (War Crime) ကို ကျူးလွန်ခြင်းဖြစ်ပြီး အဆိုပါအကြမ်းဖက်သောင်းကျန်းသူများအား ချေမှုန်းနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက အကြမ်းဖက်ချေမှုန်းရေးစစ်ဆင်ရေး(Counter-Terrorism Operation)ကို ပြည်သူများနှင့် ပူးပေါင်း၍ တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(၁၀၀)

နေပြည်တော် ဇူလိုင် ၃

## ဘင်္ဂလားပင်လယ်အော် အခြေအနေ

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေအားအသင့်အတင့်ရှိနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေအားကောင်းနေပါသည်။

(မိုး/ဇလ)

## မိုးပိုနေမည်

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့်မွန်ပြည်နယ်တို့တွင် မိုးပိုနေမည်။ (မိုး/ဇလ)



မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများက မြစ်ရေပြန်လည်ကျဆင်းခဲ့သဖြင့် မြို့တွင်းလမ်းများပေါ်၌ အမှိုက်များ၊ ဒိုက်များ၊ နုန်းများတင်ကျန်လျက်ရှိရာ သန့်ရှင်းရေးလုပ်ငန်းများဆောင်ရွက်ပေးစဉ်။



မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများက ရေဘေးသင့်ပြည်သူများအား ရေဘေးကင်းလွတ်ရာသို့ကူညီရွှေ့ပြောင်းပေးစဉ်။



အနောက်မြောက်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများက ရေဘေးသင့်ပြည်သူများအား စားသောက်ဖွယ်ရာများလိုက်လံပေးအပ်စဉ်။

**♦ မြစ်ကြီးနားမှအဆက်**

မြို့တွင်းလမ်းများပေါ်၌ အမှိုက်များ၊ ဒိုက်များ၊ နုန်းများတင်ကျန်လျက်ရှိရာ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်မှ နယ်မြေခံ တပ်မတော်သားများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအသင်းအဖွဲ့များ၊ ဌာနဆိုင်ရာဝန်ထမ်းများက ရေဝင်ရောက်မှုများဖြစ်ပေါ်လျက်ရှိသည့် ရပ်ကွက်၊ ကျေးရွာများအတွင်းစုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးနေမှုများကို ကချင်ပြည်နယ် ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ဇော်ထွေးနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ကချင်ပြည်နယ်၊ ဗန်းမော်မြို့၌လည်း ဇူလိုင်လ ၂ ရက်မှစ၍ မြစ်ရေဝင်ရောက်ခဲ့ရာ ဗန်းမော်မြို့၏ စိုးရိမ်ရေအမှတ်သည် ၁၁၅၀ စင်တီမီတာဖြစ်ပြီး ယနေ့ညနေ ၃ နာရီခွဲ တိုင်းထွာချက်အရ ၁၂၇၇ စင်တီမီတာအထိ မြင့်တက်လာပြီး စိုးရိမ်ရေအမှတ်ထက် ၈၇ စင်တီမီတာကို ကျော်လွန်ခဲ့ကာ မြစ်ရေဝင်ရောက်လျက်ရှိသော အိမ်ထောင်စုဝင် ၄၃၉၉ စု၊ လူဦးရေ ၂၂၃၆၁ ဦးတို့ကိုလည်းကောင်း၊ ရွှေကူမြို့နယ်၌လည်း ဇူလိုင်လ ၂ ရက်မှစ၍ မြစ်ရေများဝင်ရောက်ခဲ့ကာ ရွှေကူမြို့၏ စိုးရိမ်ရေအမှတ်သည် ၉၃၀ စင်တီမီတာဖြစ်ပြီး ယနေ့ညနေ ၃ နာရီခွဲအချိန် တိုင်းထွာချက်အရ ၁၀၀၂ စင်တီမီတာအထိ မြင့်တက်လာပြီး စိုးရိမ်ရေအမှတ်ထက် ၇၂ စင်တီမီတာကို ကျော်လွန်ခဲ့ကာ မြစ်ရေဝင်ရောက်လျက်ရှိသော အိမ်ထောင်စုဝင် ၁၁၀ စု၊ လူဦးရေ ၄၉၂ ဦးတို့ကို လည်းကောင်း နယ်မြေခံတပ်မတော်သားများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအသင်းအဖွဲ့များနှင့် ဌာနဆိုင်ရာဝန်ထမ်းများက ရေဘေးလွတ်ရာသို့ ကူညီရွှေ့ပြောင်းပေးခြင်းနှင့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့သည်။

ထို့အတူ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း၌လည်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ချင်းတွင်းမြစ်ရေ မြင့်တက်လျက်ရှိရာ ခန္တီးမြို့၏ စိုးရိမ်ရေအမှတ်သည် ၁၃၆၀ စင်တီမီတာဖြစ်ပြီး ယနေ့တွင် ၁၅၃၅ စင်တီမီတာအထိ မြင့်တက်လာသဖြင့် စိုးရိမ်ရေအမှတ်ထက် ၁၇၅ စင်တီမီတာကို ကျော်လွန်ခဲ့ကာ ခန္တီးမြို့နယ်အတွင်းရှိ မြို့မရပ်ကွက်၊ ပေါ်မိုင်းရပ်ကွက်၊ ဇီဖြူကုန်းရပ်ကွက်၊ အောင်သာယာကျေးရွာနှင့် ဆင်သေကျေးရွာများအတွင်းသို့ မြစ်ရေဝင်ရောက်မှုများ ဖြစ်ပေါ်လျက်ရှိသည်။

အဆိုပါမြစ်ရေဝင်ရောက်မှုဖြစ်ပေါ်လျက်ရှိသည့် ရပ်ကွက်၊ ကျေးရွာများမှ ရေဘေးသင့်ပြည်သူ အိမ်ထောင်စုဝင် ၁၈၈ စု၊ လူဦးရေ ၆၅၈ ဦးတို့ကို မြသိန်းတန်ဘုရားကုန်း၊ တပ်ဦးနန္ဒဝန်ဘုန်းတော်ကြီးကျောင်း၊ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်းနှင့် အခြေခံပညာမူလတန်းကျောင်း(ဇီးဖြူကုန်း)တို့၌ ရေဘေးကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်၍ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပြီး နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများက ရေဘေးသင့်ပြည်သူများအား ရေဘေးကင်းလွတ်ရာနေရာများသို့ ကူညီရွှေ့ပြောင်းပေးခြင်း၊ သောက်ရေသန့်၊ စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းနှင့် လိုအပ်သည့်ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

(၁၀၀)

ပေကျင်း၊ စစ်ရေး

# ဆီးရီးယားအတွင်း တရားမဝင်တပ်ဖြန့်မှုများကို အဆုံးသတ်၍ အရင်းအမြစ်များ ယူဆောင်နေခြင်းအား ရပ်ဆိုင်းရန် အမေရိကန်ကို တရုတ်တောင်းဆို



ဆီးရီးယားနိုင်ငံအတွင်း လုပ်ဆောင်နေသည့် တရားမဝင်တပ်ဖြန့်မှုများကို အဆုံးသတ်၍ ယင်းနိုင်ငံ၏ အရင်းအမြစ်များကို ယူဆောင်နေခြင်းအား ရပ်ဆိုင်းရန် တရုတ်နိုင်ငံက အမေရိကန်ကို တောင်းဆိုခဲ့ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ဇူလိုင်လ ၃ရက်တွင် ပြောသည်။

အမေရိကန်စစ်ဘက်သည် ဆီးရီးယားနိုင်ငံရှိ ဂျုံတရားမဝင်သယ်ယူပို့ဆောင်မှုတွင် ပါဝင်နေပြီး နေ့စဉ် ကုန်တင်ကား ၁၀ စင်းခန့်ဖြင့် ဆီးရီးယားဂျုံများကို နိုင်ငံပြင်ပသို့ ပို့ဆောင်လျက်ရှိကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ မောင်နင်းက နေ့စဉ်ကျင်းပမြဲဖြစ်သည့် သတင်းစာရှင်းလင်းပွဲ၌ ပြောခြင်းဖြစ်သည်။

ဆီးရီးယားနိုင်ငံသည် ယခင်ကဂျုံကို ပြည်ပသို့ တင်ပို့သည့်နိုင်ငံတစ်နိုင်ငံဖြစ်ကြောင်း၊ ယခုအခါ နိုင်ငံအတွင်းရှိ လူဦးရေ၏ ၅၅ ရာခိုင်နှုန်းခန့်သည် စားနပ်ရိက္ခာ မဖူလုံမှုများနှင့် ရင်ဆိုင်နေရသည့်အတွက် အမေရိကန်တွင် တာဝန်ရှိကြောင်း ၎င်းက ဆက်ပြောသည်။

ထို့ပြင် အမေရိကန်သည် အကြမ်းဖက်တိုက်ဖျက်ရေးကို အကြောင်းပြု၍ ဆီးရီးယားရှိ အရင်းအမြစ်များကို လက်ဝါးကြီးအုပ်လျက်ရှိကြောင်း၊ အမေရိကန်အနေဖြင့် ဆီးရီးယား၏ အချုပ်အခြာအာဏာ ပိုင်ဆိုင်မှုနှင့် နယ်မြေပေါင်းစည်းမှုကို လေးစားရမည်ဖြစ်ကြောင်း၊ အမေရိကန် တပ်ဖွဲ့ဝင်များအား ယင်းနိုင်ငံအတွင်းသို့ တရားမဝင်ဖြန့်ကြက်နေခြင်းကိုလည်း ရပ်ဆိုင်းရမည်ဖြစ်ကြောင်း မောင်နင်းက ဆက်လက်ပြောကြားသည်။

အမေရိကန်အစိုးရသည် လူ့အခွင့်အရေး ကာကွယ်မှုကို ထပ်တလဲလဲပြောကြားနေသော်လည်း အခြားနိုင်ငံများရှိပြည်သူများ၏ အခွင့်အရေးများအား ချိုးဖောက်လျက်ရှိကြောင်း တရုတ်နိုင်ငံက ထပ်လောင်းပြောကြားသည်။

*Ref: Xinhua*

ဂျီနီဗာ၊ ကျန်းမာရေး

# အစ္စရေး၏ ရွှေ့ပြောင်းရေးအမိန့်ကြောင့် ဂါဇာဒေသရှိ ဆေးရုံများမှ လူနာများထွက်ပြေးဟုဆို

အစ္စရေးစစ်ဘက်မှ ရွှေ့ပြောင်းရေး အမိန့်များထွက်ပေါ်လာပြီးနောက် ဂါဇာဒေသရှိ ဥရောပဆေးရုံနှင့် ကြက်ခြေနီအဖွဲ့၏ဆေးရုံတို့မှ လူနာများထွက်ပြေးသွားကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ဇူလိုင်လ ၃ ရက်တွင် ထုတ်ပြန်သည်။

ဂါဇာဒေသတောင်ပိုင်းအနီးရှိဒေသခံများအား ရွှေ့ပြောင်းကြရန် အစ္စရေးစစ်ဘက်က ဇူလိုင်လ ၁ ရက်တွင်အမိန့်ထုတ်ပြန်ခဲ့ပြီးနောက် ဆေးရုံများ၌ တက်ရောက်ကုသမှုခံယူနေကြသည့် လူနာ ၁၂၇၀ ဦးမှာ ဇူလိုင်လ ၁ရက်တွင် ဆေးရုံဝန်ထမ်းများနှင့်အတူ ဆေးရုံများမှ ထွက်ခွာသွားခြင်းဖြစ်ကြောင်း ဂါဇာကမ်းမြောင်ဒေသရှိ ကျန်းမာရေးဝန်ကြီးဌာနက ဇူလိုင်လ ၂ ရက်တွင်ပြောသည်။

ယခုအခါ ဂါဇာဒေသရှိ ဥရောပဆေးရုံတွင် လူနာသုံးဦးနှင့် ကြက်ခြေနီအဖွဲ့၏ ဆေးရုံတွင်လည်း လူနာသုံးဦးသာကျန်ရှိတော့ကြောင်း၊ လူနာအများစုကို နက်ဆာဆေးရုံသို့ လွှဲပြောင်းပေးပြီးဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ပြောသည်။

အစ္စရေးစစ်ဘက်သည် အီဂျစ်နယ်စပ်တစ်လျှောက်ရှိ ရာဖာနှင့် ခန်းယွန်နီဒေသ အရှေ့ပိုင်းရှိ နယ်မြေအများစုမှ ရွှေ့ပြောင်းကြရန် အမိန့်ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

ဥရောပဆေးရုံနှင့် ကြက်ခြေနီအဖွဲ့၏ ဆေးရုံများမှ တန်ဖိုးကြီးကုသရေးပစ္စည်းများကို အဆိုပါဆေးရုံများမှ အခြားနေရာသို့ ရွှေ့ပြောင်းရာတွင် အကူအညီပေးအပ်မည်ဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ဆက်လက်ပြောကြားထားကြောင်း သိရသည်။

ဂါဇာကမ်းမြောင်ဒေသရှိ ဆေးရုံစုစုပေါင်း ၃၆ ရုံရှိသည့်အနက် ၁၆ ရုံကိုသာ တစ်စိတ်တစ်ပိုင်းဖွင့်လှစ်နိုင်ကြောင်း သိရသည်။

*Ref: ST*



မော်စကို၊ နိုင်ငံရေး

# စစ်အခြေစိုက်စခန်းများကို အမေရိကန်အား အသုံးပြုခွင့်ပေးသည့် ဖင်လန်နိုင်ငံအပေါ် တုံ့ပြန်မည်ဟု ရုရှားပြော

နိုင်ငံအတွင်းရှိ စစ်အခြေစိုက်စခန်းများကို အမေရိကန်အားအသုံးပြုခွင့်ပေးရန်ဆုံးဖြတ်သည့် ဖင်လန်နိုင်ငံအပေါ် တုံ့ပြန်မည်ဟု ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာနက ဇူလိုင်လ ၃ ရက်တွင် ထုတ်ပြန်သည်။

ရုရှားနိုင်ငံ၏နယ်စပ်တွင် NATO အဖွဲ့က အင်အားချဲ့ထွင်ခြင်းသည် နိုင်ငံ၏ လုံခြုံရေးကိုခြိမ်းခြောက်သည့် ကိစ္စရပ်ဖြစ်သောကြောင့် ရုရှားအစိုးရအနေဖြင့် တုံ့ပြန်မည်ဖြစ်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဒုတိယပြောရေးဆိုခွင့်ရှိသူ အန်ဒရေနာတာဆင်က ပြောခြင်းဖြစ်သည်။

ထို့ပြင် ရုရှားနိုင်ငံက ဖင်လန်နိုင်ငံ၏ အဆိုပါလုပ်ဆောင်ချက်နှင့်စပ်လျဉ်း၍ စစ်ရေးနှင့်နည်းပညာအပါအဝင် လိုအပ်သည့် ဆောင်ရွက်ချက်များကို လုပ်ဆောင်မည်ဖြစ်ကြောင်းသိရသည်။

ဖင်လန်အစိုးရသည် ၂၀၂၃ ခုနှစ် ဒီဇင်ဘာလက လက်မှတ်ရေးထိုးခဲ့သည့် ဖင်လန်-အမေရိကန် နှစ်နိုင်ငံကြား ကာကွယ်ရေး ပူးပေါင်းဆောင်ရွက်မှုသဘောတူညီချက်အား ဇူလိုင်လ ၁ ရက်တွင် အတည်ပြုလိုက်ခြင်းဖြစ်သည်။


အဆိုပါသဘောတူညီချက်အရ ဖင်လန်အစိုးရက နိုင်ငံအတွင်းရှိ စစ်အခြေစိုက်စခန်း ၁၅ ခုကို အမေရိကန်စစ်ဘက်အား အသုံးပြုခွင့်ပေးရမည်ဖြစ်သည်။

ဖင်လန်နိုင်ငံသည် ၂၀၂၃ ခုနှစ်တွင် NATO အဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံဖြစ်လာခဲ့ကြောင်းသိရသည်။

*Ref: ST*

ပဲရစ်၊ ရှေးဟောင်းယဉ်ကျေးမှု

# လွန်ခဲ့သည့် နှစ်ပေါင်း ၅၁၀၀၀ ကျော်က လက်ဖြင့်ရေးဆွဲခဲ့သည့် ကမ္ဘာ့သက်တမ်းအရင့်ဆုံး ပန်းချီလက်ရာကို အင်ဒိုနီးရှားတွင်တွေ့ရှိ



ကမ္ဘာ့သက်တမ်းအရင့်ဆုံးပန်းချီလက်ရာကို အင်ဒိုနီးရှားနိုင်ငံအတွင်းရှိ ဂူတစ်ခုအတွင်း၌ ရှာဖွေတွေ့ရှိခဲ့ကြောင်း ဇူလိုင်လ ၃ ရက်တွင် ထုတ်ပြန်သည့် သုတေသနတစ်ရပ်တွင်ဖော်ပြသည်။

အဆိုပါပန်းချီလက်ရာသည် လွန်ခဲ့သည့် နှစ်ပေါင်း ၅၁၀၀၀ ကျော်က လူသား၏ လက်ဖြင့်ရေးဆွဲခဲ့သည့် ပန်းချီလက်ရာဖြစ်ပြီး လူသုံးဦးက အနီရောင်ရှိ ဝက်တစ်ကောင်အနီးတွင်ရှိနေသည့်ပုံအား အပွင့်၊ အဖတ်များဖြင့် ရေးဆွဲထားခြင်းဖြစ်သည်။

ယခုတွေ့ရှိခဲ့သည့် ပန်းချီလက်ရာသည် ဖွင့်ဆိုပြောဆိုဟန်ဖြင့် ရေးဆွဲထားသော ရှေးအကျဆုံးလက်ရာဖြစ်ကြောင်း ဩစတြေးလျနိုင်ငံရှိ ဂရစ်ဖစ်တက္ကသိုလ်မှ ရှေးဟောင်းသုတေသနပညာရှင်တစ်ဦးဖြစ်သူ မက်ဆင်းအူးဘ့က ပြောသည်။

ရှေးခေတ်လူသားများသည် ၎င်းတို့တွေ့ကြုံရသည့် နက်နဲသည့် အကြောင်းအရာများကို ပန်းချီရေးဆွဲခြင်းအားဖြင့် ဖော်ပြလေ့ရှိပြီး ယခုတွေ့ရှိမှုသည် ယခင်က ထင်မှတ်ထားသည်ထက် ပိုမိုရှေးကျသည့် လူသားတို့၏ သမိုင်းကြောင်းကို ပုံပြင်ရေးဆွဲခြင်းအားဖြင့် ဖော်ပြလေ့ရှိကြောင်းကို တွေ့ရှိရကြောင်း ရှေးဟောင်းသုတေသီတစ်ဦးဖြစ်သူ အာဒမ်ဘရောင်းက ပြောကြားထားသည်။

ယခင်က သက်တမ်းအားဖြင့် ၄၄၀၀၀ နှစ်ရှိ ရှေးအကျဆုံး အမဲလိုက် ပန်းချီလက်ရာကိုလည်း အင်ဒိုနီးရှားနိုင်ငံအတွင်းရှိ ဂူတစ်ခုအနီးမှာပင် ရှာဖွေတွေ့ရှိခဲ့ပြီး သက်တမ်းအရင့်ဆုံး ပန်းချီလက်ရာအဖြစ် ၂၀၁၉ ခုနှစ်တွင် မှတ်တမ်းတင်နိုင်ခဲ့ကြောင်းသိရသည်။

*Ref: ST*

# ဒရုန်းနည်းပညာတွင် ရှေ့တန်းမှရပ်တည်နိုင်ရေးလုပ်ဆောင်လာသည့် ရုရှား

နိုင်အောင်





ရုရှားနိုင်ငံသည် လက်ရှိတွင် ၎င်းတို့၏ စစ်ရေးစွမ်းဆောင်ရည်ကို မြှင့်တင်နိုင်ရေးအတွက် ဒရုန်းအမျိုးအစားသစ်များကို အားကြိုးမာန်တက်ထုတ်လုပ်လျက်ရှိသည်။ ရုရှားနိုင်ငံ၏ ဒရုန်းထုတ်လုပ်ရေးအစီအစဉ်များသည် ၎င်းတို့၏စစ်ဆင်ရေးများနှင့် ခြိမ်းခြောက်မှုများကို တန်ပြန်နိုင်ရေးအတွက် စစ်လက်နက်အများအပြား ထုတ်လုပ်မည့် အစီအစဉ်အပေါ် အလေးထားလုပ်ဆောင်နေခြင်းဖြစ်သည်။

လက်ရှိတွင် ရုရှားနိုင်ငံသည် ပေါက်ကွဲစေတတ်သည့် ထိပ်ဖူးတပ်ထားသော ရန်သူ၏ဒရုန်းများကို ကြားဖြတ်ဟန့်တားရန်အတွက် ထုတ်လုပ်ထားသည့် Vogan-9SP တစ်ခါသုံးဒရုန်းကို လူသိရှင်ကြားဖော်ထုတ်ပြသခဲ့ပြီဖြစ်သည်။ အဆိုပါဒရုန်းအား စိန့်ပီတာစဘတ်မြို့တွင် ဇူလိုင်လ ၁ ရက်မှ ၂ ရက်အထိ ကျင်းပခဲ့သည့် UAV ထောက်လှမ်းဖော်ထုတ်မှုနှင့် တန်ပြန်နိုင်ရေးအစီအစဉ်များဟုအမည်ပေးထားသည့် ကွန်ဖရင့်တစ်ခု၌ Red Line ကုမ္ပဏီမှ ကိုယ်စားလှယ်တစ်ဦးက သတင်းထောက်များအား ထုတ်ဖော်ပြသခဲ့သည်။

အဆိုပါဒရုန်းသည် ဒလက်လေးခုပါ ဒရုန်းအမျိုးအစားဖြစ်ပြီး တစ်နာရီလျှင် ကီလိုမီတာ ၂၀၀ ခန့် အမြန်နှုန်းဖြင့် မောင်းနှင်နိုင်ပြီး ရှာဖွေတွေ့ရှိထားသော ပစ်မှတ်ကို တိုက်ခိုက်ရာတွင် လေဆာစနစ်၊ ရေဒါစခန်းနှင့် တွဲဖက်၍လုပ်ဆောင်နိုင်သည်ဟု ၎င်းကိုယ်စားလှယ်က ပြောကြားခဲ့သည်။ ရန်သူ၏ ပစ်မှတ်ကိုမတိုက်ခိုက်မီ Vogan-9SP ဒရုန်းအနေဖြင့် ၎င်း၏ ကင်မရာမှတစ်ဆင့် ပုံရိပ်ကိုထိန်းချုပ်မောင်းနှင်သူထံ ပေးပို့ရမည်ဖြစ်ပြီး ပေးပို့လိုက်သည့် ရန်သူ၏ပစ်မှတ်အပေါ် အခြေခံ၍ ထိန်းချုပ်မောင်းနှင်သူက ဆုံးဖြတ်ချက်ချ၍တိုက်ခိုက်ရန် ဒရုန်းအား ညွှန်ကြားရမည်ဖြစ်သည်။

Vogan-9SP ဒရုန်း၏ အဓိကလုပ်ဆောင်ချက်မှာ နိုင်ငံအတွင်းသို့ တိုက်ခိုက်ဖျက်ဆီးရန် ဝင်ရောက်လာသည့် အသေခံတိုက်ခိုက်မည့် ဒရုန်းများအား ပစ်မှတ်သို့မရောက်ရှိမီ အချိန်မီကြားဖြတ်တားဆီးရန်ဖြစ်သည်။

ရုရှားနိုင်ငံသည် အဆိုပါဒရုန်းအား စမ်းသပ်မောင်းနှင်ထားပြီးဖြစ်သည့်အပြင် တစ်နာရီလျှင် ၂၅၀ ကီလိုမီတာနှုန်းဖြင့် မောင်းနှင်နိုင်သည့် ပိုမိုကောင်းမွန်သော ဒရုန်းကို ထုတ်လုပ်လျက်ရှိသည်။ အဆိုပါဒရုန်းသည် လေကြောင်းကာကွယ်ရေး မဟာဗျူဟာများကို ပြောင်းလဲပစ်နိုင်မည့် အလားအလာရှိသည်ဟု ဆိုထားသည်။




Vogan-9SP ဒရုန်းသည် အရွယ်အစားတူညီမှုရှိသည့် သာမန်သမားရိုးကျ ဒရုန်းများနှင့်မတူဘဲ ဒေါင်လိုက်အတက်အဆင်း လုပ်ဆောင်နိုင်သည့်အပြင် ပြန်လည်အသုံးပြုနိုင်သည့် တွန်းတင်ပေးသည့် စနစ်ကို အသုံးပြုနိုင်သည်။ ရုရှားနိုင်ငံက ထုတ်လုပ်ထားသည့် Vogan-9SP ကြားဖြတ်ဟန့်တားရေးဒရုန်းသည် လေကြောင်းကာကွယ်ရေးအတွက် လမ်းသစ်တစ်ရပ်ကို ဖွင့်လှစ်ပေးခဲ့ကြောင်း ပြင်သစ်တပ်မတော်မှ စစ်ဦးစီးချုပ်(ကြည်း)က ပြောကြားခဲ့သည်။

တစ်ချိန်တည်းမှာပင် ရုရှားနိုင်ငံသည် တိုက်ခိုက်ရေးဒရုန်းများ ထုတ်လုပ်နိုင်ရေးအတွက် တရုတ်နိုင်ငံနှင့်လည်း ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ လက်ရှိတွင် ရုရှားနှင့် တရုတ်ကာကွယ်ရေးပစ္စည်းထုတ်လုပ်ရေးကုမ္ပဏီများသည် ယူကရိန်းတွင် အသုံးပြုနေသည့် အီရန်၏ Shahed ဒရုန်းပုံစံနှင့်ဆင်တူသော တိုက်ခိုက်ရေးဒရုန်းတစ်မျိုးကို ထုတ်လုပ်ရန်ကြိုးပမ်းလျက်ရှိသည်။

အဆိုပါဒရုန်းကို ထုတ်လုပ်နိုင်ရေးအတွက် ဆွေးနွေးပွဲများကို ၂၀၂၃ ခုနှစ်ကတည်းက ရုရှားနှင့် တရုတ်တို့ကြား ကျင်းပနေခဲ့ခြင်းဖြစ်ပြီး ယင်းဒရုန်းအား မကြာမီကာလအတွင်း ရုရှားနိုင်ငံက အသုံးပြုနိုင်မည့်အလားအလာများထွက်ပေါ်လာခြင်းကြောင့် အနောက်နိုင်ငံများကြား သတိပေးချက်များ ထွက်ပေါ်လာခဲ့သည်။

ရုရှားနှင့် တရုတ်ကုမ္ပဏီများသည် အဆိုပါဒရုန်းမူကွဲတစ်မျိုးကို ၂၀၂၄ ခုနှစ်တွင် စတင်စမ်းသပ်လျက်ရှိပြီး ရုရှားနိုင်ငံသို့ လွှဲပြောင်းပေးရန်စီစဉ်လျက်ရှိသည်ဟု ဥရောပမှအတွင်းသိအရာရှိများက သတိပေးပြောဆိုထားသည်။ ရုရှားနိုင်ငံအတွက် ရုရှားနှင့် တရုတ်ကုမ္ပဏီများက Shahed ဒရုန်းနှင့်ဆင်တူသော တိုက်ခိုက်ရေးဒရုန်းတစ်မျိုးအား ထုတ်လုပ်ပေးနိုင်ခြင်းသည် ယင်းနှစ်နိုင်ငံကြား ပူးပေါင်းဆောင်ရွက်မှုနှင့် ရုရှားအပေါ် တရုတ်၏ထောက်ခံမှုတိုးမြှင့်လာမှုကို ပြသနေခြင်းဖြစ်သည်။

ရုရှားနိုင်ငံ၏ ဒရုန်းနည်းပညာသည် မကြာမီကာလအတွင်း ထူးခြားစွာတိုးတက်လာခဲ့သည့်အပြင် ဒရုန်းတိုက်ဖျက်ရေးတွင်လည်း ရန်သူ၏အရွယ်အစားအသေးငယ်ဆုံးသော ဒရုန်းများကိုရှာဖွေဖော်ထုတ်နိုင်သည့် ရေဒါစနစ်တစ်ခုကိုလည်း ထုတ်လုပ်ခဲ့ပြီးဖြစ်သည်။ အဆိုပါရေဒါစနစ်ကို Iney ရေဒါစခန်းဟု အမည်ပေးထားပြီး ယင်းစနစ်သည် အကွာအဝေးအားဖြင့် ငါးကီလိုမီတာတွင် ပျံသန်းလာသည့် အသေးစားဒရုန်းများကို ရှာဖွေထောက်လှမ်းနိုင်စွမ်းရှိသည်။ ထို့ပြင် ယင်းရေဒါစနစ်၏ ထူးခြားချက်မှာ ပျံသန်းလာသည့် အရာဝတ္ထုသည် ၄ဂျ် သို့မဟုတ် ဒရုန်းအမျိုးအစားဟုတ်၊ မဟုတ်ကို ခွဲခြားနိုင်ခြင်းဖြစ်သည်။ ထို့ကြောင့် ရုရှားနိုင်ငံသည် ၎င်းတို့၏ ကာကွယ်ရေးစွမ်းအားကို ထပ်မံတိုးမြှင့်နိုင်ရန် ကြိုးပမ်းနေသည့်အပြင် ၎င်းတို့ထုတ်လုပ်ထားသည့် လက်နက်စနစ်များမှာ အခြားဥရောပနိုင်ငံများက အားကျလောက်သည့် ထူးခြားသောလက်နက်စနစ်များအဖြစ် ထွက်ပေါ်လာလျက်ရှိသည်။

***Ref: Sputnik, AR,ST***

ဂျကာတာ၊ မတော်တဆမှု

## အင်ဒိုနီးရှားတွင် ဂိုဒေါင်တစ်လုံးမီးလောင်မှုအတွင်း လူငါးဦးသေဆုံး



အင်ဒိုနီးရှားနိုင်ငံ မြို့တော်ဂျကာတာ၏ ဆင်ခြေဖုံးဒေသတစ်ခုရှိ ဂိုဒေါင်တစ်ခုတွင် ဇူလိုင်လ ၃ ရက် နံနက်ပိုင်းက မီးလောင်ကျွမ်းမှုဖြစ်ပွားရာ လူငါးဦးသေဆုံးခဲ့ကြောင်း ဒေသတွင်းအာဏာပိုင်အဖွဲ့က ထုတ်ပြန်သည်။

အဆိုပါမီးလောင်ကျွမ်းမှုသည် ဘေကာဆီမြို့ ဂျာတီအာရှီအရပ်၌ ဒေသစံတော်ချိန် နံနက် ၆ နာရီ ၄၅ မိနစ်ခန့်က ဖြစ်ပွားခြင်းဖြစ်ပြီး ဂိုဒေါင်အတွင်းရှိ လူငါးဦးစလုံးမှာ သေဆုံးခဲ့ခြင်းဖြစ်ကြောင်းသိရသည်။ မီးလောင်ကျွမ်းမှုအတွင်းသေဆုံးသူများသည် ဂိုဒေါင်အတွင်းမှ အပြင်သို့ထွက်နိုင်ရန် ကြိုးပမ်းခဲ့သော်လည်း မီးမှာအလျင်အမြန် ကူးစက်လာပြီး ၎င်းတို့၏ထွက်ပေါက်အား ပိတ်ဆို့ခဲ့ခြင်းကြောင့်သေဆုံးရခြင်းဖြစ်သည်။

အာဏာပိုင်အဖွဲ့က မီးလောင်ကျွမ်းရာနေရာသို့ မီးသတ်ကားအနည်းဆုံး ၁၂ စီး စေလွှတ်ခဲ့ကြောင်း၊ မီးလောင်မှုသည် အဓိကအားဖြင့် ဝိုင်ယာရှော့ဖြစ်ရာမှစတင်ခဲ့ဖွယ်ရှိကြောင်း ဘေကာဆီမြို့ ကယ်ဆယ်ရေးနှင့် မီးသတ်ဌာနအကြီးအကဲဖြစ်သူ အာဆန်ဆိုလေဟူဒင်က ပြောသည်။

မီးလောင်ကျွမ်းမှုကြောင့် အင်ဒိုနီးရှားရူပီယာတစ်ဘီလီယံခန့် (ဒေါ်လာ ၆၁၀၀၀ ခန့်)ဆုံးရှုံးသွားခဲ့ကြောင်း သိရသည်။

***Ref: Xinhua***

# “အငြိမ်းစားမိဘပြည်သူများသို့ အသိပေးကြေညာချက်”


မြန်မာ့စီးပွားရေးဘဏ်တွင် ပင်စင်လစာထုတ်ပေးခြင်းလုပ်ငန်းကို e-Pension စနစ်မှ Centralized e-Pension စနစ်သို့ ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလမှစ၍ အဆင့်မြှင့်တင်ဆောင်ရွက်ခဲ့ပြီး ၂၀၂၄ ခုနှစ်၊ ဇွန်လအထိ Centralized e-Pension စနစ်ဆောင်ရွက်နေသည့် ဘဏ်ခွဲပေါင်း (၁၀၀) ဘဏ်ရှိပြီဖြစ်ပါသည်။ အဆိုပါဘဏ်ခွဲများရှိ အငြိမ်းစားများအနေဖြင့် အောက်ဖော်ပြပါဘဏ်ခွဲ(၁၀၀)အနက် မည်သည့်ဘဏ်ခွဲတွင်မဆို ပင်စင်လစာများကို ဝန်ဆောင်ခ အခမဲ့ဖြင့်ထုတ်ယူနိုင်မည်ဖြစ်ပါကြောင်းနှင့် ဝန်ဆောင်မှုထပ်တိုးသည့် ဘဏ်ခွဲအမည်စာရင်းအား www.meb.gov.mm နှင့် Myanma Economic Bank Facebook Page တို့တွင် အချိန်နှင့်တစ်ပြေးညီ တင်ပြပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

| | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| ၁။ | ပျဉ်းမနားဘဏ်ခွဲ | ၂၁။ | ငွေစုဘဏ်ခွဲ(၃) | ၄၁။ | တာချီလိတ်ဘဏ်ခွဲ | ၆၁။ | ကော့သောင်းဘဏ်ခွဲ | ၈၁။ | တိုက်ကြီးဘဏ်ခွဲ |
| ၂။ | လယ်ဝေးဘဏ်ခွဲ | ၂၂။ | ငွေစုဘဏ်ခွဲ(၄) | ၄၂။ | လွိုင်လင်ဘဏ်ခွဲ | ၆၂။ | ဇန်းမော်ဘဏ်ခွဲ | ၈၂။ | လှည်းကူးဘဏ်ခွဲ |
| ၃။ | တပ်ကုန်းဘဏ်ခွဲ | ၂၃။ | သန်လျင်ဘဏ်ခွဲ | ၄၃။ | လားရှိုးဘဏ်ခွဲ | ၆၃။ | မုံရွာဘဏ်ခွဲ | ၈၃။ | မှော်ဘီဘဏ်ခွဲ |
| ၄။ | ပုဗ္ဗသီရိဘဏ်ခွဲ | ၂၄။ | ကြည့်မြင်တိုင်ဘဏ်ခွဲ | ၄၄။ | စစ်ကိုင်းဘဏ်ခွဲ | ၆၄။ | ရွှေဘိုဘဏ်ခွဲ | ၈၄။ | ထန်းတပင်(အင်းစိန်)ဘဏ်ခွဲ |
| ၅။ | ဘဏ်ခွဲ(၁)၊ မန္တလေး | ၂၅။ | ကမာရွတ်ဘဏ်ခွဲ | ၄၅။ | မြောင်ဘဏ်ခွဲ | ၆၅။ | ဘုတလင်ဘဏ်ခွဲ | ၈၅။ | ရွှေပြည်သာဘဏ်ခွဲ |
| ၆။ | ဘဏ်ခွဲ(၂)၊ မန္တလေး | ၂၆။ | သဃ်န်းကျွန်းဘဏ်ခွဲ | ၄၆။ | ဘားအံဘဏ်ခွဲ | ၆၆။ | ခင်ဦးဘဏ်ခွဲ | ၈၆။ | လှိုင်သာယာဘဏ်ခွဲ |
| ၇။ | ဘဏ်ခွဲ(၃)၊ မန္တလေး | ၂၇။ | တာမွေဘဏ်ခွဲ | ၄၇။ | မြဝတီဘဏ်ခွဲ | ၆၇။ | ဒီပဲယင်းဘဏ်ခွဲ | ၈၇။ | မင်္ဂလာဒုံဘဏ်ခွဲ |
| ၈။ | ညောင်ဦးဘဏ်ခွဲ | ၂၈။ | မြောက်ဥက္ကလာပဘဏ်ခွဲ | ၄၈။ | ကော့ကရိတ်ဘဏ်ခွဲ | ၆၈။ | နမ္မတူဘဏ်ခွဲ | ၈၈။ | ကော့မှူးဘဏ်ခွဲ |
| ၉။ | မိတ္ထီလာဘဏ်ခွဲ | ၂၉။ | အင်းစိန်ဘဏ်ခွဲ | ၄၉။ | မကွေးဘဏ်ခွဲ | ၆၉။ | ရမ်းဗြဲဘဏ်ခွဲ | ၈၉။ | ကွမ်းခြံကုန်းဘဏ်ခွဲ |
| ၁၀။ | ပြင်ဦးလွင်ဘဏ်ခွဲ | ၃၀။ | ပဲခူးဘဏ်ခွဲ | ၅၀။ | သရက်ဘဏ်ခွဲ | ၇၀။ | ကွတ်ခိုင်ဘဏ်ခွဲ | ၉၀။ | ကျောက်တန်းဘဏ်ခွဲ |
| ၁၁။ | မြင်းခြံဘဏ်ခွဲ | ၃၁။ | တောင်ငူဘဏ်ခွဲ | ၅၁။ | မင်းဘူးဘဏ်ခွဲ | ၇၁။ | မိုးမိတ်ဘဏ်ခွဲ | ၉၁။ | အမရပူရဘဏ်ခွဲ |
| ၁၂။ | ကျောက်ဆည်ဘဏ်ခွဲ | ၃၂။ | သာယာဝတီဘဏ်ခွဲ | ၅၂။ | ပခုက္ကူဘဏ်ခွဲ | ၇၂။ | မဘိမ်းဘဏ်ခွဲ | ၉၂။ | ပုသိမ်ကြီးဘဏ်ခွဲ |
| ၁၃။ | ရမည်းသင်းဘဏ်ခွဲ | ၃၃။ | ပြည်ဘဏ်ခွဲ | ၅၃။ | ဘဏ်ခွဲ(၁)မော်လမြိုင် | ၇၃။ | ဆီဆိုင်ဘဏ်ခွဲ | ၉၃။ | ဝမ်းတွင်းဘဏ်ခွဲ |
| ၁၄။ | ဘဏ်ခွဲ(၁)၊ ရန်ကုန် | ၃၄။ | ပုသိမ်ဘဏ်ခွဲ | ၅၄။ | ဘဏ်ခွဲ(၂)မော်လမြိုင် | ၇၄။ | ကျောက်ပန်းတောင်းဘဏ်ခွဲ | ၉၄။ | သာစည်ဘဏ်ခွဲ |
| ၁၅။ | ဘဏ်ခွဲ(၂)၊ ရန်ကုန် | ၃၅။ | ဟင်္သာတဘဏ်ခွဲ | ၅၅။ | သထုံဘဏ်ခွဲ | ၇၅။ | ကလောဘဏ်ခွဲ | ၉၅။ | ပျော်ဘွယ်ဘဏ်ခွဲ |
| ၁၆။ | ဘဏ်ခွဲ(၃)၊ ရန်ကုန် | ၃၆။ | မြောင်းမြဘဏ်ခွဲ | ၅၆။ | စစ်တွေဘဏ်ခွဲ | ၇၆။ | ချောက်ဘဏ်ခွဲ | ၉၆။ | အိမ်မဲဘဏ်ခွဲ |
| ၁၇။ | ဘဏ်ခွဲ(၄)၊ ရန်ကုန် | ၃၇။ | မအူပင်ဘဏ်ခွဲ | ၅၇။ | သံတွဲဘဏ်ခွဲ | ၇၇။ | တောင်တွင်းကြီးဘဏ်ခွဲ | ၉၇။ | ရေကြည်ဘဏ်ခွဲ |
| ၁၈။ | ဘဏ်ခွဲ(၅)၊ ရန်ကုန် | ၃၈။ | ဖျာပုံဘဏ်ခွဲ | ၅၈။ | ကျောက်ဖြူဘဏ်ခွဲ | ၇၈။ | ဒလဘဏ်ခွဲ | ၉၈။ | ကျုံပျော်ဘဏ်ခွဲ |
| ၁၉။ | ဘဏ်ခွဲ(၆)၊ ရန်ကုန် | ၃၉။ | တောင်ကြီးဘဏ်ခွဲ | ၅၉။ | မြိတ်ဘဏ်ခွဲ | ၇၉။ | ဒဂုံ-တောင်ဘဏ်ခွဲ | ၉၉။ | ဝါးခယ်မဘဏ်ခွဲ |
| ၂၀။ | ငွေစုဘဏ်ခွဲ(၁) | ၄၀။ | ကျိုင်းတုံဘဏ်ခွဲ | ၆၀။ | ထားဝယ်ဘဏ်ခွဲ | ၈၀။ | ဒဂုံ-မြောက်ဘဏ်ခွဲ | ၁၀၀။ | အင်ပူဘဏ်ခွဲ |

**မြန်မာ့စီးပွားရေးဘဏ်**


နေပြည်တော် ဇူလိုင် ၃

# တရားမဝင် သစ်မျိုးစုံ၊ စားသောက်ကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများဖမ်းဆီးရမိ




စစ်ကိုင်းတိုင်းဒေသကြီး၌ဖမ်းဆီးရမိမှု။

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေးဆောင်ရွက်လျက်ရှိရာ **ဇူလိုင်လ ၂ ရက်**တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာ(၁)လုံးအတွင်းမှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားသည်နှင့် ကွဲလွဲစွာပါရှိလာသည့် Aluminium Profile CNC Rolling Bending Machine (၁)လုံး အပါအဝင် ကုန်ပစ္စည်း (၂၈)မျိုး **စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၁၆၇၂၉၆၇)** ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



မြန်မာ့စက်မှုဆိပ်ကမ်း၌ဖမ်းဆီးရမိမှု။

ထို့အတူ **ဇူလိုင်လ ၂ ရက်**တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့၊ ရတနာပုံတံတားပူးပေါင်းစစ်ဆေးရေးဂိတ်၌ တရားဝင်သယ်ဆောင်ခွင့်အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် Tiger Beer သံဘူးအတို (၂၀၆၄)ဘူး၊ ABC Beer သံဘူးအတို (၁၂၇၂)ဘူး အပါအဝင် ကုန်ပစ္စည်း (၇)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၃၇၁၂၀၀) နှင့် စစ်ကိုင်းမြို့၊ ကောင်းမှုတော်လမ်းဆုံ၌ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် သံပိုက်ချောင်း (၁၉၀၀)(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၄၃၇၅၀၀) **စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃၈၀၈၇၀၀)** ကိုဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် **ဇူလိုင်လ ၃ ရက်**တွင် ပဲခူးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ တောင်ငူခရိုင်အတွင်း၌ တရားမဝင်သစ်မာ (၂ ဒသမ ၁၁၁)တန် **(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၃၅၇၅၂)**ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဇူလိုင်လ ၂ ရက်နှင့် ၃ ရက်တို့တွင် ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ(၄)မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၆၉၁၇၄၁၉)** ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

**(သတင်းစဉ်)**

နေပြည်တော် ဇူလိုင် ၃

# နေပြည်တော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ တရားမဝင်သစ်များ ဖမ်းဆီးရမိ

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာနသည် တရားမဝင်သစ်နှင့်သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးရေးအား ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြု စောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ် (Community Monitoring and Reporting System-CMRS) အပါအဝင်နည်းလမ်းမျိုးစုံဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ဇွန်လ ၂၄ ရက်မှ ၃၀ ရက်အထိ နေပြည်တော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာနများမှပေးပို့လာသော စာရင်းများအရ တရားမဝင်ကျွန်း ၂၀ ဒသမ ၇၃၈၄ တန်၊ သစ်မာ ၂ ဒသမ ၀၉၅၀ တန်၊ အခြား ၃၅ ဒသမ ၃၂၈၅ တန် စုစုပေါင်း ၅၈ ဒသမ ၁၆၁၉ တန် ယာဉ်/ယန္တရား လေးစီး၊ တရားခံ ၁၅ ဦး ဖမ်းဆီးရမိခဲ့ကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။

**(သတင်းစဉ်)**

နေပြည်တော် ဇူလိုင် ၃

# "အမျိုးသားအဆင့် ကာကွယ်ဆေးထိုးလုပ်ငန်းဆိုင်ရာ မဟာဗျူဟာ (၂၀၂၅-၂၀၂၉) ရှင်းလင်းတင်ပြခြင်း"အစည်းအဝေးကျင်းပ



ကျန်းမာရေးဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဗဟိုတိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်းဌာနခွဲမှ ရေးဆွဲပြုစုလျက်ရှိသော အမျိုးသားအဆင့် ကာကွယ်ဆေးထိုးလုပ်ငန်းဆိုင်ရာ မဟာဗျူဟာ (၂၀၂၅-၂၀၂၉) National Immunization Strategy (NIS) (2025-2029) ရှင်းလင်းတင်ပြခြင်း အစည်းအဝေးကို ယနေ့တွင် ကျန်းမာရေးဝန်ကြီးဌာန၌ ကျင်းပသည်။

အစည်းအဝေးတွင် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ယခုရေးဆွဲလျက်ရှိသော National Immunization Strategy သည် မြန်မာနိုင်ငံ၏ ကာကွယ်ဆေးထိုးလုပ်ငန်းနှင့်ပတ်သက်၍ ၂၀၂၅ ခုနှစ်မှ ၂၀၂၉ ခုနှစ်အထိ ငါးနှစ်အတွင်းတွင် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများအတွက် အရေးကြီးသော လမ်းပြမြေပုံတစ်ခုဖြစ်ကြောင်း၊ နောင်အနာဂတ် ၁၀ နှစ်တာအတွက် မျှော်မှန်းရလဒ်များရရှိစေရေးအတွက် ငါးနှစ်တာဆောင်ရွက်ရမည့် လုပ်ငန်းများကို ရေးဆွဲပြုစုထားခြင်းဖြစ်ပြီး ကာကွယ်ဆေးထိုးလုပ်ငန်းတွင် ပါဝင်ဆောင်ရွက်နေသူများအားလုံးအတွက် ဆောင်ရွက်ရမည့် လုပ်ငန်းများနှင့်ပတ်သက်၍ နည်းဗျူဟာဆိုင်ရာ လမ်းညွှန်မှုအနေဖြင့် အသုံးပြုနိုင်ရန်အတွက်လည်းဖြစ်ကြောင်း၊ အမျိုးသားအဆင့် ကာကွယ်ဆေးထိုးလုပ်ငန်းဆိုင်ရာ မဟာဗျူဟာရေးဆွဲရာတွင် ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်းလုပ်ငန်းအတွက် လိုအပ်သော အရင်းအမြစ်များ၊ ကုန်ကျစရိတ်များကို ခန့်မှန်းတွက်ချက်ခြင်း၊ ကြုံတွေ့လာနိုင်သောအခက်အခဲများကို ဖြေရှင်းမည့် နည်းလမ်းများဖော်ထုတ်ခြင်း၊ ဝေးလံခက်ခဲသော (Hard to reach) ဒေသများအတွက် အထူးစီမံချက်များရေးဆွဲခြင်း၊ အစုအဝေးနှင့် နေထိုင်သောစုရပ်များနှင့် ကာကွယ်ဆေးထိုးလွှမ်းခြုံမှုခက်ခဲသောဒေသများတွင် ကာကွယ်ဆေးထိုးလွှမ်းခြုံမှု မြင့်မားလာစေရန်ဆောင်ရွက်ရမည့်အချက်များထည့်သွင်းရေးဆွဲရန် လိုအပ်ကြောင်း။


ကာကွယ်ဆေးထိုးနှံတိုက်ကျွေးရန် အကျုံးဝင်သည့်သူ တစ်ဦးတစ်ယောက်မျှ ကျန်ရှိခြင်းမရှိစေရေးနှင့် တိကျမှန်ကန်သော ကိန်းဂဏန်းအချက်အလက်များရရှိစေရေး၊ ကာကွယ်ဆေးလိုအပ်ချက်များအတွက် ဦးစားပေးဆောင်ရွက်စေရေး၊ ကာကွယ်ဆေးထိုးနှံခြင်းများကို ပဏာမကျန်းမာရေးစောင့်ရှောက်မှုနှင့်ပေါင်းစပ်ဆောင်ရွက်ခြင်းဖြင့် ကျန်းမာရေးစောင့်ရှောက်ပေးမှုများ တိုးတက်လာစေရေးတို့အတွက် လိုအပ်သော စွမ်းအားစုများကို ခန့်မှန်းတွက်ချက်ပြီး ထည့်သွင်းဖော်ပြရန် လိုအပ်ကြောင်း၊ National Immunization Strategy (2025-2029) ငါးနှစ်တာရေးဆွဲရာတွင် အရည်အသွေးပြည့်ဝ၍ လက်တွေ့အသုံးဝင်သော မဟာဗျူဟာရေးဆွဲနိုင်ရေးအတွက် တက်ရောက်လာသူများအားလုံး ဝိုင်းဝန်းဆွေးနွေးအကြံပြုပေးရန် ပြောကြားသည်။

ထို့နောက် ပြည်သူ့ကျန်းမာရေးဦးစီးဌာန တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်းဌာနခွဲမှ ညွှန်ကြားရေးမှူး ဒေါက်တာတင်သစ္စာလွင်က National Immunization Strategy (2025-2029) ရေးဆွဲရသည့် ရည်ရွယ်ချက်များကိုလည်းကောင်း၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ အကြံပေးပုဂ္ဂိုလ် Dr. David Sulaberidze က ရေးဆွဲထားသော National Immunization Strategy (2025-2029) (မူကြမ်း)ကိုလည်းကောင်း ရှင်းလင်းတင်ပြပြီး တက်ရောက်လာသူများက ပြန်လည်ဆွေးနွေးကြသည်။

အစည်းအဝေးသို့ ကျန်းမာရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ အမျိုးသားအဆင့် ကာကွယ်ဆေးထိုးလုပ်ငန်းဆိုင်ရာ နည်းပညာအကြံပေးအဖွဲ့နှင့် တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်းဆိုင်ရာစီမံခန့်ခွဲမှုကော်မတီတို့မှ တာဝန်ရှိသူများ၊ ဆက်စပ်ဝန်ကြီးဌာနများမှတာဝန်ရှိသူများ၊ မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)၊ ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ (UNICEF) နှင့် Clinton Health Access Initiative (CHAI) အဖွဲ့တို့မှတာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နေပြည်တော် ဇူလိုင် ၃

# အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီ ညှိနှိုင်းအစည်းအဝေးကျင်းပ



အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း၊ လုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်တိုးရီ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝိုးကြည်၊ နေပြည်တော်ကောင်စီအဖွဲ့ဝင်နှင့် ဘေးအန္တရာယ်စီမံခန့်ခွဲမှုလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်နေသည့် တိုင်းဒေသကြီး/ပြည်နယ်ဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် လုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက လတ်တလောဖြစ်ပွားနေသော ကချင်ပြည်နယ် ရေကြီးရေလျှံမှုအပါအဝင် ဧရာဝတီမြစ်နှင့်ချောင်းတွင်း မြစ်တစ်လျှောက် ဆက်စပ်ဖြစ်ပွားလာနိုင်သည့်ရေကြီးရေလျှံမှုနှင့်မြေပြိုမှုများ၊ မုတ်သုံကာလအတွင်းလိုအပ်သည့်ကြိုတင်ပြင်ဆင်မှုများနှင့် ပေါင်းစပ်ညှိနှိုင်းရေးဆိုင်ရာများ ဆောင်ရွက်နိုင်ရန် ညှိနှိုင်းအစည်းအဝေးခေါ်ယူခြင်းဖြစ်ကြောင်း၊ ကဏ္ဍအလိုက်ကြိုတင်စီမံထားရှိမှုများကိုတင်ပြကြရန်နှင့်အချိန်နှင့်တစ်ပြေးညီ အချိတ်အဆက်မိမိ ဆောင်ရွက်နိုင်ရေးအတွက်လုပ်ထုံးလုပ်နည်းများနှင့်အညီ ဝိုင်းဝန်းဆောင်ရွက်ကြရန် ပြောကြားသည်။

ထို့နောက် လုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌနှင့် ကော်မတီဝင်များက သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာန၊ အဖွဲ့အစည်းအလိုက်၊ တိုင်းဒေသကြီး/ပြည်နယ်အလိုက် စီမံဆောင်ရွက်ထားရှိမှု အခြေအနေများ၊ ဒေသခံပြည်သူများနှင့် အစိုးရတာဝန်ရှိသူများအကြား ပေါင်းစည်းဆောင်ရွက်ရန်ကိစ္စရပ်များကိုတင်ပြဆွေးနွေးကြပြီး မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က မြစ်ရေကြီးမှုအခြေအနေကိုဆွေးနွေးတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နေပြည်တော် ဇူလိုင် ၃

# တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်းလက်ဝှေ့ပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

တောင်ပိုင်းတိုင်းစစ်ဌာနချုပ်၏ ၂၀၂၄ ခုနှစ်၊ တိုင်းမှူးဒိုင်းလက်ဝှေ့ပြိုင်ပွဲ ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ်၊ အေးချမ်းဖြိုးခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်မှူးချုပ်ကြည်သိုက်နှင့် အဖွဲ့ဝင်များ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဒိုင်အဖွဲ့ဝင်များနှင့် ပြိုင်ပွဲဝင်အားကစားသမားများတက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ပြိုင်ပွဲဝင်အသင်းများ၏ ပထမနေ့ပွဲစဉ် ယှဉ်ပြိုင်မှုများကိုကြည့်ရှုအားပေးကြသည်။

အဆိုပါ လက်ဝှေ့ပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက် တပ်နယ်အသီးသီးမှ ပြိုင်ပွဲဝင်အသင်း ၈ သင်းဖြင့် ဇူလိုင်လ ၈ ရက်အထိ ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(၁၀၀)**



တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်းလက်ဝှေ့ပြိုင်ပွဲ ပထမနေ့ပွဲစဉ်ယှဉ်ပြိုင်နေမှုကို တွေ့ရစဉ်။

နေပြည်တော် ဇူလိုင် ၃

## မိုးတိမ်တောင်ဖြစ်ပေါ်မှု အခြေအနေ

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းလျက်ရှိသည်။ **(မိုး/ဇလ)**

နေပြည်တော် ဇူလိုင် ၃

# PDF အမည်ခံအကြမ်းဖက်သမားများက တောင်သာ-နွားထိုးကြီးသွားကားလမ်းပေါ်၌ သွားလာလျက်ရှိသည့် “ ပိုင် TTA ” ခရီးသည်နှင့်ကုန်စည်ပို့ဆောင်ရေး မော်တော်ယာဉ်များကို လုယက်ယူဆောင်

မန္တလေးတိုင်းဒေသကြီး၊ တောင်သာမြို့နယ်၊ ရန်ကင်းသာစည်ကျေးရွာနှင့် နွားထိုးကြီးမြို့နယ်၊ ရွှေကြာအင်းကျေးရွာကြား၌ ဇူလိုင်လ ၂ ရက်တွင် PDF အမည်ခံအကြမ်းဖက်သမားများက မော်တော်ယာဉ် ၃ စီးဖြင့်ရောက်ရှိလာပြီး တောင်သာ-နွားထိုးကြီးသွားကားလမ်းအတိုင်း သွားလာနေသည့် ခရီးသွားမော်တော်ယာဉ်များအား တားဆီးစစ်ဆေးပြီး မော်တော်ယာဉ် ၁၁ စီးအား လုယက်မောင်းနှင်သွားကြောင်း သိရှိရသည်။

ဖြစ်စဉ်မှာ ဇူလိုင်လ ၂ ရက် နံနက် ၉ နာရီ ၄၅ မိနစ်ခန့်တွင် PDF အမည်ခံအကြမ်းဖက်သမားများသည် တောင်သာ-နွားထိုးကြီးမြို့နယ် ကားလမ်းအတိုင်းသွားလာနေသည့် ခရီးသွားမော်တော်ယာဉ်များအနက် “ပိုင် TTA” ခရီးသည်နှင့်ကုန်စည်ပို့ဆောင်ရေးမော်တော်ယာဉ်များကို တားဆီးစစ်ဆေးခြင်းများပြုလုပ်၍ ယာဉ်မောင်းများနှင့် ခရီးသည်များအား ပြန်လွှတ်ပေးပြီး “ပိုင် TTA” ပိုင်ဆိုင်သည့် AD Van မော်တော်ယာဉ် ၄ စီး၊ Succed မော်တော်ယာဉ် ၂ စီး၊ Probox မော်တော်ယာဉ် ၃ စီးနှင့် ၆ ဘီးကုန်တင်ယာဉ် ၂ စီး၊ စုစုပေါင်း မော်တော်ယာဉ် ၁၁ စီးတို့အား လုယက်ယူဆောင်၍ နွားထိုးကြီးမြို့နယ်ဘက်သို့ မောင်းနှင်ထွက်သွားခဲ့ကြောင်းသိရှိရသည်။

ဖြစ်စဉ်ဖြစ်ပွားရာနေရာသို့ နံနက် ၁၀ နာရီ ၁၅ မိနစ်ခန့်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ပြီး လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများဆောင်ရွက်ခဲ့ရာ ညနေ ၃ နာရီခန့်တွင် ရွှေကြာအင်းကျေးရွာအနီး၌ အကြမ်းဖက်သမားများ ယူဆောင်သွားသည့် မော်တော်ယာဉ် ၁၁ စီးအား ထိခိုက်ပျက်စီးမှုမရှိဘဲပြန်လည်ရရှိခဲ့သည်။








တောင်သာ-နွားထိုးကြီးကားလမ်းတွင် PDF အမည်ခံအကြမ်းဖက်သမားများက လုယက်ယူဆောင်သွားသည့် “ပိုင် TTA ” ခရီးသည်နှင့်ကုန်စည်ပို့ဆောင်ရေးယာဉ်လိုင်းမှ မော်တော်ယာဉ်များမှတ်တမ်းဓာတ်ပုံ။

PDF အမည်ခံအကြမ်းဖက်သမားများက တောင်သာ-နွားထိုးကြီးသွား ကားလမ်းပေါ်၌ မော်တော်ယာဉ်များအား လုယက်ယူဆောင်သွားသည့် ဖြစ်စဉ်ပြပုံ။




PDF အမည်ခံအကြမ်းဖက်သမားများသည် အများပြည်သူ သွားလာလျက်ရှိသော လမ်းများပေါ်၌ ခရီးသွားပြည်သူများအား တားဆီးစစ်ဆေးခြင်း၊ ဆက်ကြေးကောက်ခံခြင်း၊ ပစ္စည်းများလုယက်ယူဆောင်ခြင်းနှင့် ၎င်းတို့အား ထောက်ခံအားပေးမှုမရှိသည့် ခရီးသွားပြည်သူများနှင့် ဒေသခံပြည်သူများအား ဖမ်းဆီးသတ်ဖြတ်ခြင်းများကို ကျူးလွန်လျက်ရှိပြီး အဆိုပါအကြမ်းဖက်သမားများအား ချေမှုန်းနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ပိတ်ဆို့ရှာဖွေစစ်ဆေးခြင်းနှင့် ခရီးသွားပြည်သူများ ဘေးကင်းလုံခြုံစွာ သွားလာနိုင်ရေးအတွက် လုံခြုံရေးလုပ်ငန်းများကို တာဝန်သိပြည်သူများနှင့်ပူးပေါင်း၍ တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (၁၀၀)








တောင်သာ-နွားထိုးကြီးကားလမ်းတွင် PDF အမည်ခံအကြမ်းဖက်သမားများက လုယက်ယူဆောင်သွားသည့် “ပိုင် TTA ” ခရီးသည်နှင့်ကုန်စည်ပို့ဆောင်ရေးယာဉ်လိုင်းမှ မော်တော်ယာဉ်များမှတ်တမ်းဓာတ်ပုံ။

နေပြည်တော်  ဇူလိုင်  ၃

# မော်လမြိုင်မြို့၌ ၂၀၂၄ ခုနှစ်၊ မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ်ကျင်းပ

မွန်ပြည်နယ်၊ မော်လမြိုင်မြို့တွင် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မော်လမြိုင်မြို့၊ ပြည်နယ်ခန်းမ၌ပြုလုပ်ရာ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်လင်းမောင်နှင့်အဖွဲ့ဝင်များ၊ ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြည်နယ်/ခရိုင်/မြို့နယ်အမျိုးသမီးကော်မတီအဖွဲ့ဝင်များ၊ ပညာရေးဒီဂရီကောလိပ်၊ သူနာပြုသင်တန်းကျောင်း၊ အားကစားနှင့်ကာယပညာသိပ္ပံကျောင်း၊ အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းတို့မှ သင်တန်းသူများနှင့် ထူးချွန်ဆုရရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့်တက်ရောက်လာကြသူများက မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် Video Clip အား ပြသခဲ့မှုအပေါ် ကြည့်ရှုအားပေးကြပြီး မွန်ပြည်နယ်အတွင်း ထူးချွန်ဆုရရှိခဲ့ကြသည့် အမျိုးသမီးများအား ဂုဏ်ပြုဆုငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ အသီးသီးပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက မော်လမြိုင်မြို့၊ လူမှုဝန်ထမ်းဦးစီးဌာနရှိ ဝန်ထမ်းများ၊ ပညာရေးဒီဂရီကောလိပ်မှ ကျောင်းသူလေးများ၊ အားကစားနှင့်ကာယပညာသိပ္ပံကျောင်းမှ ကျောင်းသူလေးများ၏ ကပြဖျော်ဖြေတင်ဆက်မှုများအား ကြည့်ရှုအားပေးပြီး ပြည်နယ်ဝန်ကြီးချုပ်က ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့်တာဝန်ရှိသူများက မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ်ပြခန်းများအား လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)




အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်လင်းမောင် ထူးချွန်ဆုရရှိသူတစ်ဦးအား ဂုဏ်ပြုဆုငွေနှင့်ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။

နေပြည်တော်  ဇူလိုင်  ၃

# မျိုးစေ့ဆိုင်ရာအမျိုးသားကော်မတီ (၂၈)ကြိမ်မြောက်အစည်းအဝေးကျင်းပ၊ မျိုးသစ်မျိုးဖျား ၇၆ မျိုးအပေါ် ဝိုင်းဝန်းသုံးသပ်ဆွေးနွေး

မျိုးစေ့ဆိုင်ရာအမျိုးသားကော်မတီ (၂၈) ကြိမ်မြောက်အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၌ ကျင်းပသည်။

အစည်းအဝေးသို့ မျိုးစေ့ဆိုင်ရာ အမျိုးသားကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်နှင့် ကော်မတီဝင်များ၊ သီးနှံကျွမ်းကျင်မှုဆိုင်ရာ လုပ်ငန်းအဖွဲ့ခေါင်းဆောင်များနှင့် ပညာရှင်ဝန်ထမ်းများ တက်ရောက်ကြပြီး မျိုးသစ်မျိုးဖျား ၇၆ မျိုးတို့အပေါ် ဝိုင်းဝန်းသုံးသပ်ဆွေးနွေးကြသည်။



အစည်းအဝေးတွင် မျိုးစေ့ဆိုင်ရာအမျိုးသားကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီးက မျိုးစေ့ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် မျိုးစေ့ထုတ်လုပ်ဖြန့်ဖြူးရေးတွင် ပုဂ္ဂလိကပူးပေါင်းပါဝင်ဆောင်ရွက်မှုသည် အလွန်အရေးကြီးကြောင်း၊ မျိုးကောင်းမျိုးသန့်မျိုးစေ့ ထုတ်လုပ်ဖြန့်ဖြူးရေးလုပ်ငန်းကို မျိုးစေ့ဥပဒေနှင့်အညီ စနစ်တကျဆောင်ရွက်နိုင်စေရန် ပုဂ္ဂလိကမျိုးစေ့လုပ်ငန်းရှင်များ အသိပညာပေးခြင်းကို အလေးထား ဆောင်ရွက်ပေးရန်လိုကြောင်း၊ တောင်သူများလိုအပ်ချိန်တွင် လိုအပ်သည့် မျိုးစေ့ပမာဏကို လွယ်ကူစွာဝယ်ယူရရှိနိုင်ရေးအတွက် သက်ဆိုင်ရာဌာနများက ကွန်ရက်တစ်ခု ဖန်တီးပေးရန်လိုအပ်ကြောင်း၊ တောင်သူလယ်သမား အကျိုးစီးပွားနှင့် စားသုံးသူဘေးကင်းလုံခြုံရေးအပြင် လယ်ယာကဏ္ဍရေရှည်ဖွံ့ဖြိုးတိုးတက်ရေးကို ရှေးရှုဆောင်ရွက်ကြရန်လိုကြောင်း၊ မျိုးသစ်အသိအမှတ်ပြုလက်မှတ်ရရှိရန် တင်ပြလာသောသီးနှံမျိုးသစ်များကို မျိုးစေ့ဥပဒေနှင့်အညီ စိစစ်ရာတွင် ဒေသရေမြေရာသီဥတုနှင့် ကိုက်ညီမှု၊ အသိအမှတ်ပြုလက်မှတ်ရရှိပြီး မျိုးများထက် ထူးခြားသာလွန်မှု၊ ဇီဝမျိုးစုံမျိုးကွဲများကို ထိခိုက်နိုင်မှု ရှိ/မရှိ စသည့် အချက်များနှင့်အညီ နည်းပညာကော်မတီက စိစစ်ပြီး သဘောထားမှတ်ချက်များနှင့်အတူ တင်ပြလာခြင်းအပေါ် ဆွေးနွေးဆုံးဖြတ်သွားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် မျိုးစေ့ဆိုင်ရာအမျိုးသားကော်မတီအတွင်းရေးမှူးက အစည်းအဝေးတွင် မျိုးသစ်အသိအမှတ်ပြုလက်မှတ်ရရှိရန် အစိုးရဌာနနှင့်ကုမ္ပဏီများမှ တင်ပြလာသည့် သီးနှံများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ မျိုးစေ့ဆိုင်ရာ အမျိုးသားကော်မတီဥက္ကဋ္ဌနှင့် အစည်းအဝေးတက်ရောက်လာကြသူများက ဝိုင်းဝန်းသုံးသပ်ဆွေးနွေးကြသည်။

မျိုးစေ့ဆိုင်ရာ အမျိုးသားကော်မတီအနေဖြင့် (၂၇)ကြိမ်မြောက်အစည်းအဝေးအထိ လယ်ယာသီးနှံ ၆၇၁ မျိုး၊ ဥယျာဉ်ခြံသီးနှံ ၈၆၈ မျိုး၊ စက်မှုသီးနှံ ၁၂၈ မျိုးနှင့် မိဘမျိုးလိုင်း ၁၉၅ စုံ စုစုပေါင်းမျိုးသစ်မျိုးဖျား ၁၈၆၂ မျိုးကို အသိအမှတ်ပြုလက်မှတ်ထုတ်ပေးခဲ့ပြီးဖြစ်ကြောင်းနှင့် ယနေ့ကျင်းပသည့်(၂၈)ကြိမ်မြောက်အစည်းအဝေးတွင် သက်ဆိုင်ရာသီးနှံကျွမ်းကျင်မှုဆိုင်ရာလုပ်ငန်းအဖွဲ့များနှင့် မျိုးစေ့ကျွမ်းကျင်မှုဆိုင်ရာကော်မတီတို့က အဆင့်ဆင့်စိစစ်၍ တင်ပြလာသော စမ်းသပ်စိုက်ပျိုးအဖြေရရှိပြီးသည့်သီးနှံ ၁၂ မျိုး၏ မျိုးသစ်မျိုးဖျား ၄၃ မျိုး၊ အချက်အလက်မှတ်တမ်းအပြည့်အစုံဖြင့် တင်ပြမည့်သီးနှံ ၁၂ မျိုး၏ မျိုးသစ်မျိုးဖျား ၃၃ မျိုး စုစုပေါင်းမျိုးသစ်မျိုးဖျား ၇၆ မျိုးတို့အပေါ် သုံးသပ်ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နေပြည်တော်  ဇူလိုင်  ၃

# ရေကြီးခြင်းသတိပေးချက်

ယနေ့နံနက် ၇ နာရီခွဲအချိန်တိုင်းထွာချက်အရ နန့်ယင်းချောင်းရေသည် မိုးကောင်းမြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ်အထက်သို့ ၂ ပေခန့် (၅၈ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ၁ ပေခန့်မြင့်တက်လာနိုင်ပြီး ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့နံနက် ၇ နာရီခွဲအချိန်တိုင်းထွာချက်အရ နန့်ကောင်းချောင်းရေသည် မိုးကောင်းမြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ်အထက်သို့ ပေဝက်ခန့် (၁၈ စင်တီမီတာ)ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ၁ ပေခန့်မြင့်တက်လာနိုင်ပြီး ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန်တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ဗန်းမော်မြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ်အထက်သို့ ၂ ပေခွဲခန့် (၇၇ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ၁ ပေခန့်မြင့်တက်လာနိုင်ပြီး ယင်းမြို့၏စိုးရိမ်ရေမှတ်အထက်ဆက်လက်တည်ရှိနိုင်သည်။

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန်တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ရွှေကူမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ၂ ပေကျော်ခန့် (၆၅ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ၂ ပေခွဲခန့်မြင့်တက်လာနိုင်ပြီး ယင်းမြို့၏စိုးရိမ်ရေမှတ်အထက်ဆက်လက်တည်ရှိနိုင်သည်။

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန်တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ်အထက်သို့ ၆ ပေခန့်(၁၇၅ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ် ရက်အတွင်း ၁ ပေခွဲခန့်ကျဆင်းလာနိုင်ပြီး ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲအချိန်တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် ဟုမ္မလင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ၃ ပေခန့် (၉၀ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ၁ ပေခန့်မြင့်တက်လာနိုင်ပြီး ယင်းမြို့၏စိုးရိမ်ရေမှတ်အထက်ဆက်လက်တည်ရှိနိုင်သည်။

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန်တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် ဖောင်းပြင်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ၁ စင်တီမီတာကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ၂ ပေခန့်မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မိုးကောင်းမြို့၊ ဗန်းမော်မြို့၊ ရွှေကူမြို့၊ ခန္တီးမြို့၊ ဟုမ္မလင်းမြို့နှင့် ဖောင်းပြင်မြို့နယ်တို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

(မိုး/ဇလ)

နေပြည်တော် ဇူလိုင် ၃

# ဧရာဝတီမြစ်ရေနှင့်ချင်းတွင်းမြစ်ရေ ကသာမြို့နှင့်မော်လိုက်မြို့တို့တွင် စိုးရိမ်ရေမှတ်သို့ရောက်ရှိနိုင်

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန်တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ကသာမြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ်အောက် ၁ ပေခန့်(၃၁ စင်တီမီတာ)တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက် ၁၂ နာရီအတွင်း ယင်းမြို့၏စိုးရိမ်ရေမှတ်သို့ရောက်ရှိနိုင်သည်။

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန်တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် မော်လိုက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ၅ ပေခွဲခန့် (၁၆၅ စင်တီမီတာ) တွင်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ကသာမြို့နယ်နှင့်မော်လိုက်မြို့နယ်တို့အတွင်းရှိ မြစ်ကမ်းအနီးနှင့်မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန်အကြံပြုအပ်ပါသည်။

(မိုး/ဇလ)

နေပြည်တော်   ဇူလိုင်   ၃

# နေပြည်တော်ကောင်စီနယ်မြေ၊ လယ်ဝေးမြို့နယ်တွင် ငွေကျပ် ၂၀ ဒသမ ၁၆ ဘီလီယံတန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁၃ ဒသမ ၄၄ သန်း သယ်ဆောင်သည့် ဂိုဏ်းအဖွဲ့အား ဖော်ထုတ်ဖမ်းဆီးရမိ



ဖမ်းဆီးရမိသူများအား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

ဖမ်းမိတရားခံများ



ဝေမင်းဖြိုး(ခ)အုန်းအုန်းနိုင်

ဇေယျာကျော်   ဟိန်းကျော်မင်း   မြတ်ပိုင်သူ   ဖြိုးစည်သူဟိန်း

အောင်အောင်(ခ)အောင်ကြီး   နွယ်နီသင်း   ရဲဒွေးလှိုင်(ခ)ဗလ   မြင့်အောင်

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇွန်လ ၂၅ ရက်နေ့ နံနက် ၇ နာရီအချိန် နေပြည်တော်ကောင်စီနယ်မြေ၊ လယ်ဝေးမြို့နယ်၊ ရန်ကုန်-မန္တလေးလမ်းဟောင်း၊ တောင်စဉ်အေးစစ်ဆေးရေးစခန်းတွင် ပျဉ်းမနားဘက်မှ ရေနီဘက်သို့ ဇေယျာကျော် မောင်းနှင်ပြီး ဟိန်းကျော်မင်း လိုက်ပါလာသည့် LIGHT TRUCK မော်တော်ယာဉ်ကို သတင်းအရရှာဖွေရာ ယာဉ်ပေါ်တွင် ကြက်စာအိတ်များဖြင့် ဖုံးအုပ်သယ်ဆောင်လာသည့် ဒေသကာလတန်ဖိုးငွေကျပ် ၂၀ ဒသမ ၁၆ ဘီလီယံတန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁၃ ဒသမ ၄၄ သန်း သိမ်းဆည်းရမိခဲ့ပါသည်။ စစ်ဆေးဖော်ထုတ်ချက်များအရ စိတ်ကြွရူးသွပ်ဆေးပြားများ ကလောမှပျော်ဘွယ်သို့ သယ်ဆောင်ရာ၌ ပူးပေါင်းပါဝင်သူများဖြစ်ကြသည့် မြတ်ပိုင်သူ၊ ဖြိုးစည်သူဟိန်းနှင့် အောင်အောင်(ခ)အောင်ကြီးတို့ ၃ ဦးအား ရမည်းသင်းမြို့နယ်၊ တွင်းကျေးရွာအနီးတွင်သယ်ဆောင်ခဲ့သည့် NISSAN BOX မော်တော်ယာဉ်တစ်စီးနှင့်လည်းကောင်း၊ စိတ်ကြွရူးသွပ်ဆေးပြားများသယ်ဆောင်ရာတွင် ပူးပေါင်းပါဝင်သည့် နွယ်နီသင်း၊ ရဲဒွေးလှိုင်(ခ)ဗလနှင့် မြင့်အောင်တို့ ၃ ဦးအား ပျဉ်းမနားမြို့၊ ရွာကောက်ရပ်ကွက်ရှိ မိုတယ်တွင် TOYOTA WILL မော်တော်ယာဉ်တစ်စီး၊ TOYOTA ESTIMA မော်တော်ယာဉ်တစ်စီးနှင့်လည်းကောင်း၊ မူးယစ်ဆေးဝါးများသယ်ဆောင်ရာတွင် စီမံဆောင်ရွက်သူ ဝေမင်းဖြိုး(ခ)အုန်းအုန်းနိုင်အား ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ (၁)ရပ်ကွက်တွင်လည်းကောင်း အသီးသီးဖမ်းဆီးရမိခဲ့ပါသည်။ ဆက်လက်စစ်ဆေးဖော်ထုတ်ချက်များအရ သိမ်းဆည်းရမိစိတ်ကြွရူးသွပ်ဆေးပြားများအား ရှမ်းပြည်နယ်မှ ရန်ကုန်တိုင်းဒေသကြီးသို့ ဂိုဏ်းဖွဲ့သယ်ဆောင်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့အား ဥပဒေအရအရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်းနှင့် အမှုတွင်ဆက်စပ်ပါဝင်သူများ၏ပိုင်ဆိုင်မှုများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းနိုင်ရေးအတွက် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေဖြင့် အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်းရရှိသည်။

(၁၀၀)

နေပြည်တော်   ဇူလိုင်   ၃

## ဆီဆိုင်မြို့နယ် ထီဗွာကျေးရွာနှင့် ကယန်းလေးကျေးရွာတို့ကို လုံခြုံရေးပူးပေါင်းတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးခဲ့ကြောင်း သတင်းတု၊ သတင်းအမှားများ လုပ်ကြံရေးသားဖြန့်ဝေ

ရှမ်းပြည်နယ်တောင်ပိုင်း၊ ဆီဆိုင်မြို့နယ်ရှိ ထီဗွာကျေးရွာနှင့် ကယန်းလေးကျေးရွာတို့ကို ဇွန်လ ၂၇ ရက်နေ့က လုံခြုံရေးပူးပေါင်းတပ်ဖွဲ့ဝင်များမှ မီးရှို့ဖျက်ဆီးခဲ့သဖြင့် ဒေသခံနေအိမ် ၁၆ လုံးထက်မနည်း မီးလောင်ပျက်စီးခဲ့သည်ဟု သတင်းတု၊ သတင်းအမှားများကို တရားမဝင်ပြည်ဖျက်မီဒီယာများက လုပ်ကြံရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။




အဆိုပါသတင်းနှင့်ပတ်သက်၍ လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ ထီဗွာကျေးရွာနှင့် ကယန်းလေးကျေးရွာတို့မှ ဒေသခံနေအိမ်များကို လုံခြုံရေးပူးပေါင်းတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးခဲ့သည်မှာ မှန်ကန်မှုမရှိကြောင်းနှင့် ၎င်းကျေးရွာများတွင် မည်သည့်မီးလောင်ပျက်စီးမှုမှ ဖြစ်ပွားခဲ့ခြင်း မရှိကြောင်း သိရှိရသည်။

ဆီဆိုင်မြို့နယ်အတွင်း PNLA အကြမ်းဖက်သမားများ၏ အကြမ်းဖက်လုပ်ရပ်များကြောင့် ကျေးရွာများမီးလောင်ပျက်စီးခဲ့ရပြီး ဒေသခံပြည်သူများယာယီနေရပ်စွန့်ခွာ တိမ်းရှောင်နေလျက်ရှိသည့်အတွက် နယ်မြေခံတပ်မတော်သားများ၊ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများပူးပေါင်း၍ လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့မှုကြောင့် ဒေသခံတိုင်းရင်းသားများ ပြန်လည်ဝင်ရောက်နေထိုင်လျက်ရှိသည်ကို တရားမဝင်ပြည်ဖျက်မီဒီယာများက ဒေသတည်ငြိမ်အေးချမ်းမှုမရှိစေရန်နှင့် ပြည်သူများ အထင်အမြင်လွဲမှားစေရန်အတွက် ယခုကဲ့သို့ သတင်းတု၊ သတင်းအမှားများ လုပ်ကြံရေးသားပြီး ဝါဒဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သိရှိရသည်။

(၁၀၀)

ရန်ကုန်   ဇူလိုင်   ၃

## မြန်မာနေရှင်နယ်လိဂ်ယူ-၂၀ ပြိုင်ပွဲ ပွဲစဉ်(၅)တွင် ရှမ်းယူနိုက်တက်အသင်းက မြဝတီအက်ဖ်စီအသင်းကို ငါးဂိုးပြတ်အနိုင်ရရှိ

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ်ကော်မတီက ကြီးမှူးကျင်းပလျက်ရှိနေသည့် မြန်မာနေရှင်နယ်လိဂ်ယူ-၂၀ ပြိုင်ပွဲ ပွဲစဉ်(၅)ပွဲစဉ်များကို ယနေ့ညနေ ၃ နာရီခွဲတွင် ရန်ကုန်မြို့၌ကျင်းပခဲ့ရာ ရှမ်းယူနိုက်တက်ယူ-၂၀ အသင်းက မြဝတီအက်ဖ်စီယူ-၂၀ အသင်းကို ငါးဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။



မြန်မာနေရှင်နယ်လိဂ်ယူ-၂၀ ပြိုင်ပွဲ ပွဲစဉ်(၅)အဖြစ် ယနေ့ညနေ ၃ နာရီခွဲတွင် ရန်ကုန်မြို့ စလင်းအားကစားကွင်း၌ ရှမ်းယူနိုက်တက်ယူ-၂၀ အသင်းနှင့် မြဝတီအက်ဖ်စီယူ-၂၀ အသင်းတို့ကစားခဲ့ရာ ရှမ်းယူနိုက်တက်ယူ-၂၀ အသင်းက ငါးဂိုး ဂိုးမရှိဖြင့်အနိုင်ရရှိခဲ့ပြီး ရှမ်းယူနိုက်တက်ယူ-၂၀ အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၁၇ မိနစ်၊ ၄၆ မိနစ်နှင့် မိနစ် ၆၀ တို့တွင် ကောင်းခန့်ဟိန်းကလည်းကောင်း၊ ပွဲချိန် ၂၆ မိနစ်တွင် စိုင်းဇွန်ဆန်းကလည်းကောင်း၊ ပွဲချိန် ၅၆ မိနစ်တွင် ဟိန်းသန့်ကလည်းကောင်း အသီးသီးသွင်းယူပေးနိုင်ခဲ့သည်။

အလားတူ ပဒုမ္မာအားကစားကွင်း၌ ဒဂုံပေါ့ယူ-၂၀ အသင်းနှင့် ဒဂုံစတားယူ-၂၀ အသင်းတို့ကစားခဲ့ရာ နှစ်ဂိုးစီသရေရလဒ် ထွက်ပေါ်ခဲ့ပြီး ဒဂုံပေါ့ယူ-၂၀ အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၂၉ မိနစ်တွင် စည်သူအောင်၊ ပွဲချိန် ၄၆ မိနစ်တွင် ဝိုင်းဝိုင်းချစ်၊ ဒဂုံစတားအသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၄ မိနစ်နှင့် ၂၆ မိနစ်တို့တွင် ဖြိုးခန့်ငြိမ်းကလည်းကောင်း၊ တောင်ဒဂုံအားကစားကွင်း၌ ရခိုင်ယူနိုက်တက်ယူ-၂၀ အသင်းနှင့် ဧရာဝတီယူနိုက်တက်ယူ-၂၀ အသင်းတို့ကစားခဲ့ရာ တစ်ဂိုးစီသရေရလဒ် ထွက်ပေါ်ခဲ့ပြီး ရခိုင်ယူနိုက်တက်ယူ-၂၀ အသင်းအတွက် သွင်းဂိုးကို ပွဲချိန်မိနစ် ၃၀ တွင် ဂျေကေဖြိုးနှင့် ဧရာဝတီယူနိုက်တက်ယူ-၂၀ အသင်းအတွက် သွင်းဂိုးကို ပွဲချိန် ၃၄ မိနစ်တွင် ဝိုင်းသက်ပိုင်က သွင်းယူပေးနိုင်ခဲ့သည်။


မြန်မာနေရှင်နယ်လိဂ်ယူ-၂၀ ပြိုင်ပွဲ ပွဲစဉ်(၅)ပွဲစဉ်များအဖြစ် ဇူလိုင်လ ၄ ရက် ညနေ ၃ နာရီခွဲတွင် စလင်းအားကစားကွင်း၌ ရန်ကုန်ယူနိုက်တက်ယူ-၂၀ အသင်းနှင့် ISPE ယူ-၂၀ အသင်း၊ တောင်ဒဂုံအားကစားကွင်း၌ ရတနာပုံအက်ဖ်စီယူ-၂၀ အသင်းနှင့် မဟာယူနိုက်တက်ယူ-၂၀ အသင်း၊ ပဒုမ္မာအားကစားကွင်း၌ သစ္စာအားမာန်အသင်းနှင့် Junior Lions အသင်းတို့ အသီးသီးကစားသွားမည်ဖြစ်ကြောင်း သိရသည်။

**စည်သူအောင်**


နိုင်ငံတကာရှိ ဟိုတယ်၊ Coffee Shop များတွင် နှစ်မြိုက်မက်မောစွာ အသုံးပြုနေသော
သဘာဝအစစ်မို့ အရသာထူး စိတ်ရွှင်ကြည်နူး ....
ရွှေဖီဦး BLACK TEA (နောင်တရား) ကို
Export Quality အဆင့်မီစွာ
ထုတ်လုပ်ဖြန့်ဖြူးလျက်ရှိပါသည်။
Tea Mix
Black Tea
ရွှေဖီဦး
Lemon Tea
SHWE PHE OO
Lemon Tea
(ASEAN-OSHNET AWARD) တွင်
BEST Practices Award ရရှိခဲ့သည့် ရွှေဖီဦး
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၃၀၈၆၁၆၅၅၊ ၀၉ ၄၂၀၂၁၉၄၃၆
STARMART nine mile Showroom -(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန်-မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇


ISO 9001:2008 Cert. No.683099
ဘေးကင်းစိတ်ချ လုံခြုံမှုရစေတာ
COPPER
99.99%
SIGMA
CABLE & WIRE
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၄၄၃၃၆၃၃၉၉၊ ၀၉ ၄၅၀၀၁၈၉၆၂
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART Nay Pyi Taw - ရန်ကုန်-မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇
STARMART MANDALAY Wholesale -၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀


အင်ငါးခွ သကြားစက်မှထုတ်လုပ်သည်
အင်ငါးခွ
INNGAGWA
White Sugar
EXPORT
QUALITY
09-691540716
inngagwasugarmail2018@gmail.com
FDANo,85/21337/၈၀၈
တောင်သူစိုက်ပျိုး စီးပွားတိုးဖို့ ပြည်တွင်းသကြားကို အားပေးစို့


AVAILABLE SERVICES
Inland Container Depot
Warehouse Service
Customs Freight Station Service
Trucking Service
Logistic Service
Multi-modal Transportation Services
LPM
LANN PYI MARINE
COMPANY LIMITED
No. 55/61, Strand Road, Botahtaung Township, Yangon, Myanmar
Tel. 01 8372879, 8373013 Fax. 095 1 8373011
Email. lannpyi.hq@lpm-myanmar.com, lannpyi.icd@lpm-myanmar.com

❖ မိမိတို့တပ်မတော်သည် တိုင်းပြည်၏နေရာဒေသအသီးသီးက တိုင်းရင်းသားပြည်သူများ စုစည်းနေထိုင် တာဝန်ထမ်းဆောင်ခြင်းဖြစ်သည့်အတွက် မိသားစုစိတ်ဓာတ်မွေးမြူပြီး စည်းလုံးညီညွတ်မှုရှိကြရမည်ဖြစ်ပြီး စုပေါင်းအားသည် ထုကိုရရှိစေပြီး ခိုင်မာမှုကိုပိုမိုရရှိစေ . . .

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၈ ရက်နေ့တွင်ပြုလုပ်သော စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၆၅)သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနား မိန့်ခွန်းပြောကြားမှုမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကိုအားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံးအသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကိုမြှင့်တင်ဆောင်ရွက်ရေး။

# အကြမ်းဖက်သောင်းကျန်းသူများက လားရှိုးမြို့အတွင်းသို့ ရှော့တိုက်ဒုံးများဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့မှုကြောင့် ဒေသခံပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိ

**နေပြည်တော် ဇူလိုင် ၃**

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့အတွင်းသို့ အကြမ်းဖက်သောင်းကျန်းသူများက ရှော့တိုက်ဒုံးများဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့မှုကြောင့် လားရှိုးမြို့၊ ရပ်ကွက်(၁)၊ နယ်မြေ(၃)အတွင်းသို့ ကျရောက်ပေါက်ကွဲခဲ့ပြီး အသက်(၁၂)နှစ်နှင့် (၁၄)နှစ်အရွယ်ကလေး ၃ ဦး အပါအဝင် ဒေသခံပြည်သူ ၆ ဦးသေဆုံးခဲ့ကြောင်း သိရှိရသည်။

ဖြစ်စဉ်မှာ အကြမ်းဖက်သောင်းကျန်းသူများသည် ယနေ့နံနက် ၆ နာရီ ၄၅ မိနစ်ခန့်တွင် လားရှိုးမြို့အတွင်းသို့ မြို့၏အရှေ့မြောက်ဘက် မီတာ ၄၀၀၀ ခန့်အကွာမှ ရှော့တိုက်ဒုံးများဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ရာ အဆိုပါအကြမ်းဖက်သောင်းကျန်းသူများ ပစ်ခတ်တိုက်ခိုက်ခဲ့သည့် ဒုံးသီးများသည် လားရှိုးမြို့၊ ရပ်ကွက်(၁)၊ နယ်မြေ(၃)၊ သာယာလမ်းပေါ်ရှိ လူနေအိမ်ပေါ်သို့

စာမျက်နှာ ၂၂ ကော်လံ ၃ ☐

# မြစ်ကြီးနားမြို့၌ မြစ်ရေပြန်လည်ကျဆင်းသွားပြီး စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများဆောင်ရွက်၊ ဗန်းမော်မြို့နယ်၊ ရွှေကူမြို့နယ်နှင့် ခန္တီးမြို့တို့ရှိ ရပ်ကွက်၊ ကျေးရွာများမှ ရေဘေးသင့်ပြည်သူများအား ရေဘေးကင်းလွတ်ရာသို့ကူညီရွှေ့ပြောင်း၊ စားသောက်ဖွယ်ရာများထောက်ပံ့ပေးအပ်

**နေပြည်တော် ဇူလိုင် ၃**

ကချင်ပြည်နယ်အတွင်း မိုးသည်းထန်စွာရွာသွန်းမှုများကြောင့် ဧရာဝတီမြစ်ရေမြင့်တက်လာမှုကြောင့် မြစ်ကြီးနားမြို့ပေါ်ရှိ ရပ်ကွက်များနှင့် ကျေးရွာများအတွင်းသို့ ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့သည်။

ယနေ့မွန်းတည့် ၁၂ နာရီတွင် စိုးရိမ်ရေအမှတ် ၁၃၆၈ စင်တီမီတာမှ ၉၉၂ စင်တီမီတာသို့ မြစ်ရေပြန်လည်ကျဆင်းခဲ့သဖြင့်

စာမျက်နှာ ၂၂ ကော်လံ ၁ ♦



မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများက ရေဘေးသင့်ပြည်သူများအား ရေဘေးကင်းလွတ်ရာသို့ ကူညီရွှေ့ပြောင်းပေးစဉ်။

**PDF အမည်ခံအကြမ်းဖက်သမားများက တောင်သာ-နွားထိုးကြီးသွားကားလမ်းပေါ်၌ သွားလာလျက်ရှိသည့် "ပိုင် TTA" ခရီးသည်နှင့် ကုန်စည်ပို့ဆောင်ရေးမော်တော်ယာဉ်များကိုလုယက်ယူဆောင်**

စာ - ၂၇ သို့

**နေပြည်တော်ကောင်စီနယ်မြေ၊ လယ်ဝေးမြို့နယ်တွင် ငွေကျပ် ၂၀ ဒသမ ၁၆ ဘီလီယံတန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁၃ ဒသမ ၄၄ သန်း သယ်ဆောင်သည့် ဂိုဏ်းအဖွဲ့အား ဖော်ထုတ်ဖမ်းဆီးရမိ**

စာ - ၃၀ သို့

